# မြဝတီ နေ့စဉ်

သတင်းစုံသည်၊ မှန်သည်၊ မြန်သည် အားလုံးအတွက်မြဝတီ

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၅)၊ အမှတ်(၂၉၈)

၁၃၈၇ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၉ ရက်
၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီ ၁၀ ရက်၊ အင်္ဂါနေ့


**မြတ်ဗုဒ္ဓ၏အဆုံးအမတရား**

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြာပန်း၊ မြတ်လေးပန်း စသောပန်းနံ့သာတို့ထက် သီလတည်းဟူသောအနံ့သည် အတုမရှိ ထူးကဲလွန်မြတ်၏။ **ဓမ္မပဒ**

**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကိုအလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့်အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များအောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်ဝန်ကြီးချုပ်များအား တွေ့ဆုံအမှာစကားပြောကြား

## နိုင်ငံတော်၏ဂုဏ်သိက္ခာအတွက် နိုင်ငံကြီးသားပီသစွာမဲပေးခဲ့ကြသည့်ပြည်သူများ၊ ရွေးကောက်ပွဲကို စနစ်တကျအောင်မြင်စွာ ကျင်းပနိုင်ခဲ့သည့် ရွေးကောက်ပွဲကော်မရှင်နှင့်တာဝန်ရှိသူများအား နိုင်ငံတော်က အသိအမှတ်ပြုကျေးဇူးတင်





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၉**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များအား ယနေ့မွန်းလွဲပိုင်းတွင် အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီရုံးအစည်းအဝေးခန်းမ၌ တွေ့ဆုံအမှာစကားပြောကြားသည်။

**စာမျက်နှာ ၁၆ ကော်လံ ၁** ★


ဘိလပ်မြေစက်ရုံ(တန်-၄၀၀၀) မြိုင်ကလေး နှင့် ဘိလပ်မြေစက်ရုံ(တန်-၁၂၀၀) ပြည်ညောင်တို့ မှ ထုတ်လုပ်သော **ကြံ့၊ ဆင်နှစ်ကောင်၊ Blue Diamond** နှင့် **မြင်းပျံ** အမှတ်တံဆိပ် ဘိလပ်မြေများအား

**စက်ရုံ နှင့် အရောင်းကိုယ်စားလှယ်များထံမှ စက်ရုံဈေးဖြင့် ဝယ်ယူရရှိနိုင်ပါသည်။**

**ဘိလပ်မြေစက်ရုံ(တန်-၄၀၀၀)**

ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၄၄၉၂၅၂၃၂၇
အရောင်းကိုယ်စားလှယ် - ဖုန်း - ၀၉ ၇၇၇၀၀၂၇၀၄၊ ၀၉၇၇၇၀၀၄၀၉၇

**ဘိလပ်မြေစက်ရုံ(တန်-၁၂၀၀)**

ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၇၇၇၀၀၄၇၄၀
အရောင်းကိုယ်စားလှယ် - ဖုန်း - ၀၉ ၇၇၇၀၀၂၆၇၀



## အယ်ဒီတာ့အာဘော်

(၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီ ၁၀ ရက်)

# ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ဈေးရောင်းပွဲတော်

၂၀၂၆ ခုနှစ် (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီလ ၈ ရက် နံနက်ပိုင်းတွင် နေပြည်တော်ရင်ပြင်၌ ကျင်းပပြုလုပ်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်ချီးမြှင့်ဖွင့်လှစ်ပေးခဲ့သည်။

အဆိုပါပွဲတော်ကို နိုင်ငံစီးပွားဖွံ့ဖြိုးတိုးတက်စေရေးအတွက် အဓိကကျောရိုးဖြစ်သည့် MSME များကို အားပေးမြှင့်တင်ခြင်းဖြင့် နိုင်ငံသားတို့၏လူမှုစီးပွားဘဝမြင့်မားလာစေရန်၊ စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍမှ ကုန်ကြမ်းများကိုအခြေခံ၍ တန်ဖိုးမြှင့်ထုတ်ကုန်ပစ္စည်းများထုတ်လုပ်လာနိုင်စေရန်၊ ပြည်တွင်းကုန်ထုတ်လုပ်မှုကိုအားပေးခြင်းဖြင့် ပြည်တွင်းစီးပွားရေးကိုအားပေးမြှင့်တင်ရန်၊ ပြည်ပသွင်းကုန်များကိုလျှော့ချရေးနှင့် သွင်းကုန်အစားထိုးထုတ်လုပ်လာနိုင်စေရန်၊ ပြည်တွင်းစီးပွားရေးကောင်းမွန်လာစေပြီး အလုပ်အကိုင်အခွင့်အလမ်းပေါများလာစေရန်၊ ဒေသအလိုက် ဒေသတစ်ခုထုတ်ကုန်တစ်ခု(OROP)အစီအစဉ်များအောင်မြင်ရေးအတွက် အားပေးမြှင့်တင်ရန်၊ MSME များနှင့်ပြည်တွင်း/ပြည်ပရင်းနှီးမြှုပ်နှံသူများ ပိုမိုချိတ်ဆက်ပူးပေါင်းဆောင်ရွက်လာစေရန် စသည့်ရည်ရွယ်ချက်များဖြင့်ကျင်းပခြင်းဖြစ်သည်။

အဆိုပါပွဲတော်မှာ စီးပွားရေးဖွံ့ဖြိုးမှုသက်သက်သာမက ဒေသအသီးသီးမှလုပ်ငန်းရှင်အချင်းချင်း ချစ်ခင်ရင်းနှီးမှု၊ စည်းလုံးညီညွတ်မှု၊ ရိုင်းပင်းကူညီမှု၊ ရိုးရာဓလေ့ယဉ်ကျေးမှုများ၊ ဗဟုသုတများဖလှယ်ရရှိမှု၊ ဈေးကွက်ချိတ်ဆက်နိုင်မှု၊ ပြည်တွင်းထုတ်ကုန်များကို တန်ဖိုးမြှင့်ထုတ်ကုန်များအဖြစ် တိုးတက်ထုတ်လုပ်နိုင်ခြင်းအားဖြင့် ပြည်ပဈေးကွက်သို့ချိတ်ဆက်နိုင်မည့်အကျိုးကျေးဇူးများရရှိနိုင်မည်ဖြစ်သည်။ MSME ဆိုသည်မှာကုန်ထုတ်လုပ်ခြင်း၊ ဝန်ဆောင်မှုပေးခြင်း၊ ကုန်ပစ္စည်းရောင်းဝယ်ခြင်းလုပ်ကိုင်နေကြသော အသေးစားလုပ်ငန်းများနှင့်လက်လီဆိုင်များမှအစ အသေးစားထုတ်လုပ်ရေးစက်ရုံများအဆုံး အားလုံးကို ခြုံငုံခေါ်ဆိုခြင်းဖြစ်သည်။ ဤလုပ်ငန်းများသည် စီးပွားရေးအပြင် အလုပ်အကိုင်အခွင့်အလမ်းပေးခြင်းတို့အတွက်ပါ အလွန်အရေးကြီးလှသည်။ နိုင်ငံတိုင်းတွင်MSMEများကိုအားပေးကြသောအဓိကအကြောင်းရင်းမှာ အဆိုပါလုပ်ငန်းများသည် နိုင်ငံ့စီးပွားရေး၏ အဓိကကျောရိုးဖြစ်နေသောကြောင့်ပင်ဖြစ်သည်။

၂၀၂၆ ခုနှစ် (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ဈေးရောင်းပွဲတော်တွင် ဝန်ကြီးဌာနပြခန်းများ၊ နေပြည်တော်အပါအဝင် တိုင်းဒေသကြီး/ပြည်နယ် MSME ထုတ်ကုန်ပြခန်းများ၊ တိုင်းရင်းသားရိုးရာအစားအစာရောင်းချသည့်ဆိုင်ခန်းများ၊ လုပ်ငန်း/စီးပွားချိတ်ဆက်မှုများ (Business Matching)၊ နည်းပညာပြခန်းများ၊ လယ်ယာသုံးစက်ပစ္စည်းနှင့် ထုတ်ကုန်ပြခန်းများ၊ အသေးစားစက်မှုလက်မှုလုပ်ငန်းနှင့် ကုန်ထုတ်သမဝါယမပြခန်းများ၊ အသင်းအဖွဲ့ပြခန်းများ၊ Solar Farm များ၊ SKD ဦးစားပေးလျှပ်စစ်သုံးမော်တော်ယာဉ်/ မော်တော်ဆိုင်ကယ်/ သုံးဘီးဆိုင်ကယ်ပြခန်းများ၊ အထည်ချုပ်ပြခန်းများ၊ ကုမ္ပဏီပြခန်းများအပါအဝင် စုစုပေါင်းပြခန်းပေါင်း ၁၂၀ ကျော်ဖြင့် ပြသရောင်းချလျက်ရှိသည်။ ထုတ်ကုန်ပြပွဲနှင့်ဈေးရောင်းပွဲတော်အား ဖေဖော်ဝါရီလ ၁၃ ရက်အထိ ကျင်းပသွားမည်ဖြစ်ရာ ပြည်သူများလာရောက်လေ့လာကြည့်ရှုဝယ်ယူနိုင်ပြီဖြစ်သည်။

မြန်မာနိုင်ငံကဲ့သို့ စိုက်ပျိုးရေးကိုအခြေခံသောနိုင်ငံအတွက် MSME ကို ဖွံ့ဖြိုးအောင်လုပ်ဆောင်သည့်နေရာတွင် အခြားနိုင်ငံများနှင့်မတူဘဲ စိုက်ပျိုးရေးနှင့်ဆက်စပ်သောလုပ်ငန်းများကို အဓိကထားစဉ်းစားလုပ်ဆောင်ပေးနေခြင်းဖြစ်သည်။ MSME များကိုအောင်မြင်အောင်လုပ်ဆောင်ရာတွင် မြန်မာနိုင်ငံ၏ အားသာချက်ဖြစ်သောစိုက်ပျိုးရေးကစတင်ရမည်ဖြစ်သည်။ လယ်ယာထွက်ကုန်များကို မူလအတိုင်းရောင်းချခြင်းထက် ပြုပြင်ပြီးတန်ဖိုးမြှင့်ထုတ်လုပ်ကာ ဈေးကွက်ရှာဖွေဆောင်ရွက်နိုင်ခြင်းမှာ အောင်မြင်မှု၏အဓိကသော့ချက်ပင်ဖြစ်သည်။

**“နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့”**ဆိုသည့် ဆောင်ပုဒ်သည် MSME လုပ်ငန်းများအတွက် ပြည်တွင်းထုတ်ကုန်များကိုတန်ဖိုးမြှင့်ရန်နှင့် ပြည်ပမှီခိုမှုလျှော့ချရန်အသိပေးနေသကဲ့သို့ဖြစ်သည်။ အဆိုပါဆောင်ပုဒ်အတိုင်း လုပ်ကိုင်ဆောင်ရွက်သွားမည်ဆိုပါက ကျေးရွာများတွင် စီးပွားရေးအသက်ဝင်လာပြီး နိုင်ငံတစ်ခုလုံးစီးပွားရေးတိုးတက်လာမည်မှာအမှန်ဖြစ်သည်။ လယ်ယာကဏ္ဍတွင် ခေတ်ပညာတတ်လူငယ်များနှင့်တောင်သူများပေါင်းစည်းပြီး MSME လုပ်ငန်းများဖြစ်ထွန်းလာစေခြင်းသည် မြန်မာနိုင်ငံ၏အနာဂတ်အတွက်၊ စီးပွားရေးအတွက် အခွင့်အလမ်းကောင်းတစ်ရပ်ဖြစ်သည်။

မြန်မာနိုင်ငံသည်စစ်မှန်၍စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်နှင့်အတူ ဈေးကွက်စီးပွားရေးကို ကျင့်သုံးလျက်ရှိသည့်နိုင်ငံဖြစ်သည်။ နိုင်ငံစီးပွားရေးမောင်းနှင်အားဖွံ့ဖြိုးတိုးတက်ကောင်းမွန်လာစေရေးအတွက် ပြည်တွင်းကုန်ထုတ်လုပ်မှုများတိုးတက်နေရမည်ဖြစ်သည်။ ပြည်ထောင်စုနေ့အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ဈေးရောင်းပွဲတော်သည် နိုင်ငံ့စီးပွားရေးတိုးတက်မှုကိုဖော်ပြနေသည့်အသွင်သဏ္ဌာန်လည်းဖြစ်ပါကြောင်းဂုဏ်ပြုရေးသားလိုက်ရပေသည်။ ။

## ၂၀၂၆ ခုနှစ်၊ (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

၁။ နိုင်ငံတော်၏ အမျိုးသားရေးရည်မှန်းချက်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် တိုင်းရင်းသားပြည်သူအားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

၂။ တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ အောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် နိုင်ငံတော်အစိုးရ၊ တပ်မတော်တို့နှင့်အတူ တိုင်းရင်းသားလူမျိုးများအားလုံး လက်တွဲပူးပေါင်းဆောင်ရွက်ရေး။

၃။ နိုင်ငံတော်အတွင်းတရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့် ညီမျှခြင်းတည်းဟူသော လောကပါလတရားများ ထွန်းကားလျက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ထာဝရငြိမ်းချမ်းရေးတည်ဆောက်နိုင်ရန် အတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

၄။ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ ရင်းနှီးချစ်ကြည်မှု၊ ယုံကြည်မှု၊ စည်းလုံးညီညွတ်မှု၊ စုစည်းလုပ်ဆောင်မှုတို့ဖြင့် စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကိုကျင့်သုံးပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်ရေး။

၅။ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ဖြစ်ပေါ်လာရေးနှင့် တိုင်းရင်းသားများ၏ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်အောင် ဝိုင်းဝန်းဖော်ဆောင်ရေး။

# ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၏ (၁၈)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်ကျင်းပမည်

**နေပြည်တော် ဖေဖော်ဝါရီ ၉**

နေပြည်တော်ကောင်စီနယ်မြေရှိ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၏ (၁၈)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်ကြီးကို စေတီတော်မြတ်ကြီး၏ ပွဲတော်ကွင်းအတွင်း၌ ၁၃၈၇ ခုနှစ် တပေါင်းလဆန်း ၉ ရက်မှ တပေါင်းလပြည့်နေ့အထိ (ဖေဖော်ဝါရီလ ၂၄ ရက်မှ မတ်လ ၂ ရက်အထိ)ခုနစ်ရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာကျင်းပမည်ဖြစ်သည်။

ထိုသို့ကျင်းပရာတွင် ၂၀၂၆ ခုနှစ်ဖေဖော်ဝါရီလ ၂၄ ရက်မှ ၂၆ ရက်အထိ ပွဲဦးသစ်ဇာတ်သဘင်ဖျော်ဖြေမှု၊ ဖေဖော်ဝါရီလ ၂၇ ရက်မှ ၂၈ ရက်အထိ တေးပဒေသာဂီတဖျော်ဖြေမှု၊ မတ်လ ၁ ရက်မှ ၂ ရက်အထိ ရွှေပြည့်လျှံဇာတ်သဘင်ဖျော်ဖြေမှုများပါဝင်မည့်အပြင် ရဟတ်၊ ပျော့ပျော့အိအိကလေးကစားကွင်းများနှင့် ဈေးဆိုင်ခန်းများ စုံလင်စွာထည့်သွင်းကျင်းပမည်ဖြစ်ကြောင်း ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးစေတီတော် ဂေါပကအဖွဲ့ထံမှသိရသည်။

မြဝတီ

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၀-၂-၂၀၂၆(အင်္ဂါနေ့)

| | | | | | |
|---|---|---|---|---|---|
| ၁။ | ၀၆:၀၀ | တရားတော် | ၉။ | ၁၅:၀၀ | တစ်ချိန်ကသူတို့အကြောင်း |
| ၂။ | ၀၈:၀၀ | ၁၂ လရာသီမှတ်တမ်း | ၁၀။ | ၁၆:၀၀ | မျိုးချစ်တပ်မတော် |
| ၃။ | ၀၉:၀၀ | ရင်မှာစွဲလမ်းတော်ဝင်ပန်း | ၁၁။ | ၁၇:၀၀ | မှတ်သားလိုက်နာပုံပမာ |
| ၄။ | ၁၀:၀၀ | သစ်တောသယံဇာတနှင့် သဘာဝပတ်ဝန်းကျင် | ၁၂။ | ၁၈:၀၀ | နှပျိုလှပကျန်းမာဖို့ လမ်းလျှောက်ကြပါစို့ |
| ၅။ | ၁၁:၀၀ | သီချင်းလက်ဆောင် | ၁၃။ | ၁၈:၃၀ | **ထုတ်လွှင့်ပြန်ကြားသတင်းမှန်များ** |
| ၆။ | ၁၂:၀၀ | ကျန်းမာသုတ | | | |
| ၇။ | ၁၃:၀၀ | အမှတ်တရနေ့ရက်များ | ၁၄။ | ၁၉:၀၀ | **CGTN Nature အပိုင်း(၃၇)** |
| ၈။ | ၁၄:၀၀ | ဝေမျှဆွေးနွေးလူငယ့်အရေး | ၁၅။ | ၂၀:၀၀ | မြဝတီရုပ်မြင်သံကြားသတင်း |

## သဇင်(FM) အသံလွှင့်အစီအစဉ်

၁၀-၂-၂၀၂၆(အင်္ဂါနေ့)

၁။ ၀၈:၀၀ နှလုံးသားဝယ် ဘုရားတည်
၂။ ၁၁:၅၀ လှပကျန်းမာ
၃။ ၁၄:၅၀ Speech On Air
၄။ ၁၆:၀၀ တပ်မတော်စာတိုက်ခန်း
၅။ ၁၇:၀၀ ထင်ရှားကျော်ကြားပုဂ္ဂိုလ်များ
၆။ ၂၁:၂၀ Memory Box

မြဝတီ နေ့စဉ်
The Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လှိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ နိုင်ငံရေးပါတီအလိုက် ခိုင်လုံမဲရရှိမှုအခြေအနေ ထုတ်ပြန်ကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

**ကြေညာချက်အမှတ် ( ၃၄ / ၂၀၂၆ )**

၁၃၈၇ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၈ ရက်

( ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၉ ရက် )

**၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ နိုင်ငံရေးပါတီအလိုက် ခိုင်လုံမဲရရှိမှု အခြေအနေ ထုတ်ပြန်ကြေညာခြင်း**

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့မှစတင်၍ အပိုင်းလိုက်ကျင်းပသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် ၂၆၃ နယ်၊ အမျိုးသားလွှတ်တော်မဲဆန္ဒနယ် ၉၉ နယ်၊ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်မဲဆန္ဒနယ် ၂၉၇ နယ်နှင့် တိုင်းရင်းသားလူမျိုးမဲဆန္ဒနယ် ၂၉ နယ်တို့တွင် ကျင်းပပြုလုပ်ခဲ့ပြီး လွှတ်တော်အလိုက် မဲဆန္ဒနယ်အသီးသီးတွင် ရွေးကောက်တင်မြှောက်ခံရသည့် လွှတ်တော်ကိုယ်စားလှယ်များ၊ ကိုယ်စားလှယ်လောင်းတစ်ဦးချင်းရရှိသည့် မဲရလဒ်များနှင့် ရာခိုင်နှုန်းများ၊ ပါတီအလိုက်ရရှိသည့် ကိုယ်စားလှယ်အရေအတွက်တို့ကို ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်ပါသည်။

၂။ ရွေးကောက်ပွဲတွင် နိုင်ငံရေးပါတီများအလိုက် ပါဝင်ယှဉ်ပြိုင်သည့် မဲဆန္ဒနယ်၊ ပါဝင်ယှဉ်ပြိုင်သည့် ကိုယ်စားလှယ်အရေအတွက်၊ ခိုင်လုံမဲရရှိမှုအခြေအနေ၊ ခိုင်လုံမဲရရှိမှုရာခိုင်နှုန်းနှင့် အနိုင်ရလွှတ်တော်ကိုယ်စားလှယ်အရေအတွက်တို့အား ပူးတွဲပါဇယားအတိုင်း ထုတ်ပြန်ကြေညာလိုက်သည်။

**ပူးတွဲ။** နိုင်ငံရေးပါတီအလိုက် ခိုင်လုံမဲရရှိမှုအခြေအနေဇယား ( ၂ ) ရွက်

**( ပုံ ) သန်းစိုး**

**ဥက္ကဋ္ဌ**

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

---

ပူးတွဲ

## ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ပါတီအလိုက် ခိုင်လုံမဲရရှိမှုအခြေအနေ

| စဉ် | နိုင်ငံရေးပါတီ/တစ်သီးပုဂ္ဂလ | ပါဝင်ယှဉ်ပြိုင်သည့် မဲဆန္ဒနယ် | ပါဝင်ယှဉ်ပြိုင်သည့် ကိုယ်စားလှယ် | ခိုင်လုံမဲ ရရှိမှု စုစုပေါင်း | ခိုင်လုံမဲ ရရှိမှု ရာခိုင်နှုန်း | အနိုင်ရ ကိုယ်စားလှယ် အရေအတွက် | မှတ်ချက် |
|---|---|---|---|---|---|---|---|
| ၁ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၆၈၇ | ၁၀၁၇ | ၅၈၀၄၀၂၅ | ၄၄.၁၉% | ၇၃၉ | |
| ၂ | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၄၆၆ | ၆၈၉ | ၁၇၄၄၉၄၃ | ၁၃.၂၈% | ၆၈ | |
| ၃ | ပြည်သူ့ပါတီ | ၃၆၃ | ၄၉၈ | ၁၁၅၅၈၁၇ | ၈.၈၀% | ၃၀ | |
| ၄ | ပြည်သူ့ရှေ့ဆောင်ပါတီ | ၄၆၆ | ၆၆၁ | ၁၀၀၀၈၁၅ | ၇.၆၂% | ၂၀ | |
| ၅ | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ (ကျားဖြူပါတီ) | ၃၈၆ | ၅၇၅ | ၈၀၂၄၁၄ | ၆.၁၁% | ၃၉ | |
| ၆ | မြန်မာနိုင်ငံတောင်သူလယ်သမား ဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၂၈၂ | ၄၂၁ | ၆၉၁၆၂၈ | ၅.၂၇% | ၆ | |
| ၇ | ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် (PNO)ပါတီ | ၂၉ | ၅၀ | ၃၃၁၃၃၁ | ၂.၅၂% | ၁၈ | |
| ၈ | မွန်ညီညွတ်ရေးပါတီ | ၂၄ | ၃၈ | ၁၄၅၇၈၆ | ၁.၁၁% | ၁၇ | |
| ၉ | ကရင်ပြည်သူ့ပါတီ | ၂၀ | ၂၉ | ၁၂၄၈၀၅ | ၀.၉၅% | ၃ | |
| ၁၀ | ဇမျိုးဆက်ကျောင်းသားလူငယ်များ (ပြည်ထောင်စုမြန်မာနိုင်ငံ)ပါတီ | ၁၇ | ၂၄ | ၁၀၀၈၈၃ | ၀.၇၇% | ၂ | |
| ၁၁ | ခနောတိုင်းရင်းသားလူမျိုးများဒီမိုကရေစီပါတီ | ၁၄ | ၂၆ | ၈၁၄၆၅ | ၀.၆၂% | ၅ | |
| ၁၂ | ဖက်ဒရယ်ဒီမိုကရက်တစ်ပါတီ | ၅၁ | ၇၄ | ၇၄၁၄၂ | ၀.၅၆% | ၃ | |
| ၁၃ | လေဘာပါတီ | ၅ | ၆ | ၅၆၇၁၆ | ၀.၄၃% | | |
| ၁၄ | အမျိုးသားအကျိုးစီးပွားတိုးတက်ရေးပါတီ | ၃၀ | ၄၄ | ၄၈၉၂၆ | ၀.၃၇% | ၂ | |
| ၁၅ | ကရင်အမျိုးသားဒီမိုကရက်တစ်ပါတီ | ၁၅ | ၂၆ | ၄၈၇၀၂ | ၀.၃၇% | ၇ | |
| ၁၆ | အင်းအမျိုးသားအဖွဲ့ချုပ်ပါတီ | ၇ | ၁၀ | ၄၄၀၃၇ | ၀.၃၄% | ၄ | |
| ၁၇ | ဖလုံ-စဝေါ်ဒီမိုကရက်တစ်ပါတီ | ၂၃ | ၃၄ | ၃၃၇၇၂ | ၀.၂၆% | ၂ | |
| ၁၈ | နာဂအမျိုးသားပါတီ | ၁၁ | ၂၀ | ၃၂၃၈၆ | ၀.၂၅% | ၁၂ | |
| ၁၉ | တိုင်းလိုင်(ရှမ်းနီ)အမျိုးသားများ ဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၁၇ | ၂၈ | ၂၉၃၇၅ | ၀.၂၂% | ၄ | |
| ၂၀ | ခေတ်သစ်ပြည်သူ့ပါတီ | ၄ | ၄ | ၂၆၁၂၁ | ၀.၂၀% | | |
| ၂၁ | ငြိမ်းချမ်းရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၈ | ၃၁ | ၂၅၄၅၇ | ၀.၁၉% | | |
| ၂၂ | ညီညွတ်သောတိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီပါတီ | ၁၄ | ၁၆ | ၂၅၂၄၉ | ၀.၁၉% | | |
| ၂၃ | ပြည်ထောင်စုငြိမ်းချမ်းရေးနှင့်ညီညွတ်ရေးပါတီ | ၁၄ | ၂၀ | ၂၅၀၉၈ | ၀.၁၉% | | |
| ၂၄ | ဒီမိုကရက်တစ်ပါတီ | ၉ | ၁၁ | ၂၅၀၀၂ | ၀.၁၉% | | |
| ၂၅ | လူမှုစီးပွားမြှင့်တင်ရေးပါတီ | ၆ | ၆ | ၂၃၁၁၄ | ၀.၁၈% | | |
| ၂၆ | ရခိုင့်ဦးဆောင်ပါတီ | ၁၃ | ၃၂ | ၂၂၅၆၇ | ၀.၁၇% | ၈ | |
| ၂၇ | ကချင်ပြည်နယ်ပြည်သူ့ပါတီ | ၁၈ | ၂၅ | ၂၁၇၆၅ | ၀.၁၇% | ၃ | |

စာမျက်နှာ ၄ သို့ ▲

# (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကတ္တရာလမ်းသစ် ဖွင့်ပွဲကျင်းပ



**တောင်ကြီး ဖေဖော်ဝါရီ ၉**

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့နယ် နောင်လေကျေးရွာအုပ်စု ညောင်ဝိုင်းကျေးရွာ မုခ်ဦး၌ ယနေ့နံနက်ပိုင်းတွင် (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ညောင်ဝိုင်း-မူယားလမ်း ၀/၃ မိုင် ကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနား ကျင်းပသည်။

ရေးဦးစွာ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးနေဝင်းအောင်၊ ပြည်နယ်တိုင်းရင်းသားရေးရာဝန်ကြီး ဦးအောင်ကြည်ဝင်းနှင့် ရှမ်းပြည်နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး (မြို့ပြ) ဦးမျိုးမင်းသန့်တို့က ကတ္တရာလမ်းသစ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး တာဝန်ရှိသူများနှင့်အတူ လမ်းသစ်အားလှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ မူယားကျေးရွာမဏ္ဍပ်၌ ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက အမှာစကားပြောကြားပြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးက လမ်းနှင့်ပတ်သက်သည့် ဆောင်ရွက်ချက်များကိုရှင်းလင်းတင်ပြသည်။

အဆိုပါလမ်းသည် စုစုပေါင်း အရှည် ၁/၄ မိုင်၊ အကျယ် ၁၂ ပေရှိပြီး ကိုယ်ထူကိုယ်ထစနစ်ဖြင့် ယခင်မြေသားအဆင့်သာရှိပြီး ယခုကတ္တရာလမ်းအဖြစ် ၀/၃ မိုင်အဆင့်မြှင့်တင်ဆောင်ရွက်ခဲ့ကြောင်းနှင့် ၂၀၂၅-၂၀၂၆ ပြည်နယ်ငွေလုံးငွေရင်းမှ ငွေကျပ် ၁၇၃ ဒသမ ၄၅၀ သန်း ကုန်ကျကြောင်းနှင့် လမ်းခံနိုင်ဝန်အနေဖြင့် ယာဉ်တစ်စီးချင်းအလေးချိန် တန် ၂၀ အထိ ဖြတ်သန်းအသုံးပြုသွားနိုင်မည်ဖြစ်ကြောင်း သိရသည်။ (၄၀၅)

## ပြည်ထောင်စုသစ္စာ

☞ အကြောင်းအကျိုး ညီစွာ
ကောင်းကျိုး ရည်သန်ပါသည်
**မြန်မာပြည်အတွက် ထာဝရ။**

☞ စုစည်းမှ ထုကြီးမည်
ညီညာမှ ပြည်သာမည်
ခိုင်မြဲမှ မယိုင်လဲမည်
အေးချမ်းမှ ဘေးမသန်းမည်
စနစ်ညီမှ ခေတ်မီမည်
**ချစ်ညီနောင် ရည်ဆောင်မှု**
**ဖြစ်တည်အောင် တည်ထောင်ပြု**
**ပြည်ထောင်စုအလှ။ ။**

**မျိုးမြတ်မြတ်မြင့်မောင်**

▲ စာမျက်နှာ ၃ မှအဆက်

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၂၈ | ဒီမိုကရက်တစ်အင်အားစုလေဘာပါတီ | ၈ | ၁၂ | ၂၀၄၂၉ | ၀.၁၆% | | |
| ၂၉ | မျိုးဆက်သစ်ဝံသာနုပါတီ | ၂၂ | ၂၇ | ၁၉၉၅၅ | ၀.၁၅% | | |
| ၃၀ | မြန်မာနိုင်ငံတောင်သူလယ်သမား အလုပ်သမားပြည်သူ့ပါတီ | ၃ | ၃ | ၁၉၈၁၈ | ၀.၁၅% | | |
| ၃၁ | ရှမ်းနီ(တိုင်းလျှန်)သွေးစည်းညီညွတ်ရေးပါတီ | ၁၄ | ၂၉ | ၁၉၅၆၄ | ၀.၁၅% | ၅ | |
| ၃၂ | ရခိုင်တိုင်းရင်းသားများပါတီ | ၁၄ | ၂၅ | ၁၈၉၀၁ | ၀.၁၄% | ၆ | |
| ၃၃ | အမျိုးသားနိုင်ငံရေးမဟာမိတ်များအဖွဲ့ချုပ်ပါတီ | ၄ | ၄ | ၁၇၃၆၈ | ၀.၁၃% | | |
| ၃၄ | မတူကွဲပြားခြင်းနှင့် ငြိမ်းချမ်းရေးပါတီ | ၇ | ၉ | ၁၆၇၆၇ | ၀.၁၃% | | |
| ၃၅ | ညီညွတ်ရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၁၄ | ၁၉ | ၁၄၁၇၃ | ၀.၁၁% | | |
| ၃၆ | အာခါအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၉ | ၁၆ | ၁၃၉၇၃ | ၀.၁၁% | ၁ | |
| ၃၇ | အမျိုးသားဒီမိုကရေစီပါတီသစ် | ၂ | ၂ | ၁၂၇၂၅ | ၀.၁၀% | | |
| ၃၈ | ပြည်သူ့အလုပ်သမားပါတီ | ၃ | ၃ | ၁၁၉၈၈ | ၀.၀၉% | | |
| ၃၉ | ပအိုဝ်းအမျိုးသားညီညွတ်ရေးပါတီ | ၁၈ | ၂၂ | ၁၀၉၆၀ | ၀.၀၈% | ၃ | |
| ၄၀ | မွန်တိုးတက်ရေးပါတီ | ၃ | ၃ | ၉၂၂၅ | ၀.၀၇% | | |
| ၄၁ | ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသား နိုင်ငံရေးအဖွဲ့ချုပ်ပါတီ | ၆ | ၉ | ၉၀၈၇ | ၀.၀၇% | | |
| ၄၂ | ဒီမိုကရေစီပါတီသစ်(ကချင်) | ၁၇ | ၂၉ | ၈၄၆၀ | ၀.၀၆% | ၂ | |
| ၄၃ | ကယားပြည်နယ်ပြည်သူ့ပါတီ | ၁၅ | ၂၆ | ၈၀၇၆ | ၀.၀၆% | ၃ | |
| ၄၄ | လူထုပါတီ | ၃ | ၃ | ၇၂၇၈ | ၀.၀၆% | | |
| ၄၅ | လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ (ဒူးလေးပါတီ) | ၁၅ | ၁၉ | ၆၇၈၆ | ၀.၀၅% | ၂ | |
| ၄၆ | ကိုးကန့်ဒီမိုကရေစီနှင့်ညီညွတ်ရေးပါတီ | ၂ | ၂ | ၆၃၆၂ | ၀.၀၅% | | |
| ၄၇ | 'ဝ'အမျိုးသားပါတီ | ၄ | ၈ | ၆၃၀၃ | ၀.၀၅% | ၁ | |
| ၄၈ | ပအိုဝ်းအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၈ | ၁၁ | ၆၂၁၀ | ၀.၀၅% | ၁ | |
| ၄၉ | မြန်မာပြည်သူ့ဒီမိုကရက်တစ်ပါတီ | ၁ | ၁ | ၅၆၉၆ | ၀.၀၄% | | |
| ၅၀ | ငြိမ်းချမ်းရေးအကျိုးဆောင်ပါတီ | ၁၁ | ၁၄ | ၅၄၂၇ | ၀.၀၄% | | |
| ၅၁ | အမျိုးသားနိုင်ငံရေးအားမာန်သစ်ပါတီ | ၅ | ၈ | ၃၁၈၆ | ၀.၀၂% | | |
| ၅၂ | ခမီအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၁ | ၁ | ၂၂၈၉ | ၀.၀၂% | | |
| ၅၃ | ဇိုမီးအမျိုးသားပါတီ | ၅ | ၁၇ | ၁၆၃၃ | ၀.၀၁% | ၇ | |
| ၅၄ | ရခိုင်ပြည်နယ်အမျိုးသားအင်အားစုပါတီ | ၁ | ၁ | ၁၂၆၈ | ၀.၀၁% | | |
| ၅၅ | ချင်းပြည်သစ်ကွန်ဂရက်ပါတီ | ၇ | ၂၀ | ၁၂၀၆ | ၀.၀၁% | ၁ | |
| ၅၆ | မြို့တိုင်းရင်းသားဖွံ့ဖြိုးရေးပါတီ | ၃ | ၄ | ၅၅၅ | ၀.၀၀၄% | | |
| ၅၇ | ခူမီးအမျိုးသားပါတီ | ၁ | ၁ | ၂၃၁ | ၀.၀၀၂% | | |
| ၅၈ | တစ်သီးပုဂ္ဂလ | ၈၆ | ၉၁ | ၃၀၃၀၈၅ | ၂.၃၁% | ၁ | |
| | **စုစုပေါင်း** | | ၄၈၅၄ | ၁၃၁၃၅၁၃၂၅ | ၁၀၀% | ၁၀၂၅ | |



## အနည်းစုရဲ့ ဆန္ဒကို လေးစားတန်ဖိုးထား

**ယနေ့ ကျွန်တော်တို့နိုင်ငံရဲ့ အန္တိမရည်မှန်းချက်ဖြစ်တဲ့ ဒီမိုကရေစီနဲ့ဖက်ဒရယ်စနစ်ကိုအခြေခံတဲ့ ပြည်ထောင်စုစနစ်တည်ဆောက်ရာမှာ တိုင်းရင်းသားညီအစ်ကိုမောင်နှမများအနေနဲ့ ဒီမိုကရေစီရဲ့ ကျင့်စဉ်အရ အနည်းစုရဲ့ဆန္ဒကို လေးစားတန်ဖိုးထားရမှာဖြစ်ပြီး ဒီမိုကရေစီအုပ်ချုပ်ရေးစနစ်ထူထောင်ဖို့၊ ဒီမိုကရေစီစနစ်မယိုင်လဲစေဖို့အတွက် ဒီမိုကရေစီစိတ်မွေးဖို့၊ စည်းကမ်းစနစ်ကျနတဲ့ ဥပဒေကို လေးစားတန်ဖိုးထားလိုက်နာတဲ့ မြန်မာ့လူ့ဘောင်အဖွဲ့အစည်းတစ်ရပ်ဖြစ်ပေါ်လာဖို့ ဝိုင်းဝန်းဆောင်ရွက်ကြရမှာဖြစ်ပါတယ်။**

(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ
အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီဥက္ကဋ္ဌ
တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် NCA (၁၀) နှစ်ပြည့် နှစ်ပတ်လည်နေ့
အခမ်းအနားတွင် ပြောကြားသည့်အဖွင့်မိန့်ခွန်းမှကောက်နုတ်ချက်)
၁၅.၁၀.၂၀၂၅

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် အိန္ဒိယသမ္မတနိုင်ငံအစိုးရတို့အကြား “Naypyitaw State Academy တွင် ဓာတ်ခွဲခန်းသုံးပစ္စည်းကိရိယာများထောက်ပံ့နိုင်ရေး” နားလည်မှုစာချွန်လွှာ(MoU) လက်မှတ်ရေးထိုး

နေပြည်တော် ဖေဖော်ဝါရီ ၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် အိန္ဒိယသမ္မတနိုင်ငံအစိုးရတို့အကြား “Naypyitaw State Academy တွင် ဓာတ်ခွဲခန်းသုံးပစ္စည်းကိရိယာများထောက်ပံ့နိုင်ရေး” နားလည်မှု စာချွန်လွှာ (MoU) လက်မှတ်ရေးထိုးခြင်းအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် Naypyitaw State Academy အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောဝင်း ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်၊ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ Naypyitaw State Academy ပါမောက္ခချုပ်၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး H.E. Mr. Abhay Thakurနှင့် အိန္ဒိယနိုင်ငံဘက်မှ တာဝန်ရှိကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ဦးစွာ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီးက နားလည်မှုစာချွန်လွှာ (MoU)၏ ရည်ရွယ်ချက်ကို ပြောကြားရာတွင် မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံ နှစ်နိုင်ငံအကြား ပညာရေးပူးပေါင်း ဆောင်ရွက်မှုများ မြှင့်တင်ပေးနိုင်ရန် ရည်ရွယ်၍လည်းကောင်း၊ နှစ်နိုင်ငံအကြား ဆက်ဆံရေး ပိုမိုတိုးတက်ခိုင်မာမှုရှိလာစေရန် ရည်ရွယ်၍လည်းကောင်း၊ မြန်မာနိုင်ငံ၏ ပညာရေးမြှင့်တင်မှုလုပ်ငန်းများဆောင်ရွက်ရာတွင် သုတေသနလုပ်ငန်းများအတွက် လိုအပ်မည့်ဓာတ်ခွဲခန်းသုံးပစ္စည်းများကို ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် နားလည်မှုစာချွန်လွှာ(MoU)ကို ဒုတိယဝန်ကြီးနှင့် အိန္ဒိယနိုင်ငံသံအမတ်ကြီးတို့က လက်မှတ်ရေးထိုးကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ယခုကဲ့သို့ Naypyitaw State Academy အတွက် ဓာတ်ခွဲခန်းသုံးပစ္စည်းကိရိယာများ ထောက်ပံ့ပေးအပ်သည့် နားလည်မှုစာချွန်လွှာ(MoU) လက်မှတ်ရေးထိုးခြင်းသည် မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့အကြား မိတ်ဖက်ဆက်ဆံရေး၏ အဓိပ္ပာယ်ပြည့်ဝသော ရလဒ်တစ်ခုဖြစ်ကြောင်း၊ စီမံကိန်းအား ထိရောက်စွာနှင့်အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည်ဟု ယုံကြည်ကြောင်း၊ နားလည်မှု စာချွန်လွှာ (MoU) မှတစ်ဆင့် ရူပဗေဒနှင့် ဓာတုဗေဒ ဓာတ်ခွဲခန်းသုံးပစ္စည်းများ၊ သုတေသနသုံးသိပ္ပံပစ္စည်းများ၊ ဓာတ်ခွဲခန်းသုံးကိရိယာများနှင့် အထောက်အကူပြု Software များအပါအဝင် ခေတ်မီပစ္စည်းကိရိယာများကို ပေးအပ်သွားမည်ဖြစ်ပါသဖြင့် Naypyitaw State Academy ၏ သင်ကြားသင်ယူမှုနှင့် သုတေသနဆောင်ရွက်မှုများတွင် အထောက်အကူပြုမည်ဖြစ်ကြောင်း၊ နားလည်မှုစာချွန်လွှာအား



အောင်မြင်စွာလက်မှတ်ရေးထိုးနိုင်ခဲ့သဖြင့် အိန္ဒိယအစိုးရနှင့် ပါဝင်ပူးပေါင်းဆောင်ရွက်ခဲ့သူအားလုံးကို ပညာရေးဝန်ကြီးဌာနကိုယ်စား ကျေးဇူးတင်ရှိကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးကိုယ်စား Naypyitaw State Academy ပါမောက္ခချုပ် ဒေါက်တာနုနုလွင်က အမှတ်တရလက်ဆောင် ပေးအပ်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီးက လက်ခံရယူပြီး ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့ကိုအမှတ်တရလက်ဆောင်ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

မြဝတီ

# ဒီပလိုမာစာရင်းကိုင် (ပထမပိုင်း) သင်တန်းအမှတ်စဉ် - ၄၅ ဖွင့်လှစ်

နေပြည်တော် ဖေဖော်ဝါရီ ၉

မြန်မာနိုင်ငံစာရင်းကောင်စီမှ ကြီးမှူးဖွင့်လှစ်သည့် ဒီပလိုမာစာရင်းကိုင် (ပထမပိုင်း)Online သင်တန်းအမှတ်စဉ် – ၄၅ သင်တန်းဖွင့်ပွဲကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး နဝရတ်ခန်းမ၌ Hybrid စနစ်ဖြင့် ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် ပြည်ထောင်စုစာရင်းစစ်ချုပ်၊ မြန်မာနိုင်ငံစာရင်းကောင်စီဥက္ကဋ္ဌ ဒေါက်တာခင်နိုင်ဦးက ဒီပလိုမာစာရင်းကိုင် သင်တန်းသည် စာရင်းပညာဆိုင်ရာ အခြေခံကောင်းများရရှိစေမည်သာမက စာရင်းပညာရှင်အဖြစ်ဆက်လက်လျှောက်လှမ်းနိုင်မည့် လက်မှတ်ရ ပြည်သူ့စာရင်းကိုင် (Certified Public Accountant–CPA) သင်တန်း၏ ဝင်ပေါက် တစ်ခုလည်းဖြစ်ပြီး ASEAN CPA သို့ ဆက်လက်တက်လှမ်းနိုင်ကြောင်း၊ သို့ပါ၍ သင်တန်းသားများအနေဖြင့် သင်ကြားပို့ချပေးမှုများကို လက်တွေ့ဘဝ အသက်မွေးမှုတွင် ပြန်လည်အသုံးချနိုင်သည်အထိ နားလည်တတ်မြောက်စေရေး အလေးအနက်ထား လေ့လာသင်ယူကြရန်၊ သိရှိထားသည့် အသိပညာဗဟုသုတများသာမက ပြောင်းလဲတိုးတက်နေသည့် စာရင်းပညာရပ်များကို စဉ်ဆက်မပြတ်ဆက်လက်လေ့လာခြင်းဖြင့် မိမိတို့ဌာန၏ စာရင်းလုပ်ငန်းများကို ပိုမို



ကောင်းမွန် ထိရောက်စွာထမ်းဆောင်နိုင်သည့် စာရင်းကျွမ်းကျင်သူများဖြစ်စေရေးအတွက်ကြိုးစားကြရန်တိုက်တွန်းပြောကြားသည်။

ထို့နောက် အဆင့်မြင့်စာရင်းကိုင်နှင့် စာရင်းစစ်သင်တန်းကျောင်း၊ နေပြည်တော်သင်တန်းကျောင်းတာဝန်ခံက သင်တန်းဆိုင်ရာအချက်အလက်များကို ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းသို့ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ သင်တန်းသား ၄၅ ဦးနှင့် ဝန်ကြီးဌာန/အဖွဲ့အစည်း ၂၅ ခုမှ သင်တန်းသား ၄၅၉ ဦး စုစုပေါင်း သင်တန်းသား ၅၀၄ ဦး တက်ရောက်မည်ဖြစ်ပြီး သင်တန်းကို ဇန်နဝါရီလ ၁၉ ရက်မှ ဩဂုတ်လ ၃၁ ရက်အထိ ၇ လခွဲကြာ ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်ကြောင်းသိရသည်။ မြဝတီ

# ၂၀၂၅ ခုနှစ် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုရဇာတ်ကားများဖြင့် ပြန်လည်ပြသဆင်နွှဲမည့် တစ်နှစ်တစ်ခါ ကြိုတောင့်ကြိုခဲ ၂၀၂၆ ခုနှစ် မြန်မာ့ရုပ်ရှင်ရက်သတ္တပတ်ပွဲတော်




**မိုးကောင်းလုလင်**

မြန်မာ့ရုပ်ရှင်လောကရဲ့ အမြင့်ဆုံး ဂုဏ်ဒြပ်ဖြစ်တဲ့ ၂၀၂၅ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု (အကယ်ဒမီ)ပေးပွဲကြီးကိုဖေဖော်ဝါရီလ ၇ ရက်ကအောင်မြင်စွာကျင်းပပြီးစီးခဲ့ပြီဖြစ်ပါတယ်။ အကယ်ဒမီရွှေစင်ရုပ်တုဆုကြီးတွေကို ဘယ်ဇာတ်ကားတွေ၊ ဘယ်အနုပညာရှင်တွေက ဆွတ်ခူးသွားကြတယ်ဆိုတဲ့ ရင်ခုန်သံတွေ မပျောက်သေးခင်မှာပဲ ရုပ်ရှင်ချစ်ပရိသတ်ကြီးအတွက် ဝမ်းသာစရာသတင်းကောင်းတစ်ခုထပ်မံရောက်ရှိလို့လာခဲ့ပါပြီ။

အဲဒါကတော့ **မတ်လ ၈ ရက်မှာကျရောက်မယ့် နှစ်(၈၀)ပြည့် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး နှစ်ပတ်လည်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အကယ်ဒမီဆုရဇာတ်ကားကောင်းတွေကို တစ်နေရာတည်းမှာ စုစည်းကြည့်ရှုနိုင်မယ့် "၂၀၂၆ ခုနှစ် မြန်မာ့ရုပ်ရှင်ရက်သတ္တပတ်ပွဲတော်" ကြီးကို ရန်ကုန်မြို့ရဲ့ အဆင့်မြင့်ရုပ်ရှင်ရုံကြီးဖြစ်တဲ့ Star Cinema မှာ ပြန်လည်ကျင်းပတော့မယ့်**သတင်းပဲဖြစ်ပါတယ်။

စာဖတ်သူတို့ မှတ်မိကြဦးမယ်ထင်ပါတယ်။ ယမန်နှစ်ကလည်း ၂၀၂၄ ခုနှစ်ရုပ်ရှင်ထူးချွန်ဆုရ ဇာတ်ကားတွေကို စုစည်းပြီး အလားတူ ၂၀၂၅ ခုနှစ် မြန်မာ့ရုပ်ရှင်ရက်သတ္တပတ်ပွဲတော်ကို Star Cinema မှာ စည်ကားသိုက်မြိုက်စွာကျင်းပခဲ့ဖူးပါတယ်။ အဲဒီတုန်းက ၂၀၂၄ ခုနှစ်အတွက် အကယ်ဒမီဆု ၁၆ ဆုတိတိချီးမြှင့်ခဲ့ရာမှာ ရုပ်ရှင်ဇာတ်ကား ခြောက်ကားက ဆွတ်ခူးရရှိခဲ့တာပါ။ အဲဒီဇာတ်ကား ခြောက်ကားကို ၂၀၂၄ ခုနှစ် မတ်လအတွင်းမှာ ရက်သတ္တပတ် သုံးပတ်ကြာအောင်ပွဲတော်အသွင်နဲ့ပြသပေးခဲ့ပါတယ်။ အဲဒီအချိန်က ဆုရဇာတ်ကားအရေအတွက်ပေါ်မူတည်ပြီး ဇာတ်ကားတစ်ကားကို သုံးရက်နှုန်းနဲ့အားရပါးရပြသပေးနိုင်ခဲ့ပါတယ်။

ဒီနှစ် ၂၀၂၆ ခုနှစ်အစီအစဉ်မှာတော့ ၂၀၂၅ ခုနှစ်အတွင်း ရုံတင်ပြသခဲ့တဲ့ ဇာတ်ကားပေါင်း ၇၂ ကားထဲကမှ ထူးချွန်ဆုတွေ ဆွတ်ခူးရရှိထားတဲ့ ထိပ်တန်းဇာတ်ကား ရှစ်ကားတိတိကို ရွေးချယ်ပြသသွားမှာဖြစ်ပါတယ်။

**ဒီနှစ်ရဲ့ပူပူနွေးနွေးအကယ်ဒမီဆုရတဲ့ဇာတ်ကားတွေကို "၂၀၂၆ ခုနှစ် မြန်မာ့ရုပ်ရှင်ရက်သတ္တပတ်ပွဲတော်"အဖြစ် ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီလ ၁၃ ရက်ကနေစတင်ပြီး ဖေဖော်ဝါရီလ ၂၈ ရက်အထိ ဆက်တိုက်ပြသသွားမှာပါ။ နေရာကတော့ ရန်ကုန်မြို့ မိုးကောင်းလမ်းမကြီးပေါ်မှာရှိတဲ့ မြဝတီမီဒီယာစင်တာ (Myawaddy Media Center)က စတားရုပ်ရှင်ရုံ (Star Cinema)မှာဖြစ်ပါတယ်။ နေ့စဉ်ရုပ်ရှင်ပြသချိန်တွေကိုတော့ နံနက် ၁၀ နာရီပွဲနဲ့ ညနေ ၆ နာရီပွဲဆိုပြီး တစ်ရက်ကို နှစ်ပွဲနှုန်း သတ်မှတ်ထားပါတယ်။**

ယခင်နှစ် ပွဲတော်ကာလအတွေ့အကြုံများအရ ပြန်လည်ကြည့်ရှုလိုကြတဲ့ရုပ်ရှင်ချစ်ပရိသတ်တွေ၊ မကြည့်လိုက်ရတဲ့ ရုပ်ရှင်ကြည့်ပရိသတ်တွေရဲ့စိတ်ဝင်စားမှုမြင့်မားခဲ့တာကိုတွေ့ရှိရပါတယ်။ ယခုနှစ်အစီအစဉ်တွင်မူ ပြသရက်မှာ ဇာတ်ကားတစ်ကားကို နှစ်ရက်နှုန်းသာရှိတဲ့အတွက် ရုပ်ရှင်ချစ်ပရိသတ်တို့အနေနဲ့မိမိတို့ကြည့်ရှုလိုတဲ့ဇာတ်ကားတွေအတွက် အချိန်နဲ့ရက်စွဲကို ကြိုတင်စီစစ်ပြင်ဆင်ထားသင့်ပါတယ်လို့လည်း အကြံပြုလိုပါတယ်။

ဖေဖော်ဝါရီလ ၇ ရက်က ကျင်းပခဲ့တဲ့ မြန်မာ့ရုပ်ရှင်ထူးချွန်ဆုပေးပွဲ အခမ်းအနားကို နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ကိုယ်တိုင် တက်ရောက်ချီးမြှင့်ခဲ့တာ ပရိသတ်တွေ၊ ရုပ်မြင်သံကြားလိုင်းတွေနဲ့အွန်လိုင်းတွေကနေ ကြည့်ရှုရသူတွေအသိပါပဲ။ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အဲဒီပွဲမှာ အနုပညာလောကသားတွေအတွက် အားတက်စရာမိန့်ခွန်းစကားပြောကြားခဲ့ပါတယ်။

**"နိုင်ငံတော်အစိုးရအနေဖြင့် စာပေ၊ ရုပ်ရှင်၊ ဂီတ၊ သဘင် စသည့်နယ်ပယ်ကဏ္ဍအသီးသီးတွင် ဖွံ့ဖြိုးတိုးတက်လာရန်အတွက် ဖြစ်သင့်ဖြစ်ထိုက်သည့် အားပေးကူညီမှုများကို လုပ်ဆောင်ပေးခဲ့ပြီး ဆက်လက်၍လည်း ကူညီပံ့ပိုးဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း"**အတိအလင်း ပြောကြားခဲ့သလို ရုပ်ရှင်အနုပညာရှင်တွေကိုလည်း **"ပြည်သူများကို ဖျော်ဖြေရေးသက်သက်သာမက နိုင်ငံ၏ယဉ်ကျေးမှုနှင့် ချစ်စဖွယ်မြန်မာ့ဓလေ့မြန်မာ့စရိုက်၊ မြန်မာ့ရေ၊ မြေ၊ တော၊ တောင် သဘာဝအလှအပများကိုဖော်ညွှန်းပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို ရှေးရှုရိုက်ကူးတင်ဆက်ပေးရန်"** တိုက်တွန်းခဲ့ပါတယ်။ ဒါ့အပြင် **"အမျိုးသားရေးနှင့်ယှဉ်ပြီး တိုင်းချစ်ပြည်ချစ်စိတ်၊ မျိုးချစ်စိတ်ထွန်းကားရေး၊ ပြည်သူများ အသိပညာတိုးတက်ရေး၊ နိုင်ငံတော်၏ဦးတည်ချက်များ အောင်မြင်စေရေးတို့အတွက် ရိုက်ကူးတင်ဆက်ပေးကြရန်"**လည်း ထပ်လောင်းမှာကြားခဲ့ပါတယ်။

မကြာမီကျင်းပမယ့် ဒုတိယအကြိမ်အကယ်ဒမီရုပ်ရှင်ရက်သတ္တပတ်ပွဲတော်မှာ ဘယ်ဇာတ်ကားကောင်းတွေကို ဘယ်ရက်တွေမှာ ကြည့်ရမလဲဆိုတာ အသေးစိတ်ပြောပြပါဦးမယ်။

**ဖေဖော်ဝါရီလ (၁၃၊ ၁၄) – "နှင်းပွင့်စေရာ"**

မေခရုပ်ရှင်ထုတ်လုပ်ရေးက ရိုက်ကူးထုတ်လုပ်တဲ့ နှင်းပွင့်စေရာဇာတ်ကားရဲ့ ရုပ်ရှင်ဓာတ်ပုံထူးချွန်ဆုရှင် "သားကျော်" ရဲ့ရှုခင်းအလှအပနဲ့ကင်မရာအယူအဆလက်ရာတွေကိုခံစားရမှာပါ။

**ဖေဖော်ဝါရီလ(၁၅၊ ၁၆) – "မြေစာ"**

ရွှေနဒီရွှေရည် ရုပ်ရှင်ထုတ်လုပ်ရေးရဲ့ "မြေစာ" ဇာတ်ကားထဲက ပရိသတ်အချစ်တော် "မြင့်မြတ်"ရဲ့ အကောင်းဆုံးအမျိုးသားဇာတ်ဆောင်ဆုနှင့်ထိုက်တန်လှတဲ့ ပီပြင်လွန်းတဲ့သရုပ်ဆောင်ချက်တွေကို တွေ့မြင်ခံစားကြရပါမယ်။

**ဖေဖော်ဝါရီလ (၁၇၊ ၁၈) – "မြောသံ"**

ရွှေနဒီရွှေရည်ရုပ်ရှင်ထုတ်လုပ်ရေးရဲ့ "မြောသံ" ဇာတ်ကားဖန်တီးရှင်ဖြစ်တဲ့ ဒါရိုက်တာထူးချွန်ဆုရှင် "ညီရသ"ရဲ့ ကျွမ်းကျင်ပိုင်နိုင်တဲ့ ရုပ်ရှင်ရိုက်ကူးမှုအနုပညာကို လွမ်းမောခံစားကြရပါမယ်။

**ဖေဖော်ဝါရီလ (၁၉၊ ၂၀) – "မြို့ပြထဲကလမ်းမ"**

Hunk ရုပ်ရှင်ထုတ်လုပ်ရေးရဲ့ "မြို့ပြထဲကလမ်းမ" ဇာတ်ကားက ရုပ်ရှင်တည်းဖြတ်ဆုရှင် "ခွန် (Khun)"ရဲ့ ရုပ်ရှင်တည်းဖြတ်မှုစွမ်းရည်က ဇာတ်ကားကို ဘယ်လိုအချိတ်အဆက် မိမိရင်ထဲကို အရောက်ခေါ်ဆောင်သွားနိုင်သလဲဆိုတာကို ကြည့်ရှုခံစားနိုင်ကြပါမယ်။

**ဖေဖော်ဝါရီလ (၂၁၊ ၂၂) – "မြစ်လက်တက်ပေမယ့် ရေစီးကကြမ်းတယ်"**

မင်းမဟာ ရုပ်ရှင်ထုတ်လုပ်ရေးရဲ့ "မြစ်လက်တက်ပေမယ့် ရေစီးကကြမ်းတယ်"ဇာတ်ကားရဲ့ ဝါရင့်သရုပ်ဆောင် "နေမျိုးအောင်"ရဲ့အကောင်းဆုံး အမျိုးသားဇာတ်ပို့ဆုရ သရုပ်ဆောင်ချက်တွေဟာ ဘယ်လောက်အထိ ပြောင်မြောက်သလဲဆိုတာကို မြင်တွေ့ကြည့်ရှုနိုင်ကြပါမယ်။

**ဖေဖော်ဝါရီလ(၂၃၊ ၂၄) – "မောင့်မိဖုရား"**

အောင်သီရိ ရုပ်ရှင်ထုတ်လုပ်ရေးရဲ့ "မောင့်မိဖုရား" ဇာတ်ကားက ဒီနှစ်မှာ ဆုအများဆုံးရခဲ့တဲ့ ဇာတ်ကားပါ။ ဇာတ်ညွှန်းဆု(သီလံ)၊ အမျိုးသမီးဇာတ်ပို့ဆု (ခိုင်နှင်းဝေ)၊ အမျိုးသမီးဇာတ်ဆောင်ဆု(ရတနာဗို)တို့ပေါင်းစပ်ထားတဲ့ အနုပညာလက်ရာမွန်ကို ရသအစုံအလင်နှင့် ရင်နင့်အောင် ခံစားကြည့်ရှုကြရပါမယ်။

**ဖေဖော်ဝါရီလ(၂၅၊ ၂၆) – "ပန်းမြိုင်လယ်မှ ဥယျာဉ်မှူး"**

Hein Film Production က ထုတ်လုပ်တဲ့ "ပန်းမြိုင်လယ်မှ ဥယျာဉ်မှူး"ဇာတ်ကားကတော့ တစ်နှစ်တာရဲ့ အကောင်းဆုံးရုပ်ရှင်ဇာတ်ကားဆုကြီးကို ဆွတ်ခူးထားတဲ့ဇာတ်ကားဖြစ်လို့ လက်လွတ်မခံဘဲ အရောက်ကြည့်ရှုခံစားကြရမယ့် ဇာတ်ကားကြီးတစ်ကားဖြစ်ပါတယ်။

**ဖေဖော်ဝါရီလ(၂၇၊ ၂၈) – "နတ်ဝင်သည်"**

W Entertainment ရုပ်ရှင်ထုတ်လုပ်ရေးရဲ့လက်ရာ "နတ်ဝင်သည်"ဇာတ်ကားနှင့် ပွဲတော်ကို အဆုံးသတ်မှာဖြစ်ပြီး အဲဒီဇာတ်ကားက ရုပ်ရှင်အသံထူးချွန်ဆုရှင် "ကိုဂျိုး"ရဲ့ အသံဖန်တီးမှုအနုပညာစွမ်းရည်တွေက ဇာတ်ကားကို ဘယ်လိုရုပ်လုံးကြွ သက်ဝင်လာစေသလဲဆိုတာကို ကြည့်ရှုခံစားကြရမှာဖြစ်ပါတယ်။

ယခုနှစ်မှာ မြန်မာ့ရုပ်ရှင်ထူးချွန်ဆုရခဲ့ကြတဲ့ ဇာတ်ကားတွေ ဘာကြောင့် ထိုက်ထိုက်တန်တန် ဆုတွေရရှိခဲ့သလဲဆိုတာ ကိုယ်တိုင်ကိုယ်ကျအကဲဖြတ်နိုင်ဖို့၊ အဲဒီဇာတ်ကားတွေ ရုံတင်စဉ်က မကြည့်လိုက်ရသူတွေကြည့်နိုင်ကြစေဖို့၊ ဒါမှမဟုတ်ကြည့်ပြီးသူတွေလည်း ထပ်မံကြည့်ရှုခံစားနိုင်စေဖို့၊ ပြီးတော့မိမိတို့ချစ်ခင်အားပေးရတဲ့ အနုပညာရှင်တွေရဲ့ အောင်မြင်မှုကို အတူတကွဂုဏ်ပြုဖို့အတွက် လာမယ့်မတ်လ ၈ ရက်မှာ ကျရောက်မယ့် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးနှစ်ပတ်လည်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အကယ်ဒမီဆုရဇာတ်ကားကောင်းတွေကို သတ်မှတ်ရုံဝင်ကြေး နဲ့ တစ်နေရာတည်းမှာ စုစည်းကြည့်ရှုနိုင်ကြမယ့် ရန်ကုန်မြို့ မိုးကောင်းလမ်းမကြီးပေါ်ရှိ Star Cinema ကို အရောက်လှမ်းခဲ့ကြဖို့ ရုပ်ရှင်ချစ်သူအားလုံးကို လေးစားစွာနဲ့ ဖိတ်ခေါ်လိုက်ရပါတယ်။ ။

**"ယခုနှစ်မှာ မြန်မာ့ရုပ်ရှင်ထူးချွန်ဆုရခဲ့ကြတဲ့ဇာတ်ကားတွေ ဘာကြောင့် ထိုက်ထိုက်တန်တန် ဆုတွေရရှိခဲ့သလဲဆိုတာ ကိုယ်တိုင်ကိုယ်ကျအကဲဖြတ်နိုင်ဖို့၊ အဲဒီဇာတ်ကားတွေရုံတင်စဉ်က မကြည့်လိုက်ရသူတွေကြည့်နိုင်ကြစေဖို့၊ ဒါမှမဟုတ်ကြည့်ပြီးသူတွေလည်း ထပ်မံကြည့်ရှုခံစားနိုင်စေဖို့၊ ပြီးတော့မိမိတို့ချစ်ခင်အားပေးရတဲ့ အနုပညာရှင်တွေရဲ့အောင်မြင်မှုကို အတူတကွဂုဏ်ပြုဖို့အတွက် လာမယ့် မတ်လ ၈ ရက်မှာကျရောက်မယ့် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးနှစ်ပတ်လည်နေ့ကိုကြိုဆိုဂုဏ်ပြုသောအားဖြင့် အကယ်ဒမီဆုရဇာတ်ကားကောင်းတွေကို သတ်မှတ်ရုံဝင်ကြေးနဲ့ တစ်နေရာတည်းမှာစုစည်းကြည့်ရှုနိုင်ကြမယ့် ရန်ကုန်မြို့ မိုးကောင်းလမ်းမကြီးပေါ်ရှိ Star Cinema ကိုအရောက်လှမ်းခဲ့ကြဖို့ ရုပ်ရှင်ချစ်သူအားလုံးကို လေးစားစွာနဲ့ဖိတ်ခေါ်လိုက်ရပါတယ်။"**

# “ခေတ်ရွှေ့ဆောင်” သမဝါယမအသင်း၏ လယ်ယာသုံးစက်ကိရိယာပစ္စည်းအရောင်းပြခန်းနှင့် အလုပ်ရုံဖွင့်ပွဲကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၉

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးသည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့်အတူ လယ်ဝေးမြို့နယ် ရှားတောကျေးရွာသို့သွားရောက်၍ ခေတ်ရွှေ့ဆောင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အထွေထွေစီးပွားရေးသမဝါယမအသင်း (လီမိတက်)၏ လယ်ယာသုံးစက်ကိရိယာပစ္စည်းအရောင်းပြခန်းနှင့် အလုပ်ရုံဖွင့်ပွဲသို့ တက်ရောက်သည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက အရောင်းပြခန်းနှင့်အလုပ်ရုံကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက မိမိတို့ဝန်ကြီးဌာနအနေဖြင့် အရည်အသွေးပြည့်ဝပြီး ဈေးနှုန်းသက်သာသည့် စက်မှုလက်မှုထုတ်ကုန်ပစ္စည်းများကို ဈေးကွက်အတွင်း တွင်တွင်ကျယ်ကျယ်ထုတ်လုပ်ဖြန့်ဖြူးရောင်းချနိုင်ရန်အတွက် သမဝါယမအသင်းပိုင် စက်ရုံ/ အလုပ်ရုံများ၊ ဆန်စက်၊ ဆီစက်များ၊ သဘာဝမြေသြဇာစက်ရုံ အပါအဝင် ဝါကြိတ်စက်၊ စက္ကူစက်၊ ရက်ကန်းစက်၊ အထည်ချုပ်စက်၊ နှမ်းအခွံချွတ်စက်၊ ရေခဲစက်၊ နို့ချက်စက်၊ သကြားစက်၊ မီးခံအုတ်စက်၊ ဆပ်ပြာစက်၊ ကျောက်ပြားစက်၊ တံမြက်စည်းစက် စသည့်စက်ရုံ/ အလုပ်ရုံပေါင်း ၄၆ ခုထူထောင်၍ ကုန်ထုတ်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း၊ သမဝါယမအသင်းသား တောင်သူများက ကြံပက်စနစ်စိုက်ပျိုးလျက်ရှိသကဲ့သို့ စပါးစိုက်စက်များသည်လည်း ဈေးနှုန်းမြင့်မားကြောင်း၊ စိုက်ပျိုးနည်းစနစ်များမှန်ကန်မှသာ ပန်းတိုင်အထွက်နှုန်းတိုးနိုင်ကြောင်း၊ ယခုအရောင်းဆိုင်တွင် အစေ့ချစက်



(Seeder) ကို ဈေးနှုန်းသက်သာစွာရောင်းချပေးမည်ဖြစ်၍ သမဝါယမအသင်းသားတောင်သူများ လိုအပ်ပါကသီးနှံပေါ်ပေးစနစ်ဖြင့် ရင်းနှီးမြှုပ်နှံပေးမည်ဖြစ်ကြောင်း၊ အစေ့ချစက် (Seeder) ကို အသုံးပြု၍ ပင်ကြား၊ တန်းကြား မှန်ကန်အောင်စိုက်ပျိုးပြီး ပန်းတိုင်အထွက်နှုန်းရရှိအောင် ကြိုးပမ်းစိုက်ပျိုးကြစေလိုကြောင်းပြောကြားသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌက နေပြည်တော်ကောင်စီ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံဆောင်ရွက်ပေးလျက်ရှိသည့် လုပ်ငန်းဆိုင်ရာများရှင်းလင်းပြောကြားပြီး ခေတ်ရွှေ့ဆောင်သမဝါယမအသင်းဥက္ကဋ္ဌက လယ်ယာသုံးစက်ကိရိယာပစ္စည်းအရောင်းပြခန်းနှင့် အလုပ်ရုံဖွင့်လှစ်နိုင်ရေး လုပ်ငန်းဆောင်ရွက်ခဲ့ပုံများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက သမဝါယမအသင်းသားတောင်သူများနှင့် ဒေသခံပြည်သူများ၏ စိုက်ပျိုးမွေးမြူရေးနှင့် ဖွံ့ဖြိုးရေးတင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးပြီး လယ်ယာသုံးစက်ကိရိယာပစ္စည်းများနှင့် အလုပ်ရုံကိုကြည့်ရှုစစ်ဆေးကာ ဒေသလုပ်လက်ဆွဲကောက်စိုက်စက်၊ အစေ့ချစက်တို့ဖြင့် နွေစပါးစမ်းသပ်စိုက်ပျိုးပြသနေမှုကို ကြည့်ရှုအားပေးကြောင်း သိရသည်။

**မြဝတီ**

# မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီ အစည်းအဝေးကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၉

မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီအစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပသည်။



ဦးစွာမြန်မာနိုင်ငံလုံးဆိုင်ရာအမျိုးသမီးကော်မတီဥက္ကဋ္ဌ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းက မြန်မာနိုင်ငံရှိ အမျိုးသမီးများကာကွယ်စောင့်ရှောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည့်မူဝါဒများ၊ လုပ်ငန်းစဉ်များချမှတ်ခြင်း၊ ဥပဒေများပြင်ဆင်ခြင်း၊ အသစ်ရေးဆွဲခြင်း၊ နိုင်ငံတကာနှင့်ဒေသတွင်း ဆက်သွယ်ဆောင်ရွက်ပေးခြင်းစသည့် အမျိုးသမီးကဏ္ဍ ဆိုင်ရာလုပ်ငန်းများကို အဓိကတာဝန်ယူအကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဒေသအလိုက်အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို ကျယ်ပြန့်ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ပြည်ထောင်စုနယ်မြေ နေပြည်တော်အပါအဝင် တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်၊ မြို့နယ်များတွင် အမျိုးသမီး ကော်မတီများကို ဒေသအဆင့်ဆင့် ပြင်ဆင်ဖွဲ့စည်းပြီးဖြစ်ပါကြောင်း။

အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ နိုင်ငံတော်အဆင့် မဟာဗျူဟာစီမံကိန်း (NSPAW) လုပ်ငန်းနယ်ပယ် (၁၂)ရပ်အလိုက် သက်ဆိုင်ရာလုပ်ငန်းကော်မတီ Focal ဌာနများက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်မှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အထိ လုပ်ငန်းစဉ်များ အကောင်အထည်ဖော်မှု နှစ်နှစ်အစီရင်ခံစာကို မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီက အတည်ပြုပြီး NSPAW ဦးဆောင်ကော်မတီနှင့် လုပ်ငန်းကော်မတီ(၁၂)ရပ်ထံ ဖြန့်ဝေသွားမည်ဖြစ်ကြောင်းနှင့် ဝန်ကြီးဌာန Website တွင် အစီရင်ခံစာများ တင်ထားပေးသွားမည်ဖြစ်ကြောင်း၊ ကျား၊ မ ရေးရာကိစ္စရပ်များအား တာဝန်ခံဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာဌာနများမှ Gender Focal Point ၇၂ ဦးနှင့် Network ဖွဲ့စည်းထားရှိပြီး Gender Focal Point များက ကျား၊မ ရေးရာ အချက်အလက်များ ကောက်ယူစုစည်းပြီး ခြောက်လတစ်ကြိမ် အစီရင်ခံစာများ ပြုစုဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အမျိုးသမီး ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီ၏ဦးဆောင်မှုနှင့်အတူ ဝန်ကြီးဌာနများအကြား ပူးပေါင်းချိတ်ဆက်မှု အားကောင်းစေရန်နှင့် တိုင်းဒေသကြီး/ ပြည်နယ်/ ခရိုင်/ မြို့နယ် အမျိုးသမီးကော်မတီများအဆင့်ဆင့် ကြိုးကြပ်ဆောင်ရွက်ရန်မှာကြားသည်။

ထို့နောက် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသန်းစိုးက မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီ(၁/၂၀၂၅) အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြခြင်း၊ အစည်းအဝေးတက်ရောက်လာသည့် အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ နိုင်ငံတော်အဆင့်မဟာဗျူဟာစီမံကိန်း (NSPAW) ဦးဆောင်ကော်မတီ Focal ဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများက NSPAW ၂၀၂၃ -၂၀၃၂ ၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်နှင့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် နှစ်နှစ် အစီရင်ခံစာနှင့်ပတ်သက်၍ အကောင်အထည်ဖော်ဆောင်ရွက်မှု၊ အောင်မြင်မှု၊ အားသာချက်/ အားနည်းချက်များ၊ လက်ရှိအကောင်အထည်ဖော်ဆောင်ရွက်နေသည့် လုပ်ငန်းများနှင့် ရှေ့လုပ်ငန်းစဉ်များအားဆွေးနွေးခြင်း၊ ကျန်ဦးဆောင်ကော်မတီဝင်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများက NSPAW လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ လက်ရှိအကောင်အထည်ဖော်ဆောင်ရွက်နေသည့် လုပ်ငန်းများနှင့် ရှေ့လုပ်ငန်းစဉ်များအား ရှင်းလင်းဆွေးနွေးခြင်းနှင့် လူမှုဝန်ထမ်းဦးစီးဌာန၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်အပါအဝင် တိုင်းဒေသကြီး/ပြည်နယ်များမှ တင်ပြထားသည့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်နှင့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် နှစ်နှစ် အကောင်အထည်ဖော်ဆောင်ရွက်မှု အစီရင်ခံစာအရ အားနည်းချက်၊ အားသာချက်နှင့် အကြံပြုချက်များအား ရှင်းလင်းတင်ပြခြင်းများကို ဆောင်ရွက်ကြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**မြဝတီ**

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ ငလျင်ကြောင့်ထိခိုက်ခဲ့သည့် ဝန်ထမ်းအိမ်ရာများ တည်ဆောက်နေမှု ကြည့်ရှုစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၉

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီဝင်များ၊ တာဝန်ရှိသူများနှင့်အတူ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် နေပြည်တော်ကောင်စီ၏ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဇမ္ဗူသီရိမြို့နယ်တွင် တည်ဆောက်လျက်ရှိသည့် ဝန်ထမ်းအိမ်ရာ အပျိုဆောင် ၂၂ ပေ x ၄၄ ပေ သံကူကွန်ကရစ်အမျိုးအစား နှစ်ထပ်အဆောက်အအုံတည်ဆောက်နေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး တည်ဆောက်ရေးလုပ်ငန်းများကို သတ်မှတ်ချိန်အတွင်း အမြန်ပြီးစီးအောင်ဆောင်ရွက်ရေး၊ လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းစေရန် အလေးထားဆောင်ရွက်ရေး၊ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်ရေးတို့ကို တာဝန်ရှိသူများအနေဖြင့် အနီးကပ်ကြီးကြပ်ဆောင်ရွက်ကြရန် မှာကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် နေပြည်တော်ကောင်စီ၏ ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေဖြင့် အောင်လွှမ်းမိုးကုမ္ပဏီမှ တာဝန်ယူတည်ဆောက်လျက်ရှိသည့် နေပြည်တော်ကောင်စီဝင်းအတွင်းရှိ ဝန်ထမ်းအိမ်ရာ အပျိုဆောင် ၂၂ ပေ x ၄၄ ပေ သံကူကွန်ကရစ်အမျိုးအစား နှစ်ထပ်အဆောက်အအုံ တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား အရည်အသွေးပြည့်မီသောပစ္စည်းများကိုအသုံးပြုရေး၊ လူအင်အားနှင့် စက်ယန္တရားတိုးမြှင့်ဆောင်ရွက်ရေး၊



သဘာဝဘေးအန္တရာယ်များ ခံနိုင်ရည်ရှိအောင်ဆောင်ရွက်ရေးတို့ကို မှာကြားခဲ့ကြောင်း သိရသည်။

**အောင်ကို(ပုဗ္ဗသီရိ)**

# နေပြည်တော်ရင်ပြင်တွင်ကျင်းပသည့် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ဈေးရောင်းပွဲတော်တွင် လုပ်ငန်း/စီးပွား ချိတ်ဆက် (Business Matching) ပြခန်း ဆက်လက်ပါဝင်ပြသ



**နေပြည်တော် ဖေဖော်ဝါရီ ၉**

နေပြည်တော်ရင်ပြင်တွင် ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီလ ၈ ရက်မှ ၁၃ ရက်အထိ ကျင်းပသည့် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်၌ ပါဝင်ပြသလျက်ရှိသည့် လုပ်ငန်း/စီးပွား ချိတ်ဆက် (Business Matching) ပြခန်းတွင် တိုင်းဒေသကြီး/ ပြည်နယ်များမှ MSME လုပ်ငန်းရှင်များ၏ ထုတ်ကုန်များကို လုပ်ငန်းစတင်တည်ထောင်သည့် အချိန်မှစ၍ ပြည်တွင်းဈေးကွက်တွင်ရောင်းချခြင်း၊ ပြည်ပဈေးကွက်သို့ တင်ပို့ရောင်းချနိုင်သည် အထိ ချိတ်ဆက်နိုင်မည့်ဝန်ဆောင်မှုများ ဆောင်ရွက်ပေးလျက်ရှိသည်။

ပြပွဲကာလအတွင်း MSME စီးပွားရေး လုပ်ငန်းရှင်များအနေဖြင့် သက်ဆိုင်ရာဌာန များဖြစ်သည့် ကုန်သွယ်ရေးဦးစီးဌာနတွင် ပို့ကုန်/သွင်းကုန် လုပ်ငန်းရှင်လက်မှတ်၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာနတွင် FDA လက်မှတ်၊ မူပိုင်ခွင့်ဦးစီး ဌာနတွင် ကုန်အမှတ်တံဆိပ်မှတ်ပုံတင်ခြင်း နှင့် အခြားဦးစီးဌာနများ၌ တင်သွင်း/တင်ပို့ မှုဆိုင်ရာ ထောက်ခံချက်ကိစ္စရပ်များကို ရှင်းလင်းဆောင်ရွက်ပေးသည့် ဝန်ကြီးဌာန များနှင့် ချိတ်ဆက်ရေးလုပ်ငန်းအဖွဲ့၊ MSME စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် ဒေသ ထုတ်ကုန်များကို ပြည်တွင်းရှိ လက်လီ/ လက်ကားဆိုင်များဖြစ်သည့် MaKro၊ City Mart၊ One Stop Mart၊ Aeon စသည်တို့တွင် ကုန်ပစ္စည်းများပြသရောင်းချနိုင်ရေးအတွက် ဆောင်ရွက်ပေးသည့် ပြည်တွင်းဈေးကွက် ချိတ်ဆက်ရေးလုပ်ငန်းအဖွဲ့၊ MSME စီးပွား ရေးလုပ်ငန်းရှင်များအနေဖြင့် လုပ်ငန်းသစ် တစ်ခု စတင်တည်ထောင်ခြင်းနှင့် လုပ်ငန်း တိုးချဲ့ရေးဆောင်ရွက်ရာတွင် လိုအပ်သည့် ဘဏ္ဍာငွေကြေးနှင့် ချေးငွေရရှိနိုင်ရေးတို့ အတွက် ပြည်တွင်းရှိ Bank များဖြစ်သည့် ကမ္ဘောဇဘဏ်၊ CB ဘဏ်၊ AYA ဘဏ်၊ SME Development ဘဏ် စသည့်ဘဏ်များနှင့် ချိတ်ဆက်ဆောင်ရွက်ပေးသည့်ရင်းနှီးမတည် ငွေချိတ်ဆက်ရေးလုပ်ငန်းအဖွဲ့၊ MSME စီးပွားရေးလုပ်ငန်းရှင်များ၏ ထုတ်ကုန်များ ပြည်ပဈေးကွက်ဝင်ရောက်နိုင်ရေးအတွက် နိုင်ငံပေါင်း ၁၂ နိုင်ငံတွင် တာဝန်ပေး စေလွှတ်ထားသည့် စီးပွားရေးသံမှူး ၁၆ ဦးတို့နှင့် ချိတ်ဆက်ဆောင်ရွက်ပေး သည့်ပြည်ပဈေးကွက်ချိတ်ဆက်ရေးလုပ်ငန်း အဖွဲ့တို့ဖြင့် ဝန်ဆောင်မှုများပေးလျက်ရှိ သည်။

ပြပွဲဒုတိယမြောက်နေ့ရက်ဖြစ်သည့် ယနေ့တွင် ဝန်ကြီးဌာနများနှင့် ချိတ်ဆက် ရေးလုပ်ငန်းအဖွဲ့မှ MSME လုပ်ငန်းရှင် ၈၇ ဦး၊ ပြည်တွင်းဈေးကွက် ချိတ်ဆက်ရေး လုပ်ငန်းအဖွဲ့မှလက်လီ/လက်ကား ၁၁ ဆိုင် နှင့်တွေ့ဆုံသည့်လုပ်ငန်းရှင် ၄၁ ဦး၊ ရင်းနှီး မတည်ငွေချိတ်ဆက်ရေးလုပ်ငန်းအဖွဲ့မှ ဘဏ် ၁၃ ခုနှင့်တွေ့ဆုံသည့် လုပ်ငန်းရှင် ၄၀၊ ပြည်ပဈေးကွက်ချိတ်ဆက်ရေးလုပ်ငန်း အဖွဲ့မှ လုပ်ငန်းရှင် ၂၁ ဦးတို့နှင့် ချိတ်ဆက် ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

မြဝတီ

# ပြည်ပအလုပ်အကိုင် အလုပ်သမားသက်သေခံကတ် (Overseas Worker Identification Card-OWIC) ကတ်ဖိုးပေးသွင်းခြင်းနှင့်စပ်လျဉ်း၍ အသိပေးကြေညာချက်

အလုပ်သမားဝန်ကြီးဌာန၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာနအနေဖြင့် နိုင်ငံကူး လက်မှတ် (Passport for Job-PJ) ကိုင်ဆောင်ထားပြီး ပြည်ပသို့ သွားရောက်အလုပ် လုပ်ကိုင်မည့်အလုပ်သမားများ ပြည်ပနိုင်ငံသို့ရောက်ရှိသည့်အချိန် သက်ဆိုင်ရာ နိုင်ငံ၏ ဥပဒေပါ ခံစားခွင့်များရရှိနိုင်စေရန်နှင့် အလုပ်သမားရေးရာကိစ္စရပ်များ ဖြစ်ပေါ် လာသည့်အချိန် လွယ်ကူလျင်မြန်စွာ ဖြေရှင်းဆောင်ရွက်ပေးနိုင်ရေးအတွက် ပြည်ပ အလုပ်အကိုင် အလုပ်သမားသက်သေခံကတ် (Overseas Worker Identification Card-OWIC) ထုတ်ပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိပါသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာတွင် OWIC ကတ် ပြုလုပ်ခွင့်ရရှိကြောင်း ကြေညာ ခြင်းခံရသည့် အလုပ်သမားများအနေဖြင့် ၁-၃-၂၀၂၆ ရက်နေ့မှစ၍ OWIC ကတ်ဖိုးကျပ် ၅၆၀၀/- နှင့် ပျောက်ဆုံး/ ပျက်စီးပါက ဒဏ်ကြေးအဖြစ် ကျပ် ၂၂,၄၀၀/- ကို မြန်မာ့ စီးပွားရေးဘဏ်ခွဲများမှတစ်ဆင့် နေပြည်တော်၊ မြန်မာ့စီးပွားရေးဘဏ်တွင် ဖွင့်လှစ် ထားသည့် ပြည်ပတွင်အလုပ်လုပ်ကိုင်မှုကြီးကြပ်ရေးကော်မတီ၏ ငွေစာရင်းအမှတ် OA-013904 သို့ အလုပ်သမားကိုယ်တိုင် ငွေလွှဲလျှောက်လွှာဖြင့် ပေးသွင်းရမည်ဖြစ်ပါ သည်။

OWIC ကတ်ဖိုးငွေများအား OA-013904 သို့ ပေးသွင်းပြီးပါက ငွေပေးသွင်းခဲ့သည့် ငွေလွှဲလျှောက်လွှာ (မူရင်း)နှင့်အတူ မိတ္တူ(၁)စောင်အား ယူဆောင်၍ OWIC ပြုလုပ် ရမည့်နေ့ရက်တွင် အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၊ ကျွမ်းကျင်မှုလေ့ကျင့်ရေး သင်တန်းကျောင်း (မြောက်ဒဂုံ) OWIC ထုတ်ပေးရေးစင်တာသို့ လာရောက်ဆက် သွယ်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်းနှင့် ငွေစာရင်းအမှတ် မှားယွင်းပေးသွင်းခြင်း၊ ငွေလွှဲလျှောက်လွှာမမှန်ကန်ခြင်း၊ ငွေလွှဲလျှောက်လွှာ (မူရင်း) ပြသနိုင်မှုမရှိခြင်းတို့ ဖြစ်ပေါ်ပါက OWIC ကတ်ထုတ်ပေးမည်မဟုတ်ပါကြောင်း အသိပေးကြေညာအပ် ပါသည်။

အလုပ်သမားဝန်ကြီးဌာန

## "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်

မျက်မှောက်ကာလတွင်ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ရင်တွင်း ခံစားချက်စကားသံများအား သဇင် FM ၏ **"ပြည်သူ့ကြားက ပြည်သူ့စကား"**အစီအစဉ်မှ **"နားယောင်လို့ပဲ စွန့်ခွာခွာ၊ ခြိမ်းခြောက်မှုအခက်အခဲကြောင့်ပဲ စွန့်ခွာခွာ၊ နိုင်ငံတော်နဲ့အစိုးရရဲ့စေတနာထား ဖြေလျှော့ပေးချိန်မှာ CDM ခေါင်းစဉ်အောက်မှ ဝန်ထမ်းများ ဂုဏ်သိက္ခာနဲ့ဘဝအတွက် ဌာနေပြန်ဝင်သင့်"**ခေါင်းစဉ်ဖြင့် ၁၁-၂-၂၀၂၆ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ၁၈-၂-၂၀၂၆ ရက် မွန်းလွဲ ၁ နာရီတွင် **"တော်လှန်ရေးအကြောင်းပြအကြမ်းဖက်သမားတွေကြောင့် ပြည်သူတွေရဲ့ခရီးသွားလာရေးမှာ အခုချိန်ထိအခက်အခဲများ ကြုံနေရဆဲဖြစ်နေ"** ခေါင်းစဉ်ဖြင့် ဆက်လက်ဆွေးနွေးတင်ဆက်မည်ဖြစ်ပါသည်။ အထက်ပါအစီအစဉ်အား အပတ်စဉ်ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များ အနေဖြင့် အပတ်စဉ် ကြာသပတေးနေ့တိုင်း နံနက် ၁၀ နာရီ အချိန်မှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည် ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့်ပါဝင်လာ သည့် ပရိသတ်များ၏ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက် ပေးထားမည်ဖြစ်ကြောင်းအသိပေးကြေညာအပ်ပါသည်။

## ၉-၂-၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား ( ၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ** (၆,၉၀၀,၀၀၀)ကျပ်ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

# ကုန်တိုက်များနှင့် Mini Mart များ၌ အစားအသောက်ဘေးအန္တရာယ်ကင်းရှင်းစေရေး ရွေ့လျားဓာတ်ခွဲယာဉ်ဖြင့်စစ်ဆေး

**ထားဝယ် ဖေဖော်ဝါရီ ၉**

တနင်္သာရီတိုင်းဒေသကြီး အစား အသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန သည် အစာဆေးဝါးကော်မတီဝင်များနှင့် အတူ ဖေဖော်ဝါရီလ ၈ ရက်က ထားဝယ် မြို့ရှိ ကုန်တိုက်များနှင့် Mini Mart များသို့ အစားအသောက်ဘေးအန္တရာယ်ကင်းရှင်း စေရေးအတွက် ရွေ့လျားဓာတ်ခွဲယာဉ် (Mobile Lab Van)ဖြင့် လိုက်လံစစ်ဆေး ပြီး စားသောက်ကုန်မှတ်တမ်းတင်ခြင်း အကြောင်းအသိပညာပေးဆွေးနွေးကြသည်၊

ထိုကဲ့သို့ အစားအသောက်များကို စစ်ဆေးရာတွင် ကော်မတီဝင်များက ကုန်တိုက်များတွင် အစားအသောက်နမူနာ ၁၉ မျိုးကိုဝယ်ယူပြီး ၁၄ မျိုးကို ရွေ့လျား ဓာတ်ခွဲယာဉ်တွင်စစ်ဆေးရာ ခွင့်မပြု တာရှည်ခံဓာတုပစ္စည်းများ ပါဝင်မှုမရှိ ကြောင်း စစ်ဆေးတွေ့ရှိကြောင်းနှင့် ကျန် နမူနာငါးမျိုးအား တိုင်းဒေသကြီး FDA ဓာတ်ခွဲခန်းတွင် TLC Method ဖြင့် ခွင့်မပြု ဓာတုဆိုးဆေးများပါဝင်မှုရှိ/မရှိ စစ်ဆေးရာ ခွင့်မပြုဓာတုဆိုးဆေးများ ပါဝင်မှုမရှိ ကြောင်း သိရသည်။

ဆက်လက်၍ ကုန်တိုက်များနှင့် Mini Mart များရှိ တာဝန်ရှိသူများအား အစား အသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (FDA)၌ စားသောက်ကုန်များ၏ အမှတ် တံဆိပ်တွင် စားသောက်ကုန်သတ်မှတ် နံပါတ်ဖော်ပြနိုင်ရေးအတွက် စားသောက် ကုန်မှတ်တမ်းတင်ခြင်းကို FDA ၏ E-submission system မှတစ်ဆင့် လျှောက် ထားရယူနိုင်ရန် အသိပညာပေးဆွေးနွေး ကြောင်း သိရသည်။ **ငွေဇင်ယော်(ထားဝယ်)**

# ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇန်နဝါရီလတစ်လတာကာလအတွင်း အုန်းသီးအလုံးရေ ၆၇၀၀၀၀ ခန့်အထိ တင်ပို့ရောင်းချနိုင်ခဲ့

**ပန်းတနော် ဖေဖော်ဝါရီ ၉**

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော် မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇန်နဝါရီ လတစ်လတာကာလအတွင်း အုန်းသီး အလုံးရေ ၆၇၀၀၀၀ ခန့်အထိ တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း ပန်းတနော်မြို့နယ် ၌ အုန်းသီးရောင်းဝယ်ရေးလုပ်ငန်း လုပ် ကိုင်သူ ဒေါ်မြင့်မြင့်အေး၏ပြောဆိုချက် အရ သိရသည်။

ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက် သို့ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလက အုန်းသီး အလုံးရေ ၄၅၀၀၀၀ ခန့်သာ တင်ပို့ရောင်းချ နိုင်ခဲ့ပြီး ယခုနှစ် ဇန်နဝါရီလ ၁ ရက်မှ ၃၁ ရက်အထိ တစ်လတာကာလအတွင်း အုန်းသီးအလုံးရေ ၆၇၀၀၀၀ ခန့်အထိ တင်ပို့ရောင်းချနိုင်ခဲ့သည်။

ပန်းတနော်မြို့နယ်မှ ထွက်ရှိသည့် အုန်းသီးများကို အုန်းသီးအခြောက်၊ အစိမ်း၊ အနှ၊ အခွံခွာ၊ အခွံပါ စသည်ဖြင့် ပြုလုပ်ရောင်းချလျက်ရှိသည်။ အဆိုပါ ဒေသထွက်အုန်းသီးများ ဈေးကောင်း ရရှိလာခြင်း၊ ဝယ်လိုအားကောင်းလာ ခြင်းကြောင့် အုန်းခြံစိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူများ၊ ကုန်တင်ကုန်ချလုပ်သား များ၊ ပွဲရုံလုပ်ငန်းလုပ်ကိုင်သူများနှင့် ကုန် တင်ယာဉ်အငှားလိုက်သူများ အဆင်ပြေ လျက်ရှိကြောင်း သိရသည်။ **သုတကျော်**

# ပရိယတ္တိသာသနဟိတအသင်းကြီး၏ (၉၈)ကြိမ်မြောက် မဟာဓမ္မပူဇာဘွဲ့နှင်းသဘင်ကျင်းပ



**သထုံ ဖေဖော်ဝါရီ ၉**

မွန်ပြည်နယ် သထုံမြို့ ပရိယတ္တိသာသနဟိတ အသင်းကြီး၏ (၉၈)ကြိမ်မြောက် မဟာဓမ္မပူဇာ ဘွဲ့နှင်းသဘင်အခမ်းအနားကို ဖေဖော်ဝါရီလ ၈ ရက် နံနက်ပိုင်းတွင် မြသပိတ်တောင်ခြေ သဒ္ဓမ္မဇောတိကာရာမကျောင်းတိုက်အတွင်းရှိ ဘွဲ့နှင်းဓမ္မာရုံ၌ ကျင်းပသည်။

ရှေးဦးစွာ စာအောင်သံဃာတော်များအား ကြိုဆိုပင့်ဆောင်ကြပြီး ဝင်းပဇောတိကာရုံ ကျောင်းတိုက်ပဓာနနာယက အဂ္ဂမဟာဂန္ထ ဝါစကပဏ္ဍိတ ပိဋကတ္တရပါရဂူ နိုင်ငံတော်ဗဟို သံဃာ့ဝန်ဆောင် ဘန္ဒန္တသြဘာသာဘိဝံသထံမှ ဩဝါဒ ပရိသတ်အပေါင်းတို့က ငါးပါးသီလခံယူ ဆောက်တည်ကြသည်။

ဆက်လက်၍ ပရိယတ္တိသာသနဟိတ အသင်းဥက္ကဋ္ဌ ဦးတင်မြင့်နှင့်အမှုဆောင်တို့က (၉၈)ကြိမ်မြောက် မဟာဓမ္မပူဇာဘွဲ့နှင်းသဘင် ကျင်းပခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြား ကြပြီး အသင်းဥက္ကဋ္ဌနှင့်တာဝန်ရှိသူ တို့က ပရိယတ္တိသာသနဟိတအသင်းနာယက ဆရာတော်ကြီးများထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် (၉၈)ကြိမ်မြောက် သုဝဏ္ဏဘူမိ ပရိယတ္တိစာမေးပွဲမှ အဆင့်အတန်းအသီးသီးဖြင့် အောင်မြင်တော်မူခဲ့ကြသူများအား ပရိယတ္တိ သာသနဟိတအသင်းဥက္ကဋ္ဌနှင့် တာဝန်ရှိသူ တို့က ဘွဲ့တံဆိပ်အသီးသီးတို့ကို ဆက်ကပ် လှူဒါန်းကာ အလှူရှင်တို့က လှူဖွယ်ပစ္စည်းများ လောင်းလှူကြသည်။ ယင်းနောက် ပရိယတ္တိ သာသနဟိတအသင်းကြီးမှ ကျင်းပသည့် (၉၈)ကြိမ်မြောက် သုဝဏ္ဏဘူမိပရိယတ္တိ စာမေးပွဲကို ၂၀၂၅ ခုနှစ် ဇွန်လ ၁၈ ရက်မှ ၂၄ ရက်အထိ ခုနစ်ရက်ကြာကျင်းပခဲ့ရာ သံဃာတော် နှင့်သီလရှင်စုစုပေါင်း ၁၉၀ ကျော်ဝင်ရောက် ဖြေဆိုခဲ့ကြပြီး မဟာဓမ္မပူဇာဘွဲ့နှင်းသဘင်တွင် ပထမစာချဘွဲ့ရ ၃ ပါး၊ ဒုတိယစာချဘွဲ့ရ ၁၀ ပါး၊ အဆင့်အတန်းအသီးသီး၌ အောင်မြင် ကြသူ ၃၆ ပါးတို့အား ဘွဲ့တံဆိပ်နှင့် ဘွဲ့လက်မှတ်တို့ ဆက်ကပ်ပူဇော်ကြကြောင်း သိရသည်။

သထုံခရိုင်(ပြန်/ဆက်)

# ကျောက်ဆည်မြို့နယ်၌ အစိမ်းရောင်ခရမ်းသီးနှံစိုက်ပျိုးသူများ အောင်မြင်ဖြစ်ထွန်း



ကျောက်ဆည် ဖေဖော်ဝါရီ ၉

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့ ၌ ဆည်မြောင်းများပေါများ၍ စိုက်ပျိုးရေများ ရရှိသည့်အတွက် တောင်သူများအနေဖြင့် ရာသီအလိုက် သီးနှံမျိုးစုံစိုက်ပျိုးကြကြောင်း နှင့် ပင်တလည်ကျေးရွာ၌ စိုက်ပျိုးထားသော အစိမ်းရောင်ခရမ်းသီးနှံမျိုးပင်များ အောင်မြင် ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

ခရမ်းသီးနှံသည် မျိုးကွဲများစွာရှိပြီး စိုက်ပျိုး သူများအနေဖြင့် ဈေးကောင်းရရှိမည့် ခရမ်းမျိုးကို ရွေးချယ်စိုက်ပျိုးကြကြောင်း၊ ခရမ်း စိုက်ပျိုးခြင်းနှင့်ပတ်သက်၍ အပင်သေပျောက်မှု မရှိစေရေး ခရမ်းမျိုးစေ့များကို သီးသန့် ပျိုးထောင်ပြီး ပျိုးပင်သက်တမ်းတစ်လသား အရွယ်တွင် သန်မာသည့်မျိုးပင်များကို ရွေးချယ်၍ စိုက်ပျိုးရန်မြေပြုပြင်ထားသော စိုက်ကွင်းသို့ ပြောင်းရွှေ့စိုက်ပျိုးကြောင်း ခရမ်းစိုက်တောင်သူ ဦးမြင့်မောင်ကပြော သည်။

စိုက်ပျိုးရာတွင် တစ်ပင်နှင့်တစ်ပင် ၅ ပေ အကွာခန့်စိုက်ပျိုးပြီး အပင်ငယ်ချိန်၌ မြေဆွ ခြင်း၊ ပေါင်းမြက်ရှင်းခြင်းများပြုလုပ်ပေးရ၍ တစ်လလျှင်တစ်ကြိမ်နှုန်းဖြင့် သုံးကြိမ်ခန့် အပင်အခြေများတွင် အာမိုမြေသြဇာနှင့်ပုလဲ မြေသြဇာရောစပ်၍ သင့်တင့်ရုံကြဲပက်ကာ အစိုဓာတ်မပြတ်ရေသွင်းပေးရကြောင်း၊ လိုအပ် သည့်အချိန်များတွင် အပင်အားတိုးဆေး၊ ပိုးနှင်ဆေး၊ ပိုးသတ်ဆေးများဖျန်းပေးရကြောင်း၊ ခရမ်းပင်သည် အဆက်မပြတ်သီးသည့် သီးနှံပင် ဖြစ်ပြီး ယခုနှစ်တွင်စိုက်ပျိုးထားသည့်ခရမ်း မျိုးများ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

**သက်မောင်(ကျောက်ဆည်)**

## MWD Variety Channel

**၁၀-၂-၂၀၂၆(အင်္ဂါနေ့)**

၁။ ၀၉:၂၀ သိမှတ်ဖွယ်ရာသုတကမ္ဘာ

၂။ ၁၀:၃၀ ကျန်းမာသောဘဝ

၃။ ၁၁:၅၀ တိုင်းပြည်ဖွံ့ဖြိုး တိုးတက်ဖို့ MSME လုပ်ငန်းများ မြင့်တင်စို့

၄။ ၁၂:၄၀ စကားလက်ဆုံ

## တောင်ယာခုတ်ထွင်မီးရှို့ခြင်း၊ ရိုးပြတ်များမီးရှို့ခြင်းနှင့် တောမီးရှို့ခြင်းကြောင့် ထိခိုက်နိုင်မှုများ

တောင်ယာခုတ်ထွင်မီးရှို့ခြင်း၊ ရိုးပြတ်များမီးရှို့ခြင်းနှင့် တောမီးရှို့ခြင်းတို့ကြောင့် အောက်ပါအချက်များဖြစ်ပေါ်နိုင်ပါသည်-

(က) မီးခိုးမြူငွေ့ကြောင့် လေထုညစ်ညမ်းခြင်းနှင့် ကျန်းမာရေးထိခိုက်နိုင်ခြင်း။

(ခ) ကမ္ဘာကြီးပူနွေးလာခြင်းနှင့် ရာသီဥတုပြောင်းလဲမှုဖြစ်ပေါ်ခြင်း။

(ဂ) မြေဆီသြဇာခန်းခြောက်ခြင်းနှင့် သီးနှံများအထွက်နှုန်းလျော့နည်းခြင်း။

(ဃ) သစ်တောထွက်ပစ္စည်းများဆုံးရှုံးခြင်းနှင့် လူနေမှုဘဝကို ထိခိုက်စေနိုင်ခြင်း။

**စည်းလုံးချစ်ကြည် မြဲခိုင်ကျည် ပေါင်းစုညီညာ ပြည်သာယာ။**

(၇၉)နှစ်မြောက် ပြည်ထောင်စုနေ့ အကြိုဂုဏ်ပြုကဗျာ

## ရွှေသီးဖို့ ရွှေခေတ်တည်

✤ ကချင် ကယား ကရင် ချင်း ဗမာ မွန်နှင့်
နှင်းတာဝန် အပြိုင်ထမ်းပါတဲ့
ရခိုင် ရှမ်း မောင်နှမတစ်တွေက
ဆောင်သမျှအထွေထွေ အောင်စေသောရယ်လို့
ပြောစကား...တည်ကြည်
သဘောထား...ညီညီနဲ့
ဒီမိုကရေစီ စည်အောင်ပြုတယ်လ
ပြည်ထောင်စု အညွန့်တွေဖြာလို့
အခွန့်ရှည်ကာ ရွှေခရီးမှာ
ရွှေသီးဖို့ ရွှေခေတ်တည်။

✤ ပြည်ထောင်စုဖွားတွေမို့
ပြည်ထောင်စုသားတွေက
ပြည်ထောင်စုအားပါပဲ
ပြည်ထောင်စုတရား မသွေဖည်ပါဘူး
အခြေတည် ဘိုးဘွားအစဉ်အဆက်ရယ်က
နီးကြားလျှင်သွက် ထက်မြက်သည်ကွဲ့
တက်လက်ညီ အပွဲပွဲမှာလည်း
ဖွဲ့နပဲမာ မြန်မာမျိုးရယ်လို့
မော်ကွန်းထိုး ပုံရိပ်လွှာနဲ့
ဂုဏ်သိက္ခာ ကမ္ဘာတစ်လွှားမှာ
ထင်ရှားခဲ့သည်။

✤ ခိုင်ခံ့အောင် တည်ထောင်ပြုပေးနေတဲ့
နိုင်ငံ့တန်ဆောင် ပြည်ထောင်စုသွေးတွေက
ပြည်ထောင်စုအရေး သန္နိဋ္ဌာန်နဲ့
ရည်စိတ်သန် ပွားဉာဏ်ဖက်ပါလို့
အားမာန်တက် အောင်နိမိတ်ယူပြီး
အောင်စိတ်ထူ အောင်သံကြွေးပြီပေါ့
"တိုင်းပြည်သာယာ ဝပြောရေးရယ်နဲ့
စားရေရိက္ခာ ဖူလုံရေး"တို့ကို
ဦးစားပေး အထူးတလည်
ဦးတည်လို့ ဆောင်ပိုး။

✤ သွေးချင်းတို့ရေ
မွေးသင်း စည်ဖြာဝေလို့
ပြည်ရွာတွေ စိမ်းလန်းအေးရအောင်
ငြိမ်းချမ်းရေး တေးချိုချိုနဲ့
အရေးဆို အတူတွဲပါလို့
အေးအတူ ပူမခွဲပါဘူး
အမြဲအစဉ် တစည်းတလုံးပါပဲ
တပြုံးပြုံး တရွှင်ရွှင်
တလွင်လွင် တလန်းလန်း
ရှေ့သို့ချီ ညီညီလှမ်းကြမယ်
ထမ်းရွက်ကောင်းကျိုး။ ။

**ရေနံ့သာမောင်ကျော်ညွန့်**

# အရိပ်

**မစန္ဒာ**

**ယမန်နေ့မှအဆက်**

မရွှင်မပျလေးရယ်သည်ကပင် သူ့ကိုကြည့်ရသည်မှာ စွဲမက်ဖွယ်ကောင်းနေသည်။ ဝမ်းနည်းကြေကွဲနေဟန်ရှိသော မျက်လုံးညိုကြီးများက တစ်ဖက်သား၏နှလုံးသားအစုံကို လှုပ်ခတ်နိုင်စေဟန်ရှိသည်။

'ညီမမှာ ချစ်သူများရှိပြီလား၊ စိတ်မဆိုးနဲ့နော်၊ မမက ညီမရင်းလို ချစ်လို့မေးတာပါ'

မမစောက ဆိုင်းမပါ ဗုံမပါ မြန်းစားကြီးမေးသောအခါ သက်သက် လန့်သွားသည်။ မဆီမဆိုင်မေးခြင်းဖြစ်၍ စိတ်ထဲတွင် မနှစ်မမြို့ဖြစ်သွားသော်လည်း ခပ်ပြုံးပြုံးပင် ခေါင်းယမ်းပြလိုက်သည်။

'အဲဒါပဲ ကောင်းတယ်'

'ဘာဖြစ်လို့လဲ ဟင်'

ချစ်ခြင်းဆိုတာ ဆင်းရဲခြင်းပဲ ညီမလေးရဲ့၊ ညီမဘယ်သူ့ကိုမှ မချစ်နဲ့၊ အဲဒါဆိုရင် ဘယ်တော့မှ စိတ်ဆင်းရဲရမှာမဟုတ်ဘူး၊ ချစ်တတ်လာတဲ့တစ်နေ့မှာ ညီမရဲ့မျက်နှာပေါ်က အပြုံးလေးပျောက်သွားမှာ မမက စိုးရိမ်လို့'

မမစောသည် သက်သက်၏မျက်နှာပြည့်ပြည့်ဖောင်းဖောင်းလေးကို ချစ်ခင်စွာကြည့်ရင်း ပြောသည်။ သက်သက်သည် ပြုံးရယ်ရင်းမှ ပင့်သက်ရှိုက်လိုက်မိလေသည်။

'သက်သက် ချစ်တတ်သားပဲ မမစောရဲ့'

'ဟုတ်ဘူးကွယ်၊ သက်သက်က မေတ္တာထားတတ်တာပါ၊ ပူပူလောင်လောင် ပြင်းပြင်းပြပြ ချစ်တတ်တဲ့ ဖိုမအချစ်ကို မမက ပြောနေတာ'

သူသည် သူ့ယောကျ်ားအကြောင်းကို တွေးပြီးပြောနေသည် ထင်သည်။ မေတ္တာကိုတန်ဖိုးထားတတ်သော မမစောလိုအမျိုးသမီးမျိုးသည် နံပါတ်နှစ်လည်းမဖြစ်သင့်၊ ထိုသို့သောယောကျ်ားမျိုးနှင့်လည်း မပေါင်းဆုံသင့်ဟု သက်သက်တွေးနေမိလေသည်။

'ဟော၊ ပြောရင်းဆိုရင်း သူလာပြီ'

မမစောသည် လှဲနေရာမှ လက်လေးထောက်၍ ထလိုက်ကာ ဝမ်းသာအားရပြောသည်။ သက်သက်သည် ထိတ်ခနဲရင်ခုန်သွားရင်း လှည့်ကြည့်လိုက်သည်။ သူ့ဝမ်းတွင်းမှကျိတ်ပြီး မနှစ်မမြို့ဖြစ်နေသော စုလှိုင်၏ဖခင်၊ မမစော၏ယောကျ်ားကို အနီးကပ်တွေ့လိုက်ရသည်။

'ဒီနေ့ ဆင်းရမယ် မဟုတ်လား'

'ဟုတ်တယ် မောင်၊ စောလည်း မျှော်နေတာ'

မမစောသည် ချိုသာသောအသံနှင့် ခပ်နွဲ့နွဲ့ပြောသည်။ လှဲနေရာမှ ထ၍ထိုင်သော်လည်း သက်သက်သည် သူ့ကို မဖေးမမိဘဲ စုလှိုင်၏ဖခင်ကိုသာ ငေးစိုက်ကြည့်နေမိသည်။ အသက်ငါးဆယ်ခန့်ရှိပြီဖြစ်သော်လည်း သွက်လက်ဖျတ်လတ်သည်။ အသားဖြူ၍ အရပ်မြင့်ကာ

**"မမစောသည် ချိုသာသောအသံနှင့် ခပ်နွဲ့နွဲ့ပြောသည်။ လှဲနေရာမှထ၍ထိုင်သော်လည်း သက်သက်သည် သူ့ကို မဖေးမမိဘဲ စုလှိုင်၏ဖခင်ကိုသာ ငေးစိုက်ကြည့်နေမိသည်။ အသက်ငါးဆယ်ခန့်ရှိပြီဖြစ်သော်လည်း သွက်လက်ဖျတ်လတ်သည်။ အသားဖြူ၍ အရပ်မြင့်ကာ သူ့နှုတ်ခမ်းများသည် စုလှိုင်၏နှုတ်ခမ်းလေးများကဲ့သို့ပင် ထူဝန်းပြည့်ဖြိုးလေသည်။ ဆံပင်များကမူ ဆေးဆိုးထားသည်လား၊ တကယ်ပင် မဖြူသေးသည်လား မခွဲခြားတတ်ပေ . . ."**

သူ့နှုတ်ခမ်းများသည် စုလှိုင်၏ နှုတ်ခမ်းလေးများကဲ့သို့ပင် ထူဝန်းပြည့်ဖြိုးလေသည်။ ဆံပင်များကမူ ဆေးဆိုးထားသည်လား၊ တကယ်ပင် မဖြူသေးသည်လား မခွဲခြားတတ်ပေ။

ထိုစဉ် သူသည် သက်သက်ကိုငဲ့၍ကြည့်သည်။ ထို့နောက် မပွင့်တပွင့် ပြုံးပြလေသည်။

'သိပ် မိန်းမပွေတဲ့လူကြီး'ဟု သက်သက်က စိတ်တွင်းမှရေရွတ်လိုက်မိသည်။ ကြောက်ရွံ့လှုပ်ရှားမိသလို ရင်ခုန်လာပြီး ရုတ်တရက်ပြန်ပြုံး၍မရဘဲ မျက်နှာမှအကြောများသည် တင်းမာနေသည်။ ထို့နောက်မှ ခဲခဲယဉ်းယဉ်းပြန်၍ ပြုံးပြလိုက်ရသည်။ သို့သော်လည်း အပြုံးရှင်မလေးဘွဲ့ရ သက်သက်၏အပြုံးသည် အသက်မဝင်ဘဲ ခြောက်ကပ်ကပ်ဖြစ်နေလိမ့်မည်ကို ကိုယ့်ဟာကိုယ် အလိုလိုသိနေလေသည်။

■ ■ ■ ■ ■

ခပ်ကျဲကျဲကျနေသော မိုးပေါက်များသည် တဖြည်းဖြည်းစိပ်လာသည်။ အရှိန်ပြင်းပြင်းနှင့် ခုန်ဆင်းလာကြသည်။

အမာညိုသည် ထိုမိုးစက်မိုးပေါက် အေးစိမ့်စိမ့်လေးများကို မျက်နှာမော့၍ ခံယူရင်း ပျော်ရွှင်လာသည်။ မြို့လယ်ကောင်တွင်သာမဟုတ်လျှင် မိုးရေထဲတွင် အော်ဟစ်ပြီး ပြေးလွှားဆော့ကစားမိမည်လား မပြောတတ်ပေ။

'မာညို မြန်မြန်လာလေ၊ မိုးတွေရွာနေပြီ'

မိမိလေးက အမာညို၏လက်ကိုဆွဲကာခေါ်သည်။ အမာညိုက ရယ်မောရင်း သူ့လက်ကိုပြန်ရုန်းသည်။ မိုးရွာထဲတွင် ထီးမပါဘဲ လျှောက်ရသောအရသာသည် ဘာနှင့်မျှမတူပေ။ အလွန်ပျော်စရာကောင်းသည်။

သူတို့တစ်တွေသည် အောင်ဆန်းကွင်းမှပြန်လာကြခြင်းဖြစ်သည်။ ပဉ္စမအကြိမ်မြောက် အရှေ့တောင်အာရှကျွန်းဆွယ်ပွဲကို ရန်ကုန်မြို့၌ ကျင်းပမည်ဖြစ်သည်။ ထို့ကြောင့် မီးရှူးစင်အသစ်ဆောက်လုပ်ရန်အတွက် သူတို့သည် စင်မြင့်နှင့်နေရာကို လာ၍ကြည့်ကြရလေသည်။ ပတ်ဝန်းကျင်အခြေအနေနှင့် နေရာအနိမ့်အမြင့်ကိုသိသောအခါမှ တစ်ဦးချင်းပုံစံတစ်မျိုးစီ ရေးဆွဲတင်ရမည်ဖြစ်သည်။

မိုးတွင်းပင်ဖြစ်သော်လည်း သူတို့တွင် ထီးမပါကြပေ။ ထို့ကြောင့် အများစုက နီးရာသမ္ဘတရုံဘက်ပြေးကြသော်လည်း အမာညိုကမူ အေးအေးဆေးဆေးလျှောက်နေသည်။ သမ္ဘတရုံအရှေ့ဘက်ရှိ ဘုရားရှိခိုးကျောင်းဝင်းထဲဝယ် ဇီဇဝါပန်းများပွင့်နေသည်။ ဖွေးနုဖြူဆွတ်နေသောပန်းလေးများကို ကြည့်ရင်း ခူးယူချင်စိတ်ပေါက်လာသည်။

'မိမာညို နင်ရူးနေသလား၊ မိုးရွာနေတာဟ၊ ပန်းကြဲနေတာမဟုတ်ဘူး'

မိမိလေးက စိတ်မရှည်ဘဲအော်သည်။ သနပ်ခါးထူထူလိမ်းထားသောသူ့မျက်နှာကို မိုးရေများက ကွက်ကျားပက်ဖျန်းထားသဖြင့် ကွက်တိကွက်ကျားဖြစ်ကာ ရယ်ဖွယ်ကောင်းနေသည်။

'သိသားပဲ'

'သိရင်လာလေဟာ၊ ရွှဲတော့မယ်'

'ရွှဲတော့ကောင်းတာပေါ့ မိမိလေးရဲ့၊ ကြည့်စမ်း၊ မိုးပေါက်လေးတွေ မျက်နှာလာထိတာ ဘယ်လောက်ခံလို့ကောင်းသလဲ'

'အရူးမ'

မိမိလေးသည် ဒေါနှင့်မောနှင့်ထောမနာပြုကာ သူ့ခေါင်းကိုလက်ဝါးလေးနှစ်ဖက်ဖြင့်အုပ်ရင်း လမ်းကိုအပြေးဖြတ်ကူးသွားသည်။

သမ္ဘတရုံဘေးရှိ ကသစ်ပင်လေးအောက်တွင် မုန့်ဆိုင်များတန်းစီနေသည်။ ပေါက်ကျိုင်းနှင့် မြတ်ကိုကိုတို့သည် ကော်ပြန့်ဆိုင်လေးတွင် ရောက်နှင့်နေကြပြီဖြစ်သည်။

'အမာညိုရောဗျ'

ပေါက်ကျိုင်းက ဆီးမေးသောအခါ အပြေးအလွှားရောက်လာသော မိမိလေးက မျက်နှာကိုတအားမဲ့လိုက်သည်။ ထို့နောက် လမ်းမဘက်သို့ မေးငေါ့ပြသည်။ အမာညိုသည် လသာသာတွင် ပင်လယ်ကမ်းစပ်၌ လေညင်းခံ လမ်းလျှောက်နေသူကဲ့သို့ အေးအေးဆေးဆေးလျှောက်လာနေသည်။

'ဗျို့ အမာညို၊ မြန်မြန်လာလေ'

ပေါက်ကျိုင်းက လှမ်းအော်သည်။ မြတ်ကိုကိုကမူ စိတ်ပျက်သလို တစ်ဖက်သို့လှည့်သွားလေသည်။ ရူးတူးတူးပေါတောတောနှင့် စိတ်ထင်ရာ စွတ်လုပ်တတ်သော အမာညိုဟူသည့်မိန်းကလေးကို သူက သိပ်ပြီးကြည့်မရချင်ပေ။

'ဖျားနေဦးမယ်နော်'

စိုးရိမ်စိတ်ကဲနေသောပေါက်ကျိုင်းကိုကြည့်ရင်း အမာညိုက ရယ်လေသည်။ သူ့တစ်မျက်နှာလုံး ရွှဲရွှဲစိုနေပြီး ဆံပင်များသည် မိုးရေများနှင့် စိုကပ်ကာ အချောင်းအချောင်းဖြစ်နေသည်။ ဝတ်ထားသောအင်္ကျီက ထူထဲသဖြင့် တော်သေးသည်ဟု မိမိလေးက တွေးမိသည်။

'သေမှအေးမှာ'

မြတ်ကိုကိုက မကြားတကြားပြောသည်။ ပေါက်ကျိုင်းနှင့် အမာညိုတို့၏ဆက်ဆံရေးသည် သူငယ်ချင်းမက သံယောဇဉ်နှောင်တည်းမိကြသော်လည်း သမီးရည်းစားဟူ၍လည်း သတ်မှတ်မရသေးချေ။ သို့သော် သူတို့နှစ်ဦးသည် တစ်ဦးနှင့်တစ်ဦးသက်ဆိုင်ကြသည်ဟု အားလုံးက အလိုလိုသတ်မှတ်ထားပြီးဖြစ်သည်။ **ဆက်လက်ဖော်ပြပါမည်။**

## ဇလွန်မြို့နယ် အညာစုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းဆောင်ရွက်မှုများ ကွင်းဆင်းစစ်ဆေး

**ဇလွန် ဖေဖော်ဝါရီ ၉**

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် ဇလွန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အညာစုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေများဖြင့် စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ဖေဖော်ဝါရီလ ၈ ရက်က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ဇလွန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ဇင်လင်းထက်နှင့်တာဝန်ရှိသူများသည် အညာစုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းအသင်းသား၊ အသင်းသူများက စီမံကိန်းလုပ်ငန်းများဖြစ်သည့် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်နေမှုအခြေအနေများကိုကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့်တွေ့ဆုံကာ လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းပုံစံများ ပြည့်စုံမှုရှိ၊ မရှိစစ်ဆေးသည်။

အဆိုပါကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်က ရန်ပုံငွေ ငွေကျပ် သိန်း ၃၀၀ ဖြင့် စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ အသင်းသား ၁၇၅ ဦးကို စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်းများ လုပ်ကိုင်နိုင်ရန် နဝမအကြိမ်မြောက် ရန်ပုံငွေ ငွေကျပ်သိန်း ၄၅၀ ထုတ်ချေးပေးခဲ့ပြီး စီမံကိန်းလုပ်ငန်းများ လည်ပတ်လုပ်ကိုင်လျက်ရှိကြောင်း သိရသည်။

**ချိုသန်းညွန့်(ကျေးလက်)**

## မိုးကောင်းကင်ဆာကုသရေးစင်တာ၌ ကမ္ဘာ့ကင်ဆာရောဂါများနေ့ အထိမ်းအမှတ် ကျန်းမာရေးဆွေးနွေးပွဲကျင်းပ




ရန်ကုန် ဖေဖော်ဝါရီ ၉

ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ် မိုးကောင်းလမ်းရှိ မိုးကောင်းကင်ဆာကုသရေးစင်တာ၌ ကမ္ဘာ့ကင်ဆာရောဂါများနေ့ အထိမ်းအမှတ်အဖြစ် ကျန်းမာရေးဆွေးနွေးပွဲကို ဖေဖော်ဝါရီလ ၉ ရက်တွင် ကျင်းပသည်။

ရှေးဦးစွာ မိုးကောင်းကင်ဆာကုသရေးစင်တာမှ ပါမောက္ခ ဒေါက်တာရင်ရင်ဇော်က ကင်ဆာရောဂါအကြောင်းသိကောင်းစရာကိုလည်းကောင်း၊ ပါမောက္ခဒေါက်တာဦးစိန်လင်းက ကင်ဆာကုထုံးသစ်များအကြောင်းကိုလည်းကောင်း၊ ဓာတ်ရောင်ခြည်ကုသမှုပါရဂူ ဒေါက်တာညီညီလွင်က ကင်ဆာနှင့် ဓာတ်ရောင်ခြည်ကုထုံးသစ်များအကြောင်းကိုလည်းကောင်း အသီးသီး ဆွေးနွေးကြသည်။

ထို့နောက် အခမ်းအနားသို့တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းရာ ကင်ဆာပါရဂူဆရာဝန်ကြီးများက မေးမြန်းမှုများအပေါ် ပြန်လည်ဆွေးနွေးဖြေကြားသည်။

ဆက်လက်၍ ဆွေးနွေးပွဲတွင် ပါဝင်ဟောပြောပေးသော ကင်ဆာပါရဂူ ဆရာဝန်ကြီးများအား Right and Bright Company မှ တာဝန်ရှိသူများက အမှတ်တရလက်ဆောင်များ ပေးအပ်သည်။

မိုးကောင်းကင်ဆာကုသရေးစင်တာ၌ ကျွမ်းကျင်သော ကင်ဆာအထူးကုဆရာဝန်ကြီးများက ကင်ဆာရောဂါနှင့် ဆေးသွင်းကုသမှုဆိုင်ရာအကြောင်းသိကောင်းစရာများ၊ ဓာတ်ရောင်ခြည်ကုသမှုများအကြောင်း ဆွေးနွေးပွဲများ ကျင်းပလျက်ရှိပြီး ယခုအကြိမ်အပါအဝင် ခုနစ်ကြိမ်မြောက်ရှိပြီဖြစ်ကြောင်း သိရသည်။

**ချမ်းမြေ့**



အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးကျော်ထက် ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် အခြေခံစစ်ပညာသင်တန်းနှင့် တန်းမြင့်စစ်ပညာသင်တန်းများတက်ရောက်သည့် တက္ကသိုလ်လေ့ကျင့်ရေးတပ်ဖွဲ့ဝင် ဆရာ၊ ဆရာမများနှင့်ကျောင်းသား၊ ကျောင်းသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။



ရန်ကုန်တိုင်းစစ်ဌာနချုပ်၌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် တက္ကသိုလ်လေ့ကျင့်ရေးတပ်ဖွဲ့ဝင် ဆရာ၊ ဆရာမများနှင့်ကျောင်းသား၊ ကျောင်းသူများအား အခြေခံစစ်ပညာသင်တန်းနှင့် တန်းမြင့်စစ်ပညာသင်တန်းများ ဖွင့်ပွဲကျင်းပစဉ်။



တောင်ပိုင်းတိုင်းစစ်ဌာနချုပ်၌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် တက္ကသိုလ်လေ့ကျင့်ရေးတပ်ဖွဲ့ဝင် ဆရာ၊ ဆရာမများနှင့်ကျောင်းသား၊ ကျောင်းသူများအား အခြေခံစစ်ပညာသင်တန်းနှင့် တန်းမြင့်စစ်ပညာသင်တန်းများ ဖွင့်ပွဲကျင်းပစဉ်။



အရှေ့တောင်တိုင်းစစ်ဌာနချုပ်၌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် တက္ကသိုလ်လေ့ကျင့်ရေးတပ်ဖွဲ့ဝင် ဆရာ၊ ဆရာမများနှင့်ကျောင်းသား၊ ကျောင်းသူများအား အခြေခံစစ်ပညာသင်တန်းနှင့် တန်းမြင့်စစ်ပညာသင်တန်းများ ဖွင့်ပွဲကျင်းပစဉ်။




အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်နိုင်ဦး ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် အခြေခံစစ်ပညာသင်တန်းနှင့် တန်းမြင့်စစ်ပညာသင်တန်းများတက်ရောက်သည့် တက္ကသိုလ်လေ့ကျင့်ရေးတပ်ဖွဲ့ဝင် ဆရာ၊ ဆရာမများနှင့်ကျောင်းသား၊ ကျောင်းသူများအတွက် ချီးမြှင့်ငွေများ ပေးအပ်စဉ်။



နေပြည်တော်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် အခြေခံစစ်ပညာသင်တန်းနှင့် တန်းမြင့်စစ်ပညာသင်တန်းများတက်ရောက်သည့် တက္ကသိုလ်လေ့ကျင့်ရေးတပ်ဖွဲ့ဝင် ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

■ **ကျောဖုံးမှအဆက်**

ထိုသို့ ဖွင့်လှစ်ပေးလျက်ရှိရာ ယနေ့တွင် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် တက္ကသိုလ်လေ့ကျင့်ရေးတပ်ဖွဲ့ဝင်များ အခြေခံစစ်ပညာသင်တန်းနှင့် တန်းမြင့်စစ်ပညာသင်တန်း ဖွင့်ပွဲများကို နေပြည်တော်ကောင်စီနယ်မြေတွင်လည်းကောင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးမြို့တွင်လည်းကောင်း၊ မွန်ပြည်နယ်၊ မော်လမြိုင်မြို့တွင်လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်တွင်လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့တွင်လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်တွင်လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့တွင်လည်းကောင်း နယ်မြေခံသင်တန်းကျောင်းများ၌ ကျင်းပပြုလုပ်ကြသည်။

အဆိုပါသင်တန်းဖွင့်ပွဲများသို့ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ ပြည်သူ့စစ်နှင့်နယ်ခြားတပ်များ ညွှန်ကြားရေးမှူးရုံးမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တက္ကသိုလ်အသီးသီးမှ ပါမောက္ခချုပ်များ၊ တက္ကသိုလ်လေ့ကျင့်ရေးတပ်ဖွဲ့ဝင် ဆရာ၊ ဆရာမများ၊ သင်တန်းတာဝန်ခံ အရာရှိများ၊ သင်တန်း ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြပြီး တိုင်းမှူးများနှင့် တာဝန်ရှိသူများက အဖွင့်အမှာစကားများ အသီးသီး ပြောကြားကြသည်။

ထို့နောက် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တက်ရောက်လာကြသူများက သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ တက္ကသိုလ်လေ့ကျင့်ရေးတပ်ဖွဲ့ဝင်ကျောင်းသား၊ ကျောင်းသူများ၏ ကပြဖျော်ဖြေမှုများကို ကြည့်ရှုအားပေးကြသည်။ ယင်းနောက် တက္ကသိုလ်လေ့ကျင့်ရေးတပ်ဖွဲ့ဝင် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများက ဂုဏ်ပြုချီးမြှင့်ငွေများနှင့် စားသောက်ဖွယ်ရာများပေးအပ်ရာ တာဝန်ရှိသူများက အသီးသီးလက်ခံရယူကြသည်။

ယခုဖွင့်လှစ်သော သင်တန်းများအနေဖြင့် ပထမနှစ် အခြေခံစစ်ပညာသင်တန်း၊ ဒုတိယနှစ် အခြေခံစစ်ပညာသင်တန်း၊ ပထမနှစ် တန်းမြင့်စစ်ပညာသင်တန်းနှင့် ဒုတိယနှစ် တန်းမြင့်စစ်ပညာသင်တန်းတို့ဖြစ်ပြီး သာမန်သင်တန်းချိန်နှင့် စခန်းချလေ့ကျင့်ချိန်အလိုက် သင်ကြားပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(၁၀၀)







# ပင်စင်လုပ်ငန်းဆိုင်ရာ အထောက်အကူပြုသင်တန်းဖွင့်လှစ်



**နေပြည်တော် ဖေဖော်ဝါရီ ၉**

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပင်စင်ဦးစီးဌာန ပင်စင်လုပ်ငန်းဆိုင်ရာ အထောက်အကူပြု သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါဝန်ကြီးဌာန၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲသို့ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ သင်တန်းနည်းပြများ၊ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

ဖွင့်ပွဲအခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက နိုင်ငံ့ဝန်ထမ်းများ အငြိမ်းစားယူသည့်အခါ ပင်စင်အကျိုးခံစားခွင့်များ လျင်မြန်စွာရရှိစေရန်နှင့် ပင်စင်အမှုတွဲများ တွက်ချက်ရာတွင်လည်းကောင်း၊ ငွေပေးမိန့်ထုတ်ပြန်ခြင်းများ ဆောင်ရွက်ရာတွင်လည်းကောင်း မှန်ကန်မြန်ဆန်စွာ ဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ ယခုသင်တန်းကို ဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း။

နိုင်ငံတော်အနေဖြင့် အမျိုးသားပင်စင်စနစ် (National Pension System) ပေါ်ပေါက်လာစေရေးအတွက် ရေရှည်တည်တံ့ပြီး မျှတသည့်ပင်စင်စနစ်ဖြစ်ပေါ်လာစေရန် ဆောင်ရွက်လျက်ရှိရာ လက်ရှိပင်စင်စနစ်ကို မူဘောင်အတွင်းမှ ပြုပြင်ပြောင်းလဲခြင်း (Parametric Reform) နှင့် ရန်ပုံငွေကိုအခြေခံ၍ ပင်စင်အကျိုးခံစားခွင့်ပြုသည့်စနစ် (Systemic Reform)သို့ ပြောင်းလဲဆောင်ရွက်နိုင်ရေးအတွက် ဝန်ထမ်းနောင်ရေး ဗဟိုရန်ပုံငွေ (Central Provident Fund) ထူထောင်နိုင်ရန် လိုအပ်သည့်ဥပဒေပြဋ္ဌာန်းနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း။

ပင်စင်ဆိုင်ရာ စာရွက်စာတမ်းနှင့် မှတ်တမ်းများသည် အငြိမ်းစားဝန်ထမ်းများအတွက် လွန်စွာအရေးကြီးသဖြင့် တိုးတက်လာသည့် ICT နည်းပညာကို အသုံးပြု၍ မှတ်တမ်းထိန်းခြင်းစနစ် (Record Keeping System) ကို စနစ်တကျဆောင်ရွက်ကြရန်လိုကြောင်း ပြောကြားသည်။

အဆိုပါသင်တန်းသို့ အရာထမ်း၊ အမှုထမ်း ၆၀ တက်ရောက်ကြမည်ဖြစ်ပြီး သင်တန်းကာလမှာ ရက်သတ္တလေးပတ်ကြာမြင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **မြဝတီ**

# ၂၀၂၆ ခုနှစ် အာဆီယံခရီးသွားလုပ်ငန်းဆိုင်ရာ စံနှုန်းဆုများရရှိခဲ့သည့် မြန်မာနိုင်ငံမှ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းများအား ထပ်ဆင့်ဂုဏ်ပြုချီးမြှင့်ပွဲကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၉**

ဖိလစ်ပိုင်နိုင်ငံ စီဘူးမြို့၌ကျင်းပသည့် အာဆီယံခရီးသွားလုပ်ငန်းဖိုရမ်-၂၀၂၆ တွင် အာဆီယံခရီးသွားလုပ်ငန်းဆိုင်ရာစံနှုန်းဆု ရရှိခဲ့သူများအား ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနက ဆုတံဆိပ်နှင့်ဂုဏ်ပြုလက်မှတ်များ ထပ်ဆင့်ဂုဏ်ပြုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဟိုတယ်ဇုန်ရှိ Hotel Max ၌ ကျင်းပသည်။



အခမ်းအနားတွင် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်က အာဆီယံဒေသတွင်း ခရီးသွားလုပ်ငန်းကဏ္ဍ ရေရှည်ဖွံ့ဖြိုးတိုးတက်စေရေးအတွက်မဟာဗျူဟာများ ချမှတ်အကောင်အထည်ဖော်ဆောင်ရာတွင် ခရီးသွားလုပ်ငန်းနှင့်ဆက်စပ်သူအားလုံး ကဏ္ဍအလိုက်ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုအားကောင်းခိုင်မာလာစေရန် ရည်ရွယ်၍ အာဆီယံခရီးသွားလုပ်ငန်းစံနှုန်းများကို ၂၀၀၈ ခုနှစ်က စတင်သတ်မှတ်ပြဋ္ဌာန်းခဲ့ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ယခုနှစ်တွင်အာဆီယံခရီးသွားလုပ်ငန်းစံနှုန်းဆု ၂၄ ဆုရရှိခဲ့ပြီး ဆုများစတင်ပေးအပ်ချီးမြှင့်ခဲ့သည့် ၂၀၀၈ ခုနှစ်မှ ယနေ့အချိန်အထိ စုစုပေါင်းစံနှုန်းဆု ၁၅၈ ဆုကို နှစ်အလိုက်ရရှိထားကြောင်း။

အာဆီယံဒေသတွင်းသို့ လာရောက်လည်ပတ်သည့် ခရီးသွားဧည့်သည်စုစုပေါင်း အရေအတွက်၏ ထက်ဝက်ခန့်မှာ အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား အပြန်အလှန်လည်ပတ်မှုဖြစ်သည့်အတွက် Intra-ASEAN ခရီးသွားလုပ်ငန်းများ၏ အရေးပါမှုကို သတိပြုမိစေလိုပြီး မြန်မာနိုင်ငံအနေဖြင့် ယင်းခရီးသွားဈေးကွက်ကို ရရှိနိုင်ရန်သာမက အာဆီယံ၏ မိတ်ဖက်နိုင်ငံများဖြစ်သည့် တရုတ်၊ ဂျပန်၊ ကိုရီးယား၊ အိန္ဒိယနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့မှ ခရီးသွားဈေးကွက်ကိုရရှိနိုင်အောင် အားလုံးဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

အာဆီယံခရီးသွားလုပ်ငန်းစံနှုန်းဆုရရှိခဲ့သူများအနေဖြင့်လည်း မိမိတို့၏ဝန်ဆောင်မှုစံနှုန်းများကို ဆက်လက်ထိန်းသိမ်းနိုင်ရေး ကြိုးစားကြရန်၊ စံနှုန်းပါလမ်းညွှန်ချက်များကို တိကျစွာလိုက်နာဆောင်ရွက်ကြရန်နှင့် အခြားသောစံနှုန်းဆုများကိုပါ ရရှိအောင် ကြိုးစားဆောင်ရွက်ကြရန် တိုက်တွန်းကြောင်း ပြောကြားသည်။

ထို့နောက် အာဆီယံခရီးသွားလုပ်ငန်းစံနှုန်းဆုရရှိခဲ့မှု မှတ်တမ်းဗီဒီယိုကိုပြသပြီး ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက အာဆီယံခရီးသွားလုပ်ငန်း စံနှုန်းဆုရရှိခဲ့သူများကို ဆုတံဆိပ်နှင့် ဂုဏ်ပြုလက်မှတ်များ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက်မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးရန်ဝင်းနှင့် အာဆီယံခရီးသွားလုပ်ငန်း စံနှုန်းဆုရရှိသူများကိုယ်စား Max Myanmar Limited Managing Director ဦးဘိုချန်ထွန်းတို့က ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **မြဝတီ**

# ငါးရာ့ငါးဆယ်ဇာတ်တော် ကောက်နုတ်ချက် ဇာတ်လမ်းများ မြန်မာ့ရုပ်မြင်သံကြားမှ ထုတ်လွှင့်ပြသမည်

**နေပြည်တော် ဖေဖော်ဝါရီ ၉**

မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအနေဖြင့် ပြည်သူများအပန်းပြေစေရန်နှင့် စိတ်ခွန်အားသစ်များရရှိနိုင်ရန်၊ လူငယ်လူရွယ်များ ဗုဒ္ဓဝင်ဇာတ်နိပါတ်တော်များအကြောင်း သိရှိနားလည်ပြီး အသိပညာဗဟုသုတရရှိနိုင်စေရန်ရည်ရွယ်ချက်များနှင့် သဘင်ပညာရှင်များ၏ အနုပညာရသစွမ်းရည်များ ဖော်ထုတ်ပြသမည့် "ငါးရာ့ငါးဆယ်ဇာတ်တော်ကောက်နုတ်ချက်ဇာတ်လမ်းများ" အစီအစဉ် ဆန်းသစ်တင်ဆက်မှုကို အပတ်စဉ် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ MRTV-HD Channel မှ ထုတ်လွှင့်ပြသလျက်ရှိသည်။




"ငါးရာ့ငါးဆယ်ဇာတ်တော် ကောက်နုတ်ချက်ဇာတ်လမ်းများ " အစီအစဉ်တွင် "နိဝေသနံ ကဿဒံ သုနန္ဒ (ဥမ္မာဒန္တီဇာတ်တော်)"ကို ဖော်ပြထားသည့် "အလှဖြင့်ယစ်မူးစေနိုင်သူ" အပိုင်း(၃) ကို နန်းတော်ရှေ့ဆရာတင်၏ မျိုးဆက်သဘင်ပညာရှင် ဦးနန်းဝင်းက ရေးသားပူဇော်ပြီး နန်းဝင်း၊ အကယ်ဒမီခြူးလေး၊ ထက်မြက်အောင်၊ ရန်ရှင်းမောင်၊ တူးနိုင်း၊ လကျော်၊ ယုန်လေး၊ ဒီရိုဂျင်၊ အောင်သွေးစစ်၊ လင်းမြတ်အောင်၊ ပန်းကဗျာ၊ ပိုးပိုးအိမ်၊ သဲစုနိုင်၊ ပန်းအိစံ၊ သင်းသံသာ၊ ငွေနန်းစံ၊ ရွှန်းလဲ့အိမ်နှင့် ရွှေနန်းသဘင်အဖွဲ့သားများ ပါဝင်ဖျော်ဖြေတင်ဆက်ကြမည်ဖြစ်သည်။။

အဆိုပါ အစီအစဉ်အပိုင်း(၃)ကို MRTV-HD Channel မှ ဖေဖော်ဝါရီလ ၁၁ ရက် ဗုဒ္ဓဟူးနေ့ ည ၉ နာရီတွင် ပြသမည်ဖြစ်ကြောင်း သိရသည်။

**မြဝတီ**

(၇၉)နှစ်မြောက် ပြည်ထောင်စုနေ့အကြို ဂုဏ်ပြုဆောင်းပါး

# စည်းလုံးညီညွတ်မှုဖြင့် အစဉ်ထိန်းသိမ်းစောင့်ရှောက်ရမည့် ပြည်ထောင်စုအမွေ

ငွေလရောင်

**◆ နှစ်စဉ် ဖေဖော်ဝါရီလ ၁၂ ရက်ရောက်တိုင်း ပြည်ထောင်စုနေ့ကို လေးနက်မှန်ကန်သော ဦးတည်ချက်များချမှတ်ကာ မြန်မာတစ်မျိုးသားလုံးအတွက် ထူးမြတ်သောနေ့တစ်နေ့အဖြစ် ခမ်းနားထည်ဝါစွာကျင်းပလျက်ရှိသည်။ ပြည်ထောင်စုအခမ်းအနားကို စည်ကားသိုက်မြိုက်စွာကျင်းပခြင်းမှာ နိုင်ငံတော်၏လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို တိုင်းရင်းသားစည်းလုံးညီညွတ်မှုစွမ်းအားဖြင့် ပြန်လည်ရယူနိုင်ခဲ့သည့် အစဉ်အလာကောင်းများကိုဖော်ညွှန်းပြီး ပြည်ထောင်စု၏မည်သည့်နေရာ၊ မည်သည့်ဒေသ၌ နေထိုင်ကြသည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ်ထားရှိမွေးမြူကြရန် ဦးတည်ကျင်းပနေခြင်းဖြစ် . . .**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် တိုင်းရင်းသားလူမျိုး ၁၃၀ ကျော်တို့က တစ်မြေတည်းနေ၊ တစ်ရေတည်းသောက်၊ အချင်းချင်းရင်းနှီးဆက်သွယ်၊ တုံ့လှည့်မေတ္တာ၊ စာနာစိတ်ပွားကာ၊ ကရုဏာအရင်းတည်၍ နေထိုင်ကြသည့် နိုင်ငံတစ်နိုင်ငံဖြစ်သည်။ ပြည်ထောင်စုဟူသည် တိုင်းရင်းသားလူမျိုးအသီးသီးတို့ နှစ်ကာလပရိစ္ဆေဒကြာရှည်စွာ အေးအတူပူအမျှ ကောင်းတူဆိုးဖက်လက်တွဲညီညီ နေထိုင်သော နယ်နိမိတ်ကိုခေါ်ဆိုသည်။ ပြည်ထောင်စုသားတို့သည် ပြည်ထောင်စုအတွင်း အန္တရာယ်ကျရောက်မည့်အရေးကိုမလိုလားဘဲ ဆင်စီးမြင်းရံကာ၊ ရွှေဘုံစံကြရမည့်အရေးကိုသာ တွေ့မြင်လိုကြ၍ ပြည်ထောင်စုကို အစဉ်အမြဲကာကွယ်စောင့်ရှောက်ကာ ဖွံ့ဖြိုးတိုးတက်မှုကို ဆောင်ရွက်ခဲ့ကြသည်။

ဖေဖော်ဝါရီလ ၁၂ ရက်သည် တိုင်းရင်းသားခေါင်းဆောင်များစည်းလုံးညီညွတ်မှုဖြင့် နယ်ချဲ့အင်္ဂလိပ်တို့၏သွေးခွဲမှုကို ကျော်လွှားနိုင်သော နေ့တစ်နေ့ဖြစ်သည့်အပြင် နိုင်ငံလွတ်လပ်ရေးရရှိရန်အတွက် အခြေခံကျသော နေ့တစ်နေ့လည်းဖြစ်သည်။ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း စသောတိုင်းရင်းသားတို့က ပြည်ထောင်စုဟုခေါ်သော နယ်နိမိတ်အတွင်းရှိ တောတောင် ရေမြေများပေါ်၌ ရှေးနှစ်ပေါင်းများစွာကပင် အခြေချနေထိုင်ခဲ့ကြသည့် ညီရင်းအစ်ကိုမောင်ရင်းနှမများဖြစ်ကြသည်။ တစ်ဦးအရေးရှိက တစ်ဦးက ကူညီ တစ်ဦးအခက်အခဲကို တစ်ဦးက ဝိုင်းဝန်းဖြေရှင်း၊ ကျောချင်းကပ်၊ ရင်ချင်းအပ်ကာ အေးအတူပူအမျှနေထိုင်ခဲ့ကြသည်မှာ ယနေ့တိုင်အောင်ပင်ဖြစ်သည်။ ထို့ပြင် သမိုင်းနောက်ခံအခြေမှန်ကာ ယဉ်ကျေးမှု ဓလေ့ထုံးစံများကလည်း ကိုယ်ပိုင်ဟန်ကိုယ်စီဖြင့် အစဉ်အလာကြီးမားခဲ့သည်။

မြန်မာတို့သည် အင်္ဂလိပ်နယ်ချဲ့တို့၏ ကျူးကျော်စစ်သုံးကြိမ်ကြောင့် သူ့ကျွန်ဘဝသို့ကျရောက်ခဲ့ရသည်။ ၁၉၄၂ ခုနှစ်မှ ၁၉၄၅ ခုနှစ်အထိ ဂျပန်ဖက်ဆစ်တို့၏ အစွယ်ငေါငေါနှင့် ရက်စက်ယုတ်မာမှုကိုလည်း ခံခဲ့ရသည်။ ဤသို့ဖြင့် မြန်မာတို့ ရွှေမှန်ကင်းအစစ်က ထင်းဖြစ်ခဲ့ရသည်။ သို့သော်လည်း မြန်မာတို့၏ဇာတိသွေး ဇာတိမာန်နှင့် အမျိုးသားရေးစိတ်ဓာတ် ကြံ့ခိုင်ပုံကို ကျူးကျော်သူများ မျက်ကွယ်ပြု၍မရခဲ့ပေ။ မြန်မာပြည်သူတို့၏ ပြည်ထောင်စုစိတ်ဓာတ်ကား ရေကိုသား၍ကြားမထင်သကဲ့သို့ ကြားဝင်၍မရကြောင်း နယ်ချဲ့တို့သိကြရလေပြီ။ နယ်ချဲ့အင်္ဂလိပ်တို့က ဉာဏ်နီဉာဏ်နက်ဖြင့် အကွက်ဆင်ထားသော ကျော့ကွင်းကို တစ်မျိုးသားလုံးစည်းလုံးညီညွတ်မှုအင်အားဖြင့် ဖြတ်တောက်နိုင်ခဲ့သည်။ ဖဆပလအဖွဲ့ချုပ်ဥက္ကဋ္ဌဖြစ်သူ ဗိုလ်ချုပ်အောင်ဆန်းသည် မြန်မာနိုင်ငံအနယ်နယ်အရပ်ရပ်သို့ လှည့်လည်သွားရောက်ကာ တိုင်းရင်းသား တစည်းတလုံးတည်း လက်တွဲပြီးလွတ်လပ်ရေးကို အရယူရန် ဆွေးနွေးညှိနှိုင်းခဲ့လေသည်။ ထို့ကြောင့် အင်္ဂလိပ်နယ်ချဲ့တို့ကလည်း တောင်တန်းသားတို့ကို မြေပြန့်သားတို့နှင့်သွေးခွဲခဲ့လေသည်။ ဗိုလ်ချုပ်အောင်ဆန်း၏ ကြိုးပမ်းမှုကြောင့် ၁၉၄၆ ခုနှစ် ဇန်နဝါရီလ ၂၇ ရက်တွင် အောင်ဆန်းအက်တလီ စာချုပ်ကို ချုပ်ဆိုနိုင်ခဲ့သည်။

ဗိုလ်ချုပ်အောင်ဆန်းသည် နိုင်ငံလွတ်လပ်ရေးရရန်မှာ တိုင်းရင်းသားစည်းလုံးညီညွတ်မှုဖြင့်သာ ရနိုင်ကြောင်း ကောင်းစွာသဘောပေါက်၍ အင်္ဂလန်မှ ရောက်လျှင်ရောက်ချင်းပင် ရှမ်း၊ ချင်း၊ ကချင် တောင်တန်းဒေသများသို့သွားရောက်ကာ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးအတွက် အပြင်းအထန်ကြိုးစားလေသည်။ ဗိုလ်ချုပ်အောင်ဆန်းနှင့်အဖွဲ့သည် ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၉ ရက်တွင် ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်လုံမြို့သို့ ရောက်ရှိလာပြီး ပြည်မတောင်တန်းမခွဲခြားဘဲ လွတ်လပ်ရေးတစုတစည်းတည်း ရယူရန် သဘောတူဆုံးဖြတ်ခဲ့သည်။

တိုင်းရင်းသားကိုယ်စားလှယ်ပေါင်း ၂၂ ဦးက တစုတစည်းတည်းနေထိုင်ကြမည်ဟူသောသန္နိဋ္ဌာန်ဖြင့် ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နံနက် ၁၀ နာရီတွင် ပင်လုံစာချုပ်ကို လက်မှတ်ရေးထိုးခဲ့ကြသည်။ ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ တိုင်းရင်းသားခေါင်းဆောင်များသည် နယ်ချဲ့တို့၏သွေးခွဲမှုစနစ်ကို တော်လှန်ခဲ့ပြီး မြန်မာနိုင်ငံ၏လွတ်လပ်ရေးကိုရယူပေးနိုင်ခဲ့သည်။ ပင်လုံစာချုပ်သည် မြန်မာနိုင်ငံတွင်နေထိုင်ကြသော တိုင်းရင်းသားများအားလုံး၏ စည်းလုံးညီညွတ်မှုကို ပြသနိုင်ခဲ့သော သာဓကကောင်းတစ်ခုဖြစ်သည်။ **“စည်းလုံးညီညွတ်မှုသည် အောင်မြင်ခြင်း၏ အဓိကသော့ချက်”** ဖြစ်သည်။

တိုင်းရင်းသားအားလုံး၏ စည်းလုံးညီညွတ်သောအားမာန်နှင့် ပြည်ထောင်စုကိုချစ်သော ပြည်ထောင်စုစိတ်ဓာတ်သည် ပင်လုံမြေမှသန္ဓေတည်ကာ ခိုင်မာသောညီညွတ်မှုဖြင့် လွတ်လပ်ရေးဟူသောကမ္ဘည်းကို စိုက်ထူနိုင်ခဲ့သည်။ လက်တွေ့ဘဝတွင် ပြည်ထောင်စုစိတ်ဓာတ်ကို အပြောဖြင့်တည်ဆောက်၍မရပါ။ **၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်မှအစပြုခဲ့သော ပြည်ထောင်စုစိတ်ဓာတ်သည် ယခုဆိုလျှင် (၇၉)နှစ်သို့တိုင်ခဲ့ပြီဖြစ်သည်။** မြန်မာနိုင်ငံသည် ပြည်ပနိုင်ငံများကပါ လေးစားရသည့် စာပေ၊ ယဉ်ကျေးမှု၊ လူမှုရေး အစဉ်အလာ၊ မျိုးချစ်စိတ်ဓာတ်ထွန်းကားခဲ့သောနိုင်ငံဖြစ်သည်။ မျိုးဆက်သစ်လူငယ်များအနေဖြင့် အခက်အခဲပေါင်းများစွာကို ရင်ဆိုင်ကျော်လွှားပြီး ရယူတည်ဆောက်ခဲ့ရသည့် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးနှင့်ငြိမ်းချမ်းရေးအကျိုးရလဒ်ကို ရေရှည်တည်တံ့ခိုင်မြဲအောင် ကြိုးပမ်းဆောင်ရွက်သွားကြရပါမည်။ ယင်းသို့ဖော်ဆောင်ရာတွင် ပြည်ထောင်စုကြီး၏ အကျိုးစီးပွားကို မြတ်နိုးလိုလားသည့်စိတ်ထားဖြင့် တာဝန်သိသိ၊ သစ္စာရှိရှိပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ပေသည်။

နှစ်စဉ် ဖေဖော်ဝါရီလ ၁၂ ရက်ရောက်တိုင်း ပြည်ထောင်စုနေ့ကို လေးနက်မှန်ကန်သော ဦးတည်ချက်များချမှတ်ကာ မြန်မာတစ်မျိုးသားလုံးအတွက် ထူးမြတ်သောနေ့တစ်နေ့အဖြစ် ခမ်းနားထည်ဝါစွာကျင်းပလျက်ရှိသည်။ ပြည်ထောင်စုအခမ်းအနားကို စည်ကားသိုက်မြိုက်စွာကျင်းပခြင်းမှာ နိုင်ငံတော်၏လွတ်လပ်ရေးနှင့်အချုပ်အခြာအာဏာကို တိုင်းရင်းသားစည်းလုံးညီညွတ်မှု စွမ်းအားဖြင့် ပြန်လည်ရယူနိုင်ခဲ့သည့် အစဉ်အလာကောင်းများကိုဖော်ညွှန်းပြီး ပြည်ထောင်စု၏မည်သည့်နေရာ၊ မည်သည့်ဒေသ၌ နေထိုင်ကြသည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ်ထားရှိမွေးမြူကြရန် ဦးတည်ကျင်းပနေခြင်းဖြစ်သည်။ **ပြည်ထောင်စုနေ့အခမ်းအနားများကျင်းပခြင်းဖြင့် တိုင်းရင်းသားအချင်းချင်း ချစ်ကြည်ရင်းနှီးမှုနှင့်တစ်ဦးအပေါ်တစ်ဦး နားလည်မှုများပိုမိုရင့်သန်စေပြီး တိုင်းရင်းသားအားလုံးသည် ဤမြေဤရေပေါ်တွင် ဥမကွဲသိုက်မပျက် ရာသက်ပန်နေထိုင်သွားမည်ဟူသော အမျိုးသားသန္နိဋ္ဌာန် ပို၍ခိုင်မာစေသည်။**

(၇၉)နှစ်မြောက်ပြည်ထောင်စုနေ့ကို -

(၁) နိုင်ငံတော်၏ အမျိုးသားရေးရည်မှန်းချက်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် တိုင်းရင်းသားပြည်သူအားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

(၂) တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် နိုင်ငံတော်အစိုးရ၊ တပ်မတော်တို့နှင့်အတူ တိုင်းရင်းသားလူမျိုးများအားလုံး လက်တွဲပူးပေါင်းဆောင်ရွက်ရေး။

(၃) နိုင်ငံတော်အတွင်း တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့်ညီမျှခြင်းတည်းဟူသော လောကပါလတရားများထွန်းကားလျက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ထာဝရငြိမ်းချမ်းရေးတည်ဆောက်နိုင်ရန် အတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

(၄) တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ ရင်းနှီးချစ်ကြည်မှု၊ ယုံကြည်မှု၊ စည်းလုံးညီညွတ်မှု၊ စုစည်းလုပ်ဆောင်မှုတို့ဖြင့် စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့်ပြည်ထောင်စုကိုတည်ဆောက်ရေး။

(၅) ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ဖြစ်ပေါ်လာရေးနှင့် တိုင်းရင်းသားများ၏ပညာရေး၊ ကျန်းမာရေးနှင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်အောင် ဝိုင်းဝန်းဖော်ဆောင်ရေးဟူသော အမျိုးသားရေးဦးတည်ချက်(၅)ရပ်ဖြင့် အနှစ်သာရရှိရှိကျင်းပမည်ဖြစ်ပါသည်။

နိုင်ငံတော်အစိုးရသည် နိုင်ငံ၏အသက်သွေးကြောဖြစ်သည့် စီးပွားရေးအခြေခံအဆောက်အအုံများ၊ စွမ်းအင်ဆိုင်ရာအခြေခံအဆောက်အအုံများ၊ ကျေးလက်နှင့်နယ်စပ်ဒေသပါမကျန် ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ပို့ဆောင်ရေး အခြေခံလိုအပ်ချက်များကို နေ့မအား ညမအား ကြိုးပမ်းဖော်ဆောင်ပေးလျက်ရှိသည်။ တိုင်းဒေသ ကြီးနှင့် ပြည်နယ်များတွင် အထူးဖွံ့ဖြိုးရေးဇုန်များ၊ အဆင့်မြင့်ပညာ၊ ကွန်ပျူတာပညာ၊ နည်းပညာများကို သင်ယူနိုင်ရန်အတွက် တက္ကသိုလ်များကိုလည်း ထူထောင်ပေးလျက်ရှိသည်။ လမ်းတံတားကြီးများကိုလည်း တည်ဆောက်ပေးလျက်ရှိသည်။ တိုင်းပြည်ကို အမှန်တကယ်ချစ်မြတ်နိုးသူတိုင်း အမိနိုင်ငံတော်ကို ကမ္ဘာနှင့်ရင်ပေါင်တန်းစေချင်သည်ဆိုသည့် နိုင်ငံသားတိုင်းသည် တိုင်းရင်းသားစည်းလုံးညီညွတ်မှုကိုတည်ဆောက်ကြရမည်။ ပြည်ထောင်စုအတွင်းရှိ မြေ၊ ရေ၊ လေ အဆောက်အအုံများကောင်းမွန်စေရေး တည်ဆောက်ပြုပြင်ထိန်းသိမ်းကြရမည်ဖြစ်သည်။

ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ်ဆီသို့ လှမ်းချီတက်နိုင်ရန်မှာ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတည်းဟူသော ဒွိတာဝန်အရေးသုံးပါးကို အမျိုးသားရေးမူဝါဒအဖြစ် ပြည်ထောင်စုတိုင်းရင်းသားအားလုံးက ကာကွယ်စောင့်ရှောက်ရန်အရေးကြီးသည်။ တိုင်းတစ်ပါးတို့၏ကြိုးဆွဲရာ၌ မကမိစေရန်၊ ပြည်တွင်းပြည်ပမှတိုင်းပြည်ပြိုကွဲအောင် ဆောင်ရွက်နေသည့် ဘေးအန္တရာယ်များကို မျိုးချစ်စိတ်ဓာတ်ဖြင့် ကာကွယ်သွားရမည်။ ကျွန်ုပ်တို့ပြည်ထောင်စုကြီး ကမ္ဘာ့နိုင်ငံများနှင့် အဆင့်မီမီ ပခုံးချင်းယှဉ်နိုင်ရန်၊ ခေတ်နောက်မကျစေရန် အခြေအနေအကြောင်းအရပ်ရပ်ကို ဆင်ခြင်သုံးသပ်ကာ အစိုးရနှင့်ပြည်သူလက်တွဲကာ ထိန်းသိမ်းတည်ဆောက်ရှေ့ဆက်ကြရမည်။ ပြည်ထောင်စုတိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်သောစိတ်ဓာတ်ဖြင့်သတိမူ၍ မိမိကိုယ်ကို၊ မိမိမိသားစုအတွက် မိမိနိုင်ငံတော်အတွက် အလုပ်ကိုယ်စီလုပ်ကိုင်ကာ စည်းလုံးညီညွတ်ကြမည်ဆိုလျှင်ဖြင့် တိုင်းပြည်ငြိမ်းချမ်းဖွံ့ဖြိုးတိုးတက်ပေလိမ့်မည်။

တိုင်းရင်းသားအချင်းချင်းအထင်အမြင်မှား၍ သွေးကွဲခဲ့ပါသော် အမိမြန်မာပြည်ကြီးသာ တိုးတက်မှုနှောင့်နှေးကာ မိမိတို့မျိုးဆက်သစ်များ အတိဒုက္ခရောက်ကြမည်ကို နားလည်သဘောပေါက်ရန် အလွန်အရေးကြီးသည်။ ထို့ကြောင့် ပြည်ထောင်စုတိုင်းရင်းသားအားလုံးသည် နိုင်ငံတော်၏ ကာကွယ်ရေးလုပ်ငန်းများ၊ တည်ဆောက်ရေးလုပ်ငန်းများ၊ ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အားသွန်ခွန်စိုက်ပါဝင်ဆောင်ရွက်ကြရမည်။

အချုပ်ဆိုရသော် **“ကျွန်းကိုင်းမှီ၊ ကိုင်းကျွန်းမှီ”ဆိုသကဲ့သို့ အစိုးရနှင့်ပြည်သူတစ်ဦးနှင့်တစ်ဦးနားလည်မှု၊ ညီညွတ်မှုဖြင့် တိုင်းပြည်ဖွံ့ဖြိုးအောင်ဆောင်ရွက်ရမည်။ အစိုးရနှင့် တိုင်းရင်းသားပြည်သူများ လက်ချင်းချိတ်ကာ ရေခံမြေခံကောင်းများတည်ရှိနေသော ပြည်ထောင်စုကြီးကို ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ်တည်ဆောက်နိုင်ရေးအတွက် အင်တိုက်အားတိုက်ပါဝင် ထမ်းဆောင်ရင်းဖြင့် ကျွန်ုပ်တို့၏ပြည်ထောင်စုအမွေကို ထိန်းသိမ်းကြပါစို့** ဟုတိုက်တွန်းရေးသားလိုက်ရပါသည်။ ။

# ဗုဒ္ဓဘာသာယဉ်ကျေးမှုစာမေးပွဲအချိန်စာရင်း

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ ကြီးကြပ်မှုဖြင့် မြို့နယ်သံဃနာယကအဖွဲ့များကတာဝန်ယူကျင်းပသော အကြိမ်(၄၀)မြောက် ဗုဒ္ဓဘာသာယဉ်ကျေးမှုစာမေးပွဲကို နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးရှိ မြို့နယ်စာဖြေဌာနများတွင် အောက်ပါအချိန်ဇယားအတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါကြောင်း အသိပေး နှိုးဆော်အပ်ပါသည်-

| နေ့ရက် | ခွင့်ပြုချိန် | ဘာသာ |
|---|---|---|
| ၁၃၈၈ ခုနှစ်၊ နယုန်လဆန်း (၃) ရက် (၁၈-၅-၂၀၂၆) တနင်္လာနေ့ | ၁၃:၀၀ နာရီ မှ ၁၅:၀၀ နာရီထိ | ယဉ်ကျေးမှုကျင့်ဝတ် |
| ၁၃၈၈ ခုနှစ်၊ နယုန်လဆန်း (၄) ရက် (၁၉-၅-၂၀၂၆) အင်္ဂါနေ့ | ၁၃:၀၀ နာရီ မှ ၁၅:၀၀ နာရီထိ | ဗုဒ္ဓဘာသာမြန်မာစာ |
| ၁၃၈၈ ခုနှစ်၊ နယုန်လဆန်း (၅) ရက် (၂၀-၅-၂၀၂၆) ဗုဒ္ဓဟူးနေ့ | ၁၃:၀၀ နာရီ မှ ၁၅:၀၀ နာရီထိ | အခြေခံအဘိဓမ္မာ |

**သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန**

# မြန်မာ- ဗီယက်နမ် ချစ်ကြည်ရေးအသင်းက အထူးဂုဏ်ယူဝမ်းမြောက်ကြောင်း ထုတ်ပြန်ကြေညာချက်

**နေပြည်တော်၊ ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီ ၉**

၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၅ ရက်နေ့တွင် ရန်ကုန်တက္ကသိုလ်မှ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ ဂုဏ်ထူးဆောင်ပြည်သူ့ရေးရာစီမံခန့်ခွဲမှုပါရဂူဘွဲ့ Honorary Doctor of Public Administration (D.P.A. honoris causa)ကို အထူးဘွဲ့နှင်းသဘင်အခမ်းအနားဖြင့် ချီးမြှင့်အပ်နှင်းခဲ့ကြောင်းသိရှိရပါသဖြင့် မြန်မာ- ဗီယက်နမ် ချစ်ကြည်ရေးအသင်းအနေဖြင့် အထူးပင်ဂုဏ်ယူဝမ်းမြောက်မိပါသည်။

အဆိုပါ ဂုဏ်ထူးဆောင်ပြည်သူ့ရေးရာစီမံခန့်ခွဲမှုပါရဂူဘွဲ့ကို ချီးမြှင့်အပ်နှင်းခံရခြင်းသည် နိုင်ငံတော်မှ ကြုံတွေ့နေရသော စိန်ခေါ်မှုများအား ကြံ့ကြံ့ခံတွန်းလှန်ဖြေရှင်း၍ ခေါင်းဆောင်မှုပေးနိုင်လျက်ရှိသည်ကို ထင်ဟပ်ဖော်ပြသော အမှတ်လက္ခဏာပင်ဖြစ်ကြောင်းထူးကဲထင်ရှားစွာ တွေ့မြင်ရမည်ဖြစ်ပါသည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌအနေဖြင့် ကိုယ်စိတ်နှစ်ပါးကျန်းမာရွှင်လန်းစွာဖြင့် နိုင်ငံတော်၏တာဝန်များကို ဆတက်ထမ်းပိုး၍အောင်မြင်စွာဆက်လက်ထမ်းဆောင်နိုင်ပါစေရန် မြန်မာ-ဗီယက်နမ်ချစ်ကြည်ရေးအသင်းမှ ဆုမွန်ကောင်းများပို့သအပ်ပါသည်။

**မြန်မာ- ဗီယက်နမ်ချစ်ကြည်ရေးအသင်း**

# (၈၈)ကြိမ်မြောက် ကြက်ခြေနီဗဟိုကောင်စီ အစည်းအဝေးကျင်းပ




နေပြည်တော် ဖေဖော်ဝါရီ ၉

မြန်မာနိုင်ငံကြက်ခြေနီအသင်း (၈၈) ကြိမ်မြောက် ကြက်ခြေနီဗဟိုကောင်စီ အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာနိုင်ငံကြက်ခြေနီ အသင်းဌာနချုပ်၌ ကျင်းပသည်။

ဦးစွာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်းက မြန်မာနိုင်ငံကြက်ခြေနီ အသင်းသည် လူသားချင်းစာနာထောက်ထားမှုလုပ်ငန်းများကို လုပ်ဆောင်နေသည့်အဖွဲ့အစည်းများထဲတွင် ထူးခြားသည့် ဝိသေသအရည်အချင်းနှင့် အရည်အသွေးများစွာရှိသော အဖွဲ့အစည်းဖြစ်ကြောင်း၊ ထင်ရှားသည့် သာဓကအနေဖြင့် ၂၀၂၅ ခုနှစ် မတ်လ၌ လှုပ်ခတ်ခဲ့သည့် မန္တလေးငလျင်တုံ့ပြန်ရေးတွင် နေပြည်တော် ကောင်စီနယ်မြေ၊ မန္တလေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးမှ ကြက်ခြေနီစေတနာလုပ်အားရှင်များသာမက အခြားပြည်နယ်၊ တိုင်းဒေသကြီးများမှ ကြက်ခြေနီစေတနာလုပ်အားရှင်များကလည်း ငလျင်ဘေးသင့်ပြည်သူများထံ ချက်ချင်းသွားရောက်ကူညီပေးခြင်းကို အထင်အရှားတွေ့မြင်ခဲ့ရကြောင်း။

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့်အရေးပေါ်ထိခိုက်ဒဏ်ရာရသူများအတွက် လူနာသယ်ပို့စနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ မြန်မာနိုင်ငံကြက်ခြေနီအသင်းကလည်း ပူးပေါင်းပါဝင်ဆောင်ရွက်ပေးလျက်ရှိသည်ကို တွေ့ရကြောင်း၊ ထိရောက်ကောင်းမွန်သည့် လူနာသယ်ပို့စနစ်တစ်ခုဖြစ်အောင် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ပေးရန်တိုက်တွန်းလိုကြောင်း။


မြန်မာနိုင်ငံ ကြက်ခြေနီအသင်းသည် အမျိုးသားအဆင့်အဖွဲ့အစည်းဖြစ်သည်နှင့်အညီ လူသားချင်းစာနာထောက်ထားမှုလုပ်ငန်းများနှင့် ဘေးအန္တရာယ်တုံ့ပြန်ရေးဆိုင်ရာလုပ်ငန်းများတွင် ကြက်ခြေနီအခြေခံမူများနှင့်အညီ တိကျစွာလိုက်နာဆောင်ရွက်ပေးကြရန် လိုအပ်သလို နိုင်ငံအကျိုး၊ ပြည်သူလူထုအကျိုးအတွက် အထူးအလေးထား ဆောင်ရွက်ပေးကြရန် တိုက်တွန်းကြောင်း ပြောကြားသည်။

ထို့နောက်မြန်မာနိုင်ငံကြက်ခြေနီအသင်းဥက္ကဋ္ဌပါမောက္ခဒေါက်တာမျိုးညွန့်က အသင်း၏ ၂၀၂၅ ခုနှစ်အတွင်း လူမှုကရုဏာလုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြပြီး (၈၈)ကြိမ်မြောက် ကြက်ခြေနီဗဟိုကောင်စီအစည်းအဝေးကို ဂုဏ်ပြုသောအားဖြင့် ကြက်ခြေနီလှုပ်ရှားမှု မှတ်တမ်းဗီဒီယိုကို ပြသသည်။

အဆိုပါ (၈၈)ကြိမ်မြောက်ကြက်ခြေနီဗဟိုကောင်စီအစည်းအဝေးကို ဖေဖော်ဝါရီလ ၉ ရက်နှင့် ၁၀ ရက်တို့တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**မြဝတီ**

## မိုးလေဝသ သတင်း




# တိမ်အသင့်အတင့် ဖြစ်ထွန်းမည်

နေပြည်တော် ဖေဖော်ဝါရီ ၁၀

တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့်ရှမ်းပြည်နယ်(အရှေ့ပိုင်း) တို့တွင် နေရာကွက်ကျားမိုးအနည်းငယ်ရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ချင်းပြည်နယ်နှင့်ရခိုင်ပြည်နယ်တို့တွင် အများအားဖြင့်သာယာပြီး ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

(မိုး/ဇလ)

# ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ်မတွေ့ရှိ

နေပြည်တော် ဖေဖော်ဝါရီ ၉

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ (၁-၂-၂၀၂၆)ရက်၊ ည ၈ နာရီမှ (၈-၂-၂၀၂၆)ရက်၊ ည ၈ နာရီအထိ ရက်သတ္တပတ်အတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း ၂၅ ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိရပါ။

လတ်တလောတွင် မိမိတို့နိုင်ငံအတွင်း၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွား/သေဆုံးမှုနှင့်စပ်လျဉ်း၍ စိုးရိမ်ဖွယ်ရာအခြေအနေမရှိသော်လည်း ရောဂါဖြစ်ပွားမှုမှ ကြိုတင်ကာကွယ်နိုင်ရန်အတွက် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို လိုက်နာဆောင်ရွက်ရန်လိုအပ်ပြီး ရောဂါကူးစက်ခံရပါက ရောဂါပြင်းထန်နိုင်ခြေနှင့် အသက်ဆုံးရှုံးနိုင်ခြေမြင့်မားသည့်

- အသက်အရွယ်ကြီးသူများ (အသက် ၆၀ နှစ်နှင့်အထက်)၊
- ဆီးချိုရောဂါ၊ နာတာရှည်အဆုတ်ရောဂါ၊ ကင်ဆာရောဂါရှိသူများ၊
- ကိုယ်ဝန်ဆောင်မိခင်များ (ကိုယ်ဝန်ဆောင်ကာလ ၃ လနှင့်အထက်)

ကို ဦးစားပေးအစီအစဉ်ဖြင့် ကိုဗစ်-၁၉ ရောဂါ ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံပေးနေပြီဖြစ်ပါ၍ ကာကွယ်ဆေးထိုးနှံမှုခံယူကြရန်လိုအပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ အသေးစိတ်သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**မြန်မာနိုင်ငံရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာန (Myanmar CDC)**
**ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန**

★ **စာမျက်နှာ ၁၇ မှအဆက်**

**ရွေးကောက်ပွဲကို သမာသမတ်ရှိရှိ စနစ်တကျ ဆောင်ရွက်ပေးနိုင်ခဲ့သဖြင့် ရွေးကောက်ပွဲနှင့်ပတ်သက်၍ ယခုအချိန်အထိ နိုင်ငံရေးပါတီများမှ ကန့်ကွက်ခဲ့မှု မရှိမှု**အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တိုင်းဒေသကြီးနှင့်ပြည်နယ်ဝန်ကြီးချုပ်များနှင့် တက်ရောက်လာကြသူများက အထွေထွေဆွေးနွေးတင်ပြကြသည်။

ယင်းနောက် နိဂုံးချုပ်အမှာစကားပြောကြားရာတွင် MSME လုပ်ငန်းများနှင့်ပတ်သက်၍ **၂၀၂၆ ခုနှစ်၊ (၇၉) နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ပြည်ထောင်စုအဆင့်MSMEထုတ်ကုန်ပြပွဲနှင့်ဈေးရောင်းပွဲတော်သို့ တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးမှ MSME ထုတ်ကုန်များကို တက်ကြွစွာဖြင့် အပြိုင်အဆိုင် လာရောက်ပါဝင်ပြသကြသည်ကို ဝမ်းမြောက်အားတက်ဖွယ်တွေ့မြင်ရကြောင်း၊** နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် MSME လုပ်ငန်းများသည် အဓိကကျသည့်အခန်းကဏ္ဍ၌ပါဝင်နေပြီး များစွာတိုးတက်မှုရှိသည်ကိုလည်းတွေ့မြင်ရကြောင်း၊ လာရောက်ကြည့်ရှုလေ့လာသူများအနေဖြင့်လည်း စိတ်ပါဝင်စားစွာဖြင့် အများအပြားလာရောက်ကြည့်ရှုလေ့လာကြသည်ကို တွေ့မြင်ရကြောင်း၊ လက်ရှိဆောင်ရွက်နေသည်ထက် ပိုမိုကောင်းမွန်သည့်ထုတ်လုပ်မှုများကိုတိုးမြှင့်ဆောင်ရွက်သွားနိုင်ရန်လိုပြီး ပြည်ပသွင်းကုန်အစားထိုးထုတ်ကုန်များနှင့် ပြည်ပပို့ကုန်များရရှိလာရန်လိုကြောင်း၊ နည်းပညာ အရသော်လည်းကောင်း၊ ထုတ်လုပ်မှုအရသော်လည်းကောင်း အရည်အသွေးနှင့် အဆင့်အတန်းမြင့်မားလာစေရေး ယခုထက်ပိုမိုကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း၊ မိမိတို့လက်ရှိထုတ်လုပ်နေသည့် အရည်အသွေးများ၊ အမျိုးအမည်များ၊ အရေအတွက်များထက် တစ်ဆင့်ပြီးတစ်ဆင့် ပိုမိုတိုးတက်အောင်ထုတ်လုပ်ဆောင်ရွက်သွားမည်ဆိုပါက နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးကိုလည်း ဖြစ်ပေါ်လာစေမည်ဖြစ်ကြောင်း၊ ယခုပြပွဲသည် မိမိတို့နိုင်ငံအတွက်တန်ဖိုးရှိသည့်ပြပွဲတစ်ခုဖြစ်ပြီး ပွဲတော်ကာလအတွင်း လုပ်ငန်းရှင်များအချင်းချင်းတွေ့ဆုံဆွေးနွေးမှုများဆောင်ရွက်ခြင်း၊ အတွေ့အကြုံများဖလှယ်ခြင်း၊ လေ့လာမှုများဆောင်ရွက်ခြင်းဖြင့် စီးပွားရေးတိုးတက်မှုကို ပိုမိုဖြစ်ပေါ်စေနိုင်မည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့်ပြည်နယ်ဝန်ကြီးချုပ်များအနေဖြင့်လည်း MSME လုပ်ငန်းများကို အားပေးမြှင့်တင်ဆောင်ရွက်သွားကြရန်လိုပြီး နိုင်ငံ့စီးပွားတိုးတက်အောင်ကြိုးပမ်းဆောင်ရွက်ပေးသွားကြရန်လိုကြောင်းဖြင့် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)

# MSME ဖွံ့ဖြိုးတိုးတက်ရေး အသိပညာပေးဆွေးနွေးခြင်းများဆောင်ရွက်



နေပြည်တော် ဖေဖော်ဝါရီ ၉

ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်ကို ဖေဖော်ဝါရီလ ၈ ရက်မှ ၁၃ ရက်အထိ နေပြည်တော်ရင်ပြင်၌ ကျင်းပလျက်ရှိပြီး ပြပွဲကျင်းပနေစဉ်အတွင်း လုပ်ငန်းရှင်များအား အသိပညာပေးဆွေးနွေးပွဲ၊ ဝန်ကြီးဌာန၊ ပုဂ္ဂလိကဆွေးနွေးပွဲ၊ စီးပွားရေးလုပ်ငန်းများချိတ်ဆက်ဆောင်ရွက်မှု ဆွေးနွေးပွဲများကို ထည့်သွင်းကျင်းပလျက်ရှိသည်။

ယနေ့မွန်းလွဲပိုင်းတွင် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော် ယာယီကွပ်ကဲရေးရုံး၌ MSME ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝန်ကြီးဌာန၊ ပုဂ္ဂလိကဆွေးနွေးပွဲကိုကျင်းပရာ မန္တလေးတိုင်းဒေသကြီး MSME အေဂျင်စီဥက္ကဋ္ဌ စီးပွားရေးရာဝန်ကြီး ဦးသိန်းဌေးက ကော်ဖီထုတ်ကုန်ရောင်းချမှုဆိုင်ရာ သိကောင်းစရာများ၊ တနင်္သာရီတိုင်းဒေသကြီး MSME အေဂျင်စီဥက္ကဋ္ဌ စီးပွားရေးရာဝန်ကြီး ဦးမောင်ကြီးက ရေထွက်ကုန်ထုတ်လုပ်ရောင်းချမှုဆိုင်ရာများ၊ Super Seven Stars Co., Ltd. မှ ထုတ်လုပ်မှုဒါရိုက်တာ ဦးမြင့်ဝင်းနှင့် ဒါရိုက်တာ ဦးအောင်အောင်တို့က Solar Energy၊ Solar Farm နှင့် ဆက်စပ်ပစ္စည်းဆိုင်ရာများ၊ စိုက်ပျိုးရေးထွက်ကုန်များအား တန်ဖိုးမြှင့်ထုတ်လုပ်မှုအသုံးပြု စက်ပစ္စည်းဆိုင်ရာများနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်။

ထို့ပြင် MSME လုပ်ငန်းရှင်များအား အသိပညာရရှိစေရေးအတွက် စက်မှုဝန်ကြီးဌာန အမှတ်(၃) အကြီးစားစက်မှုလုပ်ငန်းမှ ဝါးမှချည်ချောထုတ်လုပ်နိုင်ရန် ဝါးအမျှင်သုတေသနပြုခြင်းနှင့် ဝါးအမျှင်စမ်းသပ်ထုတ်လုပ်ခြင်းခေါင်းစဉ်ဖြင့်လည်းကောင်း၊ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ MSME ထုတ်ကုန်များ အရည်အသွေးပြည့်မီစွာနှင့် ဘေးအန္တရာယ်ကင်းရှင်းစွာ ထုတ်လုပ်ရေးခေါင်းစဉ်ဖြင့်လည်းကောင်း အသိပညာပေးဆွေးနွေးခြင်းတို့ကိုဆောင်ရွက်ကြပြီး စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းက တက်ရောက်အားပေးသည်။

ဆွေးနွေးပွဲတွင် ဝါးမှချည်ချောထုတ်လုပ်နိုင်ရေးအတွက် သုတေသနလုပ်ငန်းများ ဆောင်ရွက်ခဲ့မှု၊ ဝါးမှချည်စမ်းသပ်ထုတ်လုပ်ခဲ့မှု၊ အစားအသောက်ထောက်ခံချက်နှင့် အစားအသောက်ထုတ်လုပ်သူများ လိုက်နာသင့်သည့်အချက်များနှင့် စပ်လျဉ်း၍ FDA လက်မှတ်ထုတ်ပေးခြင်းဆိုင်ရာများ၊ လျှောက်ထားပုံအဆင့်ဆင့်၊ လျှောက်ထားချက်ငွေပေးချေမှုဆိုင်ရာများ၊ လိုအပ်သောအချက်အလက်နှင့်သက်တမ်း၊ အစားအသောက်လုပ်ငန်းနေရာရွေးချယ်ခြင်းဆိုင်ရာများ၊ ဘေးအန္တရာယ်ထိန်းချုပ်ခြင်းနှင့်သန့်ရှင်းရေးဆိုင်ရာများ၊ ဝန်ထမ်းသန့်ရှင်းရေးနှင့် သယ်ယူပို့ဆောင်ရေးဆိုင်ရာများကိုဆွေးနွေးခဲ့ပြီး တက်ရောက်လာသည့်လုပ်ငန်းရှင်များက သိရှိလိုသည်များကိုမေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် Business Matching ပြခန်းတွင် တိုင်းဒေသကြီး/ပြည်နယ်များမှ MSME လုပ်ငန်းရှင်များ၏ထုတ်ကုန်များကို လုပ်ငန်းစတင်တည်ထောင်သည့်အချိန်မှစ၍ ပြည်တွင်းဈေးကွက်တွင်ရောင်းချခြင်း၊ ပြည်ပဈေးကွက်သို့ တင်ပို့ရောင်းချနိုင်သည်အထိ ဝန်ဆောင်မှုများပေးလျက်ရှိမှု၊ ပြပွဲကာလအတွင်း MSME စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများဖြစ်သည့် ကုန်သွယ်ရေးဦးစီးဌာနတွင်ပို့ကုန်/သွင်းကုန်လုပ်ငန်းရှင်လက်မှတ်၊ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနတွင် FDA လက်မှတ်၊ မူပိုင်ခွင့်ဦးစီးဌာနတွင် ကုန်အမှတ်တံဆိပ်မှတ်ပုံတင်ခြင်းနှင့် အခြားဦးစီးဌာနများ၌ တင်သွင်း/တင်ပို့မှုဆိုင်ရာ ထောက်ခံချက်ကိစ္စရပ်များကို ရှင်းလင်းဆောင်ရွက်ပေးသည့်ဝန်ကြီးဌာနများနှင့် ချိတ်ဆက်ရေးလုပ်ငန်းအဖွဲ့၊ MSME စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် ဒေသထုတ်ကုန်များကို ပြည်တွင်းရှိ လက်လီ/ လက်ကားဆိုင်များဖြစ်သည့် MaKro၊ City Mart၊ One Stop Mart၊ Aeon စသည်တို့တွင် ရောင်းချနိုင်ရေးအတွက် ဆောင်ရွက်ပေးသည့် ပြည်တွင်းဈေးကွက် ချိတ်ဆက်ရေးလုပ်ငန်းအဖွဲ့၊ MSME စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် လုပ်ငန်းသစ်တစ်ခုစတင်တည်ထောင်ခြင်းနှင့် လုပ်ငန်းတိုးချဲ့ရေးဆောင်ရွက်ရာတွင် လိုအပ်သည့်ဘဏ္ဍာငွေကြေးနှင့် ချေးငွေရရှိနိုင်ရေးတို့အတွက် ပြည်တွင်းရှိ Bank များဖြစ်သည့် ကမ္ဘောဇဘဏ်၊ CB ဘဏ်၊ AYA ဘဏ်၊ SME Development ဘဏ် စသည့်ဘဏ်များနှင့် ချိတ်ဆက်ဆောင်ရွက်ပေးသည့် ရင်းနှီးမတည်ငွေ ချိတ်ဆက်ရေးလုပ်ငန်းအဖွဲ့၊ MSME စီးပွားရေးလုပ်ငန်းရှင်များ၏ ထုတ်ကုန်များ ပြည်ပဈေးကွက်ဝင်ရောက်နိုင်ရေးအတွက် နိုင်ငံပေါင်း ၁၂ နိုင်ငံတွင်ရှိသည့် စီးပွားရေးသံမှူး ၁၆ ဦးတို့နှင့် ချိတ်ဆက်ဆောင်ရွက်ပေးသည့် ပြည်ပဈေးကွက်ချိတ်ဆက်ရေးလုပ်ငန်းအဖွဲ့တို့ဖြင့် ဝန်ဆောင်မှုများပေးလျက်ရှိသည့် အခြေအနေတို့ကို လှည့်လည်အားပေးကြည့်ရှုခဲ့ကြောင်း သတင်းရရှိသည်။

မြဝတီ

# ဒဂုံစတားယူနိုက်တက်အသင်းက ISPE အသင်းကို ၃ ဂိုး ၁ ဂိုးဖြင့်အနိုင်ယူ

ရန်ကုန် ဖေဖော်ဝါရီ ၉

၂၀၂၅-၂၀၂၆ ရာသီ မြန်မာနေရှင်နယ်လိဂ် အမှတ်ပေးဘောလုံးပြိုင်ပွဲ ပွဲစဉ် (၁၇)ပြိုင်ပွဲ၏ ပွဲစဉ်တစ်ပွဲဖြစ်သည့် ဒဂုံစတားယူနိုက်တက်အသင်းနှင့် ISPE အသင်းတို့ ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့ သုဝဏ္ဏကွင်း၌ ယှဉ်ပြိုင်ကစားကြရာ ဒဂုံစတားယူနိုက်တက်အသင်းက ၃ ဂိုး ၁ ဂိုးဖြင့် အနိုင်ရရှိသွားသည်။



ဒဂုံစတားယူနိုက်တက်အသင်းသည် ၁၆ ပွဲကစားအပြီး ၇ ပွဲနိုင်၊ ၅ ပွဲသရေ၊ ၄ ပွဲရှုံး ရမှတ် ၂၆ မှတ်ဖြင့် အမှတ်ပေးဇယားအဆင့်(၃)တွင် ရပ်တည်နေသည့်အသင်းဖြစ်ပြီး ISPE အသင်းသည် ၁၆ ပွဲကစားအပြီး ၆ ပွဲနိုင်၊ ၄ ပွဲသရေ၊ ၆ ပွဲရှုံး ရမှတ် ၂၂ မှတ်ဖြင့် အမှတ်ပေးဇယားအဆင့်(၆)တွင် ရပ်တည်နေသည့်အသင်းဖြစ်သည်။

ပထမပိုင်းတွင် ဒဂုံစတားယူနိုက်တက်အသင်းက ဘောလုံးပိုင်ဆိုင်မှုအသာစီးဖြင့် ISPE အသင်းကိုဖိအားပေးကစားခဲ့သည်။ ပွဲကစားချိန် ၃၆ မိနစ်တွင် သိန်းတန်၏ပေးပို့မှုကနေ ရန်ကျော်ထွေးက ခေါင်းတိုက်သွင်း၍ ဦးဆောင်ဂိုးရရှိခဲ့သည်။ ပွဲကစားချိန် ၄၄ မိနစ်တွင်လည်း ရန်ကျော်ထွေး၏ပေးပို့မှုကနေ မိုးဆွေက ခေါင်းတိုက်သွင်းကာ ဒဂုံစတားယူနိုက်တက်အသင်းအတွက် ဒုတိယဦးဆောင်ဂိုးကိုထပ်မံသွင်းယူနိုင်ခဲ့၍ ပထမပိုင်းအပြီးတွင် ဒဂုံစတားယူနိုက်တက်အသင်းက ၂ ဂိုး ဂိုးမရှိဖြင့် ပွဲကိုဦးဆောင်ထားသည်။

ဒုတိယပိုင်း ပွဲကစားချိန် မိနစ် ၇၀ တွင် လူစားဝင်ကစားသမား ဝင်းပြည့်မောင်က ISPE အသင်းအတွက် ချေပဂိုးတစ်ဂိုးသွင်းယူနိုင်ခဲ့သည်။ ၂ ဂိုး ၁ ဂိုးဖြင့်အကြိတ်အနယ်ရှိခဲ့ပြီး ISPE အသင်းက ချေပဂိုးထပ်မံရရှိရေးကြိုးစားခဲ့သလို ဒဂုံစတားယူနိုက်တက်အသင်းကလည်း ဦးဆောင်ဂိုးထပ်မံရရှိရေး ယှဉ်ပြိုင်ကစားခဲ့ကြရာ ဒုတိယပိုင်းပြီး၍ နာကျင်အချိန်ပိုတွင် ဆော်လမာန်က ဒဂုံစတားယူနိုက်တက်အသင်းအတွက် တတိယမြောက်ဂိုးကို သွင်းယူနိုင်ခဲ့၍ ပွဲပြီးဆုံးချိန်တွင် ဒဂုံစတားယူနိုက်တက်အသင်းက ISPE အသင်းကို ၃ ဂိုး ၁ ဂိုးဖြင့် အနိုင်ရရှိသွားကြောင်း သိရသည်။

ဝန်းရံခ

# ပွင့်ဖြူမြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ဟင်းသီးဟင်းရွက်များရာနှုန်းပြည့်ခူးဆွတ်ပြီးစီး

ပွင့်ဖြူ ဖေဖော်ဝါရီ ၉

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင်ပွင့်ဖြူမြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ဟင်းသီးဟင်းရွက်များ ရာနှုန်းပြည့်ခူးဆွတ်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ပွင့်ဖြူမြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုးရာသီက ဟင်းသီးဟင်းရွက် ၁၈၆၅ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး အဆိုပါစိုက်ပျိုးခဲ့သော ဟင်းသီးဟင်းရွက်စိုက်ခင်းများကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလမှ စတင်ခူးဆွတ်ခဲ့ရာ လက်ရှိတွင် ရာနှုန်းပြည့်ခူးဆွတ်ပြီးစီးပြီဖြစ်ကာ အထွက်နှုန်းအနေဖြင့် တစ်ဧကလျှင် ဟင်းသီးဟင်းရွက် ပိဿာ ၃၆၉၀ ခန့်ထွက်ရှိကြောင်း သိရသည်။

ပွင့်ဖြူမြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုးရာသီက ဟင်းသီးဟင်းရွက်စိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ စိုက်နည်းစနစ်များမှန်ကန်စေရေး၊ ပိုးမွှားရောဂါကျရောက်မှုကင်းရှင်းရေး၊ သဘာဝမြေဩဇာ၊ သဘာဝပိုးသတ်ဆေးပြုလုပ်သုံးစွဲတတ်စေရေးနှင့် စိုက်ကေများ တိုးချဲ့စိုက်ပျိုးနိုင်ရေးတို့အတွက် အသိပညာပေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဟင်းသီးဟင်းရွက်ကို အထွက်နှုန်းနှင့် အရည်အသွေးကောင်းမွန်အောင်စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ တောင်သူများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ဟင်းသီးဟင်းရွက်များ တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းဆောင်ရွက်သင့်ကြောင်း သိရသည်။

လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

**❖ မဲပေးရာတွင် စနစ်တကျဖြင့် တန်းစီ၍မဲပေးခဲ့ကြခြင်းကိုတွေ့ခဲ့ရခြင်းသည် ပြည်သူများအနေဖြင့် ရွေးကောက်ပွဲကိုထောက်ခံအားပေးမှုကိုပြသခြင်း၊ နိုင်ငံတော်အစိုးရ၏ နိုင်ငံရေးအရဆောင်ရွက်ချက်များကို ထောက်ခံမှုပြသခြင်းပင်ဖြစ် . . .**

**❖ ပါတီစုံဒီမိုကရေစီစနစ်ကို အမှန်တကယ်လိုလားလက်ခံပြီး နိုင်ငံ၏ဂုဏ်သိက္ခာနှင့်အညီ နိုင်ငံကြီးသားပီသစွာဖြင့် စည်းစနစ်တကျဖြင့် အေးချမ်းစွာပါဝင်ဆန္ဒမဲပေးခဲ့ကြခြင်းသည် နိုင်ငံတော်အတွက်ဂုဏ်ယူဖွယ်ကိစ္စရပ်ပင်ဖြစ် . . .**

**❖ မိမိတို့အနေဖြင့် PR စနစ်ဖြင့်ဆောင်ရွက်ခဲ့ခြင်းဖြစ်သဖြင့် ပါတီစုံစနစ် (Multi Party စနစ်)ကို ပီပြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခြင်းပင်ဖြစ် . . .**

★ ရှေ့ဖုံးမှအဆက်

အဆိုပါတွေ့ဆုံပွဲသို့ ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော၊ အမှုဆောင်ချုပ် ဦးအောင်လင်းဒွေး၊ ကော်မရှင်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ကော်မရှင်ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

## ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ခဲ့မှု

ဦးစွာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက အမှာစကားပြောကြားရာတွင် ပြီးခဲ့သည့် ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်နေ့မှစတင်၍ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို အပိုင်း ၃ ပိုင်းခွဲ၍ ၂၆၃ မြို့နယ်တွင် အောင်မြင်စွာကျင်းပပြုလုပ်နိုင်ခဲ့ကြောင်း၊ ရွေးကောက်ပွဲ၌ ပြည်သူများအနေဖြင့် ဆန္ဒမဲများပေးရာတွင် တက်ကြွစွာဖြင့် စည်းကမ်းတကျလာရောက်၍ မဲရုံများတွင်ဆန္ဒမဲများပေးခဲ့ကြသည်ကို တွေ့ရှိခဲ့ရကြောင်း၊ **မဲပေးရာတွင် စနစ်တကျဖြင့် တန်းစီ၍မဲပေးခဲ့ကြခြင်းကို တွေ့ခဲ့ရခြင်းသည် ပြည်သူများအနေဖြင့် ရွေးကောက်ပွဲကို ထောက်ခံအားပေးမှုကိုပြသခြင်း၊ နိုင်ငံတော်အစိုးရ၏ နိုင်ငံရေးအရဆောင်ရွက်ချက်များကို ထောက်ခံမှုပြသခြင်းပင်ဖြစ်**ကြောင်း၊ အချို့နိုင်ငံရေးအရသဘောထားမတိုက်ဆိုင်သူများအနေဖြင့် ရွေးကောက်ပွဲတွင်ပါဝင်မှုမရှိကြကြောင်း၊ တစ်နိုင်ငံလုံးအနေဖြင့် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ၂၄ သန်းကျော်အနက် ဆန္ဒမဲပေးသူ ၁၃ ဒသမ ၁၄ သန်းကျော် ရှိခဲ့သဖြင့် ဆန္ဒမဲပေးမှုရာခိုင်နှုန်းမှာ ၅၄ ဒသမ ၂၂ ရာခိုင်နှုန်းရှိကြောင်း၊ နိုင်ငံတကာရွေးကောက်ပွဲများကိုလေ့လာကြည့်ရာတွင် ထုတ်ပြန်ထားသည့်စာရင်းများအရ ၂၀၂၅ ခုနှစ်နှင့် အနီးဆုံးကာလများတွင် အထွေထွေရွေးကောက်ပွဲများကို ၁၉၉ နိုင်ငံတွင်ကျင်းပပြုလုပ်ခဲ့ပြီး နိုင်ငံပေါင်း ၅၀ ၌ မဲပေးမှုရာခိုင်နှုန်း ၅၄ ရာခိုင်နှုန်းထက်နည်းပါးကြသည်ကိုတွေ့ရကြောင်း၊ ထိုအထဲတွင် ပြင်သစ်နိုင်ငံ၊ အယ်လ်ဂျီးရီးယား၊ ဘူလ်ဂေးရီးယား၊ အီဂျစ်၊ ခရိုအေးရှား၊ ဂျမေကာ၊ ဂျပန် စသည့်နိုင်ငံများပါဝင်ကြောင်း၊ ဒီမိုကရေစီစနစ် ထွန်းကားပြီးနိုင်ငံများပင်ပါဝင်ကြောင်း၊ ထို့ကြောင့် မိမိတို့နိုင်ငံတွင် ကျင်းပပြုလုပ်သည့် ယခုရွေးကောက်ပွဲသည် အောင်မြင်သည့်ရွေးကောက်ပွဲတစ်ခုဟုပြောနိုင်ကြောင်း။

ဆန္ဒမဲပေးရာတွင် မြန်မာအီလက်ထရောနစ်မဲပေးစနစ် (MEVM) စက်များဖြင့် ဆန္ဒမဲများပေးခဲ့ခြင်းဖြစ်ကြောင်း၊ အဆိုပါ MEVM စက်များကို ရွေးကောက်ပွဲမကျင်းပမီ စတင်၍ ကြိုတင်ပြင်ဆင်ချိန်ကတည်းက အကြိမ်ကြိမ် စမ်းသပ်စစ်ဆေးပြီးမှသာ ရွေးကောက်ပွဲတွင် အသုံးပြုခဲ့ခြင်းဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် မဲမသမာမှုများကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံတော်တာဝန်များကို ထမ်းဆောင်ခဲ့ရခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် ရွေးကောက်ပွဲကျင်းပပြုလုပ်ချိန်တွင် မဲစာရင်းများမှန်ကန်မှုရှိစေရေးအတွက် ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်းကောက်ယူခြင်းကိုလည်းဆောင်ရွက်ခဲ့ကြောင်း၊ မဲစာရင်းများမှားယွင်းမှုများမရှိစေရေး အကြိမ်ကြိမ်အထပ်ထပ်စစ်ဆေးခြင်းများဆောင်ရွက်ခဲ့ကြောင်း၊ အကြောင်းအမျိုးမျိုးကြောင့် မဲဆန္ဒရှင်စာရင်းတွင် ပါဝင်မှုမရှိသူများရှိခဲ့သော်လည်း မဲစာရင်းမှားယွင်းမှုမရှိအောင် အတတ်နိုင်ဆုံးဆောင်ရွက်ခဲ့ကြောင်း။

မြန်မာအီလက်ထရောနစ်မဲပေးစနစ် (MEVM) စက်များဖြင့် ဆန္ဒမဲများပေးရာတွင်လည်းမဲရုံတစ်ခုချင်းစီအလိုက် MEVM စက်တစ်ခုချင်းအလိုက် သီးသန့်သာဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး မည်သည့်ချိတ်ဆက်မှုများမှ ဆောင်ရွက်ထားမှုမရှိခဲ့ကြောင်း၊ မိမိတို့အစိုးရအဖွဲ့အနေဖြင့် ၂၀၂၀ ပြည့်နှစ်ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် မဲမသမာမှုများကြောင့် နိုင်ငံတော်ကိုတာဝန်ယူခဲ့ရခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့ကျင်းပပြုလုပ်သည့်ရွေးကောက်ပွဲသည် မဲမသမာမှုနှင့် မဲစာရင်းမှားယွင်းမှုမရှိဘဲ လွတ်လပ်ပြီး တရားမျှတသည့်ရွေးကောက်ပွဲ၊ သိက္ခာရှိသည့်ရွေးကောက်ပွဲဖြစ်စေရေး ကျင်းပဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး အောင်မြင်သည့်ရွေးကောက်ပွဲတစ်ရပ်ကို ကျင်းပပြုလုပ်နိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ ရွေးကောက်ပွဲကျင်းပရာတွင် နိုင်ငံတော်အနေဖြင့် ငွေကြေးကုန်ကျမှုများ များစွာရှိသော်လည်း ရွေးကောက်ပွဲကို အပိုင်းအလိုက်ခွဲ၍ ကျင်းပပြုလုပ်ခဲ့ခြင်းဖြစ်သဖြင့် ငွေကြေးကုန်ကျမှုကို သက်သာစေခဲ့သကဲ့သို့ အုပ်ချုပ်မှု၊ စီမံခန့်ခွဲမှုနှင့် လုံခြုံရေးဆိုင်ရာများကိုလည်း စနစ်တကျဆောင်ရွက်နိုင်ခဲ့သည်ကို တွေ့ရကြောင်း။

ကြိုတင်မဲပေးမှုနှင့်ပတ်သက်၍လည်း မိမိတို့အနေဖြင့် မဲမသမာမှုများလုံးဝမဖြစ်ပေါ်စေရေး စနစ်တကျကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြောင်း၊ အကြောင်းအမျိုးမျိုးကြောင့် ဆန္ဒမဲပေးချိန်တွင် ပျက်ကွက်နိုင်သူများကို စနစ်တကျဖြင့် မှတ်တမ်းတင်၍ ကြိုတင်မဲပေးနိုင်ရေး ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ရွေးကောက်ပွဲကျင်းပပြုလုပ်ချိန်တွင် ပါဝင်မဲပေးခဲ့ကြသည့် ပြည်သူများကို များစွာကျေးဇူးတင်ရှိပါကြောင်း၊ **ပါတီစုံဒီမိုကရေစီစနစ်ကိုအမှန်တကယ်လိုလားလက်ခံပြီး နိုင်ငံ၏ဂုဏ်သိက္ခာနှင့်အညီ နိုင်ငံကြီးသားပီသစွာဖြင့် စည်းစနစ်တကျဖြင့် အေးချမ်းစွာပါဝင်ဆန္ဒမဲပေးခဲ့ကြခြင်းသည် နိုင်ငံတော်အတွက်ဂုဏ်ယူဖွယ်ကိစ္စရပ်ပင်ဖြစ်**ကြောင်း။

မိမိတို့အစိုးရ တာဝန်ယူချိန်တွင် ရွေးကောက်ပွဲကော်မရှင်ကို ပြင်ဆင်ဖွဲ့စည်းခဲ့ပြီး ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနှင့်ပတ်သက်၍ စိစစ်ဆောင်ရွက်မှုများကို စနစ်တကျပြုလုပ်ခဲ့ပြီး လိုအပ်သည့်အရေးယူဆောင်ရွက်မှုများပြုလုပ်ခဲ့ကြောင်း၊ ထို့နောက်ရွေးကောက်ပွဲကျင်းပရန်အတွက် ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများ၊ ရွေးကောက်ပွဲဆိုင်ရာ ဥပဒေပြဋ္ဌာန်းမှုများကို စနစ်တကျဖြင့်ဆောင်ရွက်နိုင်ခဲ့သည်ကိုတွေ့ရကြောင်း၊ ထို့ကြောင့် ယခုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များကိုသာမက မိမိတို့အစိုးရလက်ထက် ယခင်ရွေးကောက်ပွဲကော်မရှင်ကိုလည်း မိမိအနေဖြင့် ကျေးဇူးတင်ရှိပါကြောင်း။

မိမိတို့အနေဖြင့် ရွေးကောက်ပွဲကျင်းပချိန်တွင် နိုင်ငံရေးပါတီများပါဝင်နိုင်ရေး ဆောင်ရွက်ခဲ့ကြောင်း၊ ထိုသို့ဆောင်ရွက်ချိန်တွင် ပါတီငယ်များနှင့် တိုင်းရင်းသားကိုယ်စားလှယ်များ လွှတ်တော်နိုင်ငံရေးစင်မြင့်တွင် ပါဝင်လာနိုင်စေရေး PR စနစ်ကို ကျင့်သုံးဆောင်ရွက်ခဲ့ကြောင်း၊ ဒေသအားလုံးနှင့် တိုင်းရင်းသားပါတီများမှ ကိုယ်စားလှယ်များအနေဖြင့်လည်း လွှတ်တော်တွင် ပါဝင်ပြီး မိမိတို့၏ဒေသအကျိုးနှင့် ၎င်းတို့၏ဆန္ဒများကို ပါဝင်ဆွေးနွေးဆောင်ရွက်နိုင်ရေး ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ခဲ့မှုကြောင့် ယခုရွေးကောက်ပွဲတွင် တိုင်းရင်းသားပါတီများမှ ကိုယ်စားလှယ်များနှင့် ပါတီငယ်များမှ ကိုယ်စားလှယ်များပိုမိုပါဝင်လာသည်ကိုတွေ့ရကြောင်း။

**❖ ကျောင်းနေအရွယ်ကလေးများအားလုံးကျောင်းနေခြင်းသည် နိုင်ငံတော်၏အနာဂတ်တိုးတက်ရေးအတွက် များစွာအရေးကြီး၊ ကျောင်းသား၊ ကျောင်းသူများ၏ တန်းစဉ်ကူးပြောင်းမှုများမြင့်မားလာစေရေး တတ်နိုင်သည့်ဘက်မှ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေးရန်လို . . .**

**❖ ပြည်သူလူထုတည်ငြိမ်အေးချမ်းမှုကို အပြည့်အဝခံစားနိုင်ရေး တပ်မတော်၏အင်အား၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၏အင်အား၊ ပြည်သူလူထု၏အင်အားများစုစည်း၍ အကြမ်းဖက်သမားများကို နှိမ်နင်းရမည်ဖြစ် . . .**

**❖ ၂၀၂၆ ခုနှစ်၊ (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ဈေးရောင်းပွဲတော်သို့ တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးမှ MSME ထုတ်ကုန်များကို တက်ကြွစွာဖြင့် အပြိုင်အဆိုင် လာရောက်ပါဝင်ပြသကြသည်ကို ဝမ်းမြောက်အားတက်ဖွယ်တွေ့မြင်ရ . . .**

**❖ ရွေးကောက်ပွဲကို သမာသမတ်ရှိရှိစနစ်တကျဆောင်ရွက်ပေးနိုင်ခဲ့သဖြင့် ရွေးကောက်ပွဲနှင့်ပတ်သက်၍ ယခုအချိန်အထိ နိုင်ငံရေးပါတီများမှကန့်ကွက်ခဲ့မှုမရှိ . . .**

### နောင်လာမည့်လွှတ်တော်တွင် ပါတီငယ်များနှင့် တိုင်းရင်းသားကိုယ်စားလှယ်များ ပါဝင်လာနိုင်ရေး

ပါတီပေါင်း ၅၇ ပါတီ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံးတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်မှာ ၆ ပါတီရှိခဲ့ကြောင်း၊ ၃၁ ပါတီမှ လွှတ်တော်ကိုယ်စားလှယ်များနှင့် တစ်သီးပုဂ္ဂလကိုယ်စားလှယ် ၁ ဦး ရွေးကောက်ခံခဲ့ရကြောင်း၊ မဲစာရင်းရလဒ်များအရ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီအနေဖြင့် ၄၄ ဒသမ ၁၉ ရာခိုင်နှုန်း၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီအနေဖြင့် ၁၃ ဒသမ ၃၄ ရာခိုင်နှုန်း၊ ပြည်သူ့ပါတီ ၈ ဒသမ ၈၅ ရာခိုင်နှုန်း၊ ပြည်သူ့ရှေ့ဆောင်ပါတီအနေဖြင့် ၇ ဒသမ ၆၅ ရာခိုင်နှုန်း၊ ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီအနေဖြင့် ၆ ဒသမ ၁၇ ရာခိုင်နှုန်းရရှိခဲ့သည်ကို တွေ့ရှိရကြောင်း၊ အလားတူ တိုင်းရင်းသားပါတီများမှ ကိုယ်စားလှယ်များလည်း ပါဝင်အနိုင်ရရှိခဲ့ကြသည်ကိုတွေ့ရကြောင်း၊ **မိမိတို့အနေဖြင့် PR စနစ်ဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်သဖြင့် ပါတီစုံစနစ် (Multi Party စနစ်)ကို ပီပြင်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ခြင်းပင်ဖြစ်**ကြောင်း။

မိမိတို့အနေဖြင့် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေကို စနစ်တကျဖြင့် ဆောင်ရွက်ခဲ့ကြောင်း၊ ယခုရရှိသည့်မဲရလဒ်များကိုကြည့်ခြင်းအားဖြင့် ပါတီဝင်အင်အားကိုခန့်မှန်း၍ရကြောင်း၊ နိုင်ငံရေးပါတီများအနေဖြင့် ပြည်သူနှင့်ကင်းကွာ၍မရကြောင်း၊ ပြည်သူများနှင့် ထိတွေ့မှုများပြားသည့်ပါတီများ၊ ပါတီဝင်စည်းရုံးရေးကို ဆောင်ရွက်နိုင်ခဲ့သည့်ပါတီများအနေဖြင့် ပြည်သူများ၏ ထောက်ခံမှုကိုရရှိခဲ့ခြင်းဖြစ်ကြောင်း၊ နိုင်ငံရေးပါတီများအနေဖြင့် ရွေးကောက်ပွဲကျင်းပချိန်မတိုင်မီကတည်းက စနစ်တကျဖြင့် ကြိုတင်ပြင်ဆင်၍ ဆောင်ရွက်ရမည်ကို သင်ခန်းစာဖော်ထုတ်နိုင်ကြောင်း၊ ပါတီ၏မူဝါဒများ၊ စည်းမျဉ်းစည်းကမ်းများအား ပြည်သူများသိရှိစေရေး ဆောင်ရွက်ပြီးစည်းရုံးဆောင်ရွက်ကြရန်လိုကြောင်း၊ နောင်တစ်ချိန်ပြုလုပ်သွားမည့် ရွေးကောက်ပွဲများတွင် ယခုထက်ပိုမိုကောင်းမွန်သည့်ရွေးကောက်ပွဲဖြစ်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ယခုရရှိလာသည့် ရွေးကောက်ပွဲရလဒ်များကိုလည်း ပါတီများအနေဖြင့် သံသယရှိပါက ရွေးကောက်ပွဲကော်မရှင်သို့ လုပ်ထုံးလုပ်နည်းနှင့်အညီ တင်ပြဆောင်ရွက်နိုင်ကြောင်း။

### လွှတ်တော်ကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်လို

ယခုအခါ ရွေးကောက်ပွဲကို အောင်မြင်စွာကျင်းပပြုလုပ်ပြီးစီးပြီဖြစ်သဖြင့် မကြာမီကာလအတွင်း လွှတ်တော်ခေါ်ယူ၍ အစည်းအဝေးကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်ခြင်းများကို နိုင်ငံတော်အစိုးရနှင့် တိုင်းဒေသကြီးနှင့်ပြည်နယ်များအလိုက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ သက်ဆိုင်ရာ လွှတ်တော်အဆောက်အဦများ၊ လွှတ်တော်ကိုယ်စားလှယ်များ၏တည်းခိုနေထိုင်ရေး၊ စားသောက်ရေး၊ ကျန်းမာရေးစောင့်ရှောက်မှုများကို အဆင်ပြေစွာဆောင်ရွက်နိုင်ရေး ကြိုတင်ပြင်ဆင်ခြင်းများကို ဆောင်ရွက်သွားရန်လိုကြောင်း။

### နောင်တက်လာမည့် အစိုးရအဖွဲ့အနေဖြင့် လုပ်ငန်းများကိုချောမွေ့စွာဖြင့် ဆက်လက်ဆောင်ရွက်နိုင်ရေး

မိမိတို့လက်ရှိအစိုးရ၏ လုပ်ဆောင်ချက်မှတ်တမ်းများကို စနစ်တကျဖြင့် ပြုစုဆောင်ရွက်ထားကြရန်လိုကြောင်း၊ "နှုတ်တစ်ရာ စာတစ်လုံး" ဆိုသည့်အတိုင်း ပြည်ထောင်စုအဆင့်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်များအလိုက် အချက်အလက်များမှန်မှန်ကန်ကန်ဖြင့်စနစ်တကျမှတ်တမ်းတင်ပြုစုထားရှိရန်လိုကြောင်း၊ နောင်တက်လာမည့်အစိုးရအဖွဲ့အနေဖြင့် အချက်အလက်များ မှန်မှန်ကန်ကန်ဖြင့် နိုင်ငံတော်တာဝန်များကို ချောချောမွေ့မွေ့ထမ်းဆောင်နိုင်ရေး ဆောင်ရွက်ပေးသွားရမည်ဖြစ်ကြောင်း။

### ရရှိသည့်အချိန်အတွင်း နိုင်ငံ့စီးပွားရေးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်စေလို

နိုင်ငံတစ်ခုဖွံ့ဖြိုးတိုးတက်ရေးအတွက် စီးပွားရေးမောင်းနှင်အားသည် အဓိကကျကြောင်း၊ ထို့ကြောင့် မိမိတို့အစိုးရအဖွဲ့အနေဖြင့် ကျန်ရှိနေသည့် အချိန်အတွင်း နိုင်ငံစီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးသွားကြရမည်ဖြစ်ကြောင်း၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှသာ နိုင်ငံဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သဖြင့် ရသမျှအချိန်အတွင်း နိုင်ငံစီးပွားဖွံ့ဖြိုးတိုးတက်အောင် ဝိုင်းဝန်းဆောင်ရွက်သွားကြစေလိုကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် စိုက်ပျိုးမွေးမြူရေးကုန်ထုတ်လုပ်ငန်းများကို အခြေခံ၍ ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

စိုက်ပျိုးရေးလုပ်ငန်းများကို တစ်ဧကအထွက်နှုန်းတိုးတက်ရေးဆောင်ရွက်သွားကြရန်လိုပြီး သီးထပ်စိုက်ပျိုးခြင်းလုပ်ငန်းများကိုလည်း ဆောင်ရွက်နိုင်ရေး တွန်းအားပေးဆောင်ရွက်သွားကြရန် လိုကြောင်း၊ မိမိတို့အနေဖြင့်ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် စတင်တာဝန်ယူချိန်မှစတင်၍ ကြိုးပမ်းဆောင်ရွက်ခဲ့သော်လည်း ထိုက်သင့်သလောက်သာအောင်မြင်မှုရရှိခဲ့ကြောင်း၊ ထို့ကြောင့် ဆီထွက်သီးနှံစိုက်ပျိုးမှုများ အောင်မြင်ဖြစ်ထွန်းစေရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြစေလိုကြောင်း၊ ဆီထွက်သီးနှံများအား ကုန်ကြမ်းများအဖြစ် ပြည်ပသို့တင်ပို့ခြင်းထက် ပြည်တွင်းဆီထုတ်လုပ်မှုကို အထောက်အကူပြုစေမည့် ဆီထွက်သီးနှံကို စိုက်ပျိုးထုတ်လုပ်စေလိုကြောင်း၊ သို့မှသာ ပြည်တွင်းဆီဖူလုံမှုများ တိုးတက်လာမည်ဖြစ်ပြီး နိုင်ငံခြားငွေသုံးစွဲမှုကို များစွာလျှော့ချနိုင်မည်ဖြစ်ကြောင်း။

စိုက်ပျိုးရေးတွင် ပန်းတိုင်ရည်မှန်းချက်မပြည့်မီမှုကြောင့် နိုင်ငံ၏ဝင်ငွေများ နှစ်စဉ်လျော့နည်းလျက်ရှိသဖြင့် ဝင်ငွေများပိုမိုတိုးတက်လာစေရေး တစ်ဧကပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင်ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းဖြင့် ပြည်ပဝင်ငွေများပိုမိုရရှိလာပြီး ပြည်တွင်းစီးပွားရေးတိုးတက်မှုကိုများစွာအထောက်အကူပြုစေမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် နောင်တက်လာမည့်အစိုးရအတွက် အထောက်အကူပြုစေရေး ကြိုးပမ်းဆောင်ရွက်ပေးခဲ့ရမည်ဖြစ်ကြောင်း။

### ပြည်သူများအတွက် သန့်ရှင်းသာယာလှပသည့် ပတ်ဝန်းကျင်ကောင်းများကို ဖန်တီးပေးရန်လို

**"နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့"** ဆိုသည့် မိမိတို့ ချမှတ်ထားသည့်ဆောင်ပုဒ်အတိုင်း ပြည်သူများအနေဖြင့် သာယာလှပသည့်ပတ်ဝန်းကျင်ကောင်းတွင်နေထိုင်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ သစ်ပင်သစ်တောများ စိုက်ပျိုးထိန်းသိမ်းခြင်းများဆောင်ရွက်သွားရန်လိုသကဲ့သို့ မြို့ရွာများ သန့်ရှင်းသာယာလှပ စိမ်းလန်းသာယာရေးအတွက်လည်း သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ကြိုးပမ်းဆောင်ရွက်သွားကြစေလိုကြောင်း၊ ထိုသို့ပြည်သူများအတွက် ပတ်ဝန်းကျင်ကောင်းများကို ဖန်တီးဆောင်ရွက်ပေးခြင်းဖြင့် ပြည်သူများ၏ Mind Set များ ကောင်းမွန်လာမည်ဖြစ်ပြီး အေးချမ်းသာယာမှုကို ပိုမိုရရှိစေမည်ဖြစ်ကြောင်း။

### နိုင်ငံတော်၏အနာဂတ်တိုးတက်ရေးအတွက် ကျောင်းနေအရွယ် ကလေးငယ်များအားလုံး ပညာသင်ကြားနိုင်ရေးလိုအပ်

မကြာမီကာလအတွင်း ကျောင်းသား၊ ကျောင်းသူ ကလေးငယ်များအနေဖြင့် နွေရာသီကျောင်းပိတ်ရက်သို့ ရောက်ရှိတော့မည်ဖြစ်ကြောင်း၊ အဆိုပါနွေရာသီကျောင်းပိတ်ရက်အတွင်း ကလေးငယ်များအနေဖြင့် အချိန်ကိုအကျိုးရှိစွာဖြင့် အသုံးချ၍ ၎င်းတို့၏ဘဝအတွက် အထောက်အကူပြုစေမည့် နွေရာသီသင်တန်းများကိုဖွင့်လှစ်သင်ကြားပေးနိုင်ရန်လိုကြောင်း၊ ရုပ်ပိုင်း၊ စိတ်ပိုင်းဆိုင်ရာများတွင် စနစ်တကျအနားယူဆောင်ရွက်ခြင်းဖြင့် နောင်လာမည့်ပညာသင်နှစ်တွင် ယခုထက်ပိုမို၍ ကြိုးစားအားထုတ်ချင်သည့်စိတ်များရှိလာအောင် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း။

**ကျောင်းနေအရွယ်ကလေးများအားလုံးကျောင်းနေခြင်းသည် နိုင်ငံတော်၏အနာဂတ်တိုးတက်ရေးအတွက် များစွာအရေးကြီး**ကြောင်း၊ **ကျောင်းသား၊ ကျောင်းသူများ၏ တန်းစဉ်ကူးပြောင်းမှုများမြင့်မားလာစေရေး တတ်နိုင်သည့်ဘက်မှ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေးရန်လို**ကြောင်း၊ ကျောင်းသား၊ ကျောင်းသူများ၏ ဘဝအတွက် နိုင်ငံတော်အတွက် အကျိုးဖြစ်ထွန်းစေမည့်ပညာရေးစနစ်ကိုဖော်ဆောင်နိုင်ရန်လိုကြောင်း၊ လူငယ်များအနေဖြင့် ၎င်းတို့ခြေထောက်ပေါ်တွင် ကိုယ်တိုင်ရပ်တည်နိုင်သည့် ပညာရပ်များတတ်မြောက်နိုင်အောင် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ အကြောင်းအမျိုးမျိုးကြောင့် ကျောင်းများမဖွင့်လှစ်နိုင်သည့်ဒေသများတွင် လာမည့်ပညာသင်နှစ်အတွင်း ကျောင်းများပြန်လည်ဖွင့်လှစ်သင်ကြားနိုင်ရေးဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း။

### ဒေသအလိုက်လုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းမှုရှိစေရေး ကြိုးပမ်းဆောင်ရွက်

ဒေသအလိုက် လုံခြုံရေးနှင့်တည်ငြိမ်အေးချမ်းရေးလုပ်ငန်းများကို တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် တာဝန်ရှိသူများအားလုံးဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင်ဒေသတွင်နေထိုင်သည့်တည်ငြိမ်အေးချမ်းမှုကိုလိုလားသော ပြည်သူများ၏အားဖြင့် ပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ တည်ငြိမ်မှုမရှိသည့် ဒေသများတွင် လက်နက်ကိုင်၍အကြမ်းဖက်လုပ်ရပ်များ ဆောင်ရွက်နေသည့်အဖွဲ့အစည်းများသည် ၎င်းတို့၏ကိုယ်ကျိုးအတ္တအတွက် မူးယစ်ဆေးဝါးထုတ်လုပ်ရောင်းချခြင်းများ၊ ဒေသအလိုက်ထွက်ရှိသည့် သယံဇာတပစ္စည်းများကို တရားမဝင်ထုတ်ယူခြင်းများဖြင့် အဓမ္မကိုယ်ကျိုးစီးပွားရှာခြင်းများကို လုပ်ဆောင်နေကြခြင်းဖြစ်ကြောင်း။

အဆိုပါ အကြမ်းဖက်သမားများကြောင့် ဒေသမတည်ငြိမ်မှုများဖြစ်ပေါ်ပြီး အခြေခံပညာကျောင်းများ ပိတ်ထားရခြင်းကြောင့် ကျောင်းနေအရွယ်ကလေးငယ်များ၏ အခွင့်အရေးများ များစွာဆုံးရှုံးလျက်ရှိကြောင်း၊ **ပြည်သူလူထု တည်ငြိမ်အေးချမ်းမှုကိုအပြည့်အဝခံစားနိုင်ရေး တပ်မတော်၏ အင်အား၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ အင်အား၊ ပြည်သူလူထု၏ အင်အားများစုစည်း၍ အကြမ်းဖက်သမားများကို နှိမ်နင်းရမည်ဖြစ်**ကြောင်း၊ တိုင်းဒေသကြီးနှင့်ပြည်နယ်ဝန်ကြီးချုပ်များအနေဖြင့်မိမိတို့ဒေသအလိုက် တည်ငြိမ်အေးချမ်းရေး လုပ်ငန်းများကို အုပ်ချုပ်မှုနည်းလမ်း၊ စီမံခန့်ခွဲမှုနည်းလမ်းများဖြင့် ပေါင်းစပ်ဆောင်ရွက်သွားကြရန်လိုကြောင်းနှင့် နောင်တက်လာမည့်အစိုးရအတွက် အထောက်အကူပြုစေမည့် လုပ်ငန်းများအားလုံးကို ဆောင်ရွက်ပေးသွားကြရန်လိုကြောင်းဖြင့် ပြောကြားသည်။

### ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက ရွေးကောက်ပွဲအောင်မြင်စွာကျင်းပပြုလုပ်နိုင်ရေးဆောင်ရွက်ခဲ့မှုများ ရှင်းလင်းတင်ပြ

ထို့နောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ရွေးကောက်ပွဲကျင်းပပြုလုပ်နိုင်မည့်မြို့နယ်များနှင့် မကျင်းပနိုင်မည့်မြို့နယ်များသတ်မှတ်၍ မဲစာရင်းများအဆင့်ဆင့်ပြုစုခြင်းလုပ်ငန်းများဆောင်ရွက်ခဲ့မှု၊ ရွေးကောက်ပွဲအား အပိုင်းလိုက်အောင်မြင်စွာကျင်းပနိုင်ခဲ့မှုနှင့် မဲစာရင်းရလဒ်များ၊ ရွေးကောက်ခံကိုယ်စားလှယ်များ၏စာရင်းအား ကြေညာပေးခဲ့မှုအခြေအနေများ၊ အပိုင်းလိုက်ကျင်းပဆောင်ရွက်ခဲ့ရာတွင် မြန်မာအီလက်ထရောနစ်မဲပေးစက်များ အပိုင်းလိုက်သတ်မှတ်နေရာများအလိုက် အချိန်မီရွှေ့ပြောင်းနိုင်ရေး၊ စနစ်တကျပြန်လည်တပ်ဆင်အသုံးပြုနိုင်ရေး စနစ်တကျဖြင့် ဆောင်ရွက်နိုင်ခဲ့သည့် အခြေအနေများ၊ **စာမျက်နှာ ၁၅ သို့** ✩

MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# Acting President of the Republic of the Union of Myanmar, Chairman of State Security and Peace Commission, Senior General Min Aung Hlaing meets with Chairman of Union Election Commission, Nay Pyi Taw Council Chairman, region/state chief ministers

## State recognizes and thanks people who voted as decorous citizens for nation's dignity and UEC and officials for the success of the election



Acting President of the Republic of the Union of Myanmar, Chairman of State Security and Peace Commission, Senior General Min Aung Hlaing meets with Chairman of UEC, Nay Pyi Taw Council Chairman, region/state chief ministers.

NAY PYI TAW February 9

Acting President of the Republic of the Union of Myanmar, Chairman of State Security and Peace Commission, Senior General Min Aung Hlaing held a meeting with the Chairman of Union Election Commission, the Nay Pyi Taw Council Chairman, region/state chief ministers at the meeting hall of National Defence and Security Council Office this afternoon.

Also present at the meeting were Vice Chairman of SSPC Vice-Senior General Soe Win, SSPC member Prime Minister U Nyo Saw, Executive Chief U Aung Lin Dway, SSPC Secretary General Ye Win Oo, SSPC members, union ministers, UEC members, deputy ministers and officials.

**Successful holding of the election**

In his address, the Senior General said multi-party democracy general election was held successfully in 263 townships in three phases beginning from 28 December 2025. During the election, people went to the polls enthusiastically and in discipline. **Voters waiting their turn in queues illustrates the public support of the election and endeavour of the State.** Some politicians who have different political views did not take part in the election. Over 13.14 million voters out of over 24 million eligible voters of the country went to the polls, and the voter turnout was 54.22 percent. A study of international elections shows that general elections were in 199 countries in 2025 and the nearest periods, and it is found that the voter turnout was less than 54 percent. Included in the said 50 countries were France, Algeria, Bulgaria, Egypt, Croatia, Jamaica, Japan, countries where democracy flourished. Hence, the Myanmar election can be claimed to be a successful one.

Voting was via the MEVMs and they were used in the election after undergoing tests many times during the preparatory period before the election. The government in office has to assume the responsibilities of the State due to vote rigging at the 2020 multi-party democracy general election. Hence, the government in office conducted the 2024 population and housing census for the correctness of the voter lists. Checks and counter checks were made a number of times to ensure that voter lists had no errors. There were some people missing in the voter lists for certain reasons, but utmost efforts were made to clear the voter list from any mistakes.

Each MEVM at each polling station was functioning independently, and there was no connection between one MEVM and another. The government in office has assumed the duties of the State as there was vote rigging at the 2020 election, so it made efforts to ensure that the voter list was free from errors and that the election was free and fair and it was honourable and successful. Although the State had to bear a lot of financial expense for the election, the phase by phase program had reduced the cost, and ensured a proper system in taking measures for the management and security functions.

Preparations were made to prevent the occurrence of any kind of vote rigging in advance voting. Those who could be absent during the voting period were systematically recorded and made arrangements for them to cast advance votes. The Senior General expressed sincere thanks for the voters, saying that it is a pride for the country, that **they were the persons who truly loved and accepted the multi-party democracy, and that they went to the polls peacefully and in discipline as the dignified citizens.**

When this Government assumed responsibility, the Union Election Commission was restructured, and systematic scrutiny was carried out in connection with the 2020 multi-party democratic general election, with necessary actions taken accordingly. Subsequently, it was observed that preparatory work for holding elections and the enactment of election-related laws were also implemented in a systematic manner. Therefore, the speaker expressed gratitude not only to the current Chairperson and members of the Union Election Commission but also to the previous Union Election Commission that served during this Government's term.

Efforts were made to enable political parties to participate during the election. In doing so, the proportional representation (PR) system was applied to ensure that smaller parties and

See Page - 19

From Page - 18

ethnic representatives could take part in the parliamentary political arena. It was also undertaken so that representatives from all regions and from ethnic political parties could enter the legislature and participate in discussions and actions concerning the interests of their respective regions and their aspirations. As a result of these efforts, it was observed that more representatives from ethnic political parties and smaller parties are participating in the current election.

**Plans for small parties and ethnic representatives to join the forthcoming Hluttaw**

A total of 57 political parties contested in the election, and six parties competed in all regions and states. Hluttaw representatives from 31 parties and one independent candidate were elected. According to the vote results, the Union Solidarity and Development Party received 44.19 percent, the National Unity Party 13.34 percent, the People's Party 8.85 percent, the People's Pioneer Party 7.65 percent, and the Shan and Nationalities Democratic Party 6.17 percent. Representatives from ethnic political parties likewise secured victories. **As the process was carried out under the proportional representation (PR) system, this was seen as effectively implementing a genuine multi-party system.**

The registration of political parties was carried out systematically in accordance with the law. Based on the election results obtained, the relative strength of party membership can be estimated. Political parties cannot remain detached from the public; those parties that maintained extensive engagement with the people and were able to carry out effective party organization and mobilization secured public support. Lessons can also be drawn that political parties must undertake systematic preparations well in advance of election periods. Parties are required to publicize their policies and regulations so that the public is well informed and to conduct organizational and outreach activities accordingly. It was further emphasized that efforts must be made to ensure that future elections are conducted better than the current one. With regard to the election results obtained, political parties were informed that if they have any doubts, they may submit them to the Union Election Commission in accordance with established procedures.

**Need to make preparations to convene Hluttaw sessions**

As the election has now been successfully held and concluded, preparations are currently under way to convene the Hluttaw sessions in the near future. The Union Government, together with region and state governments, is carrying out advance preparatory work accordingly. It was emphasized that preparations need to be made to ensure the readiness of relevant Hluttaw buildings, as well as to provide convenient arrangements for accommodation, catering, and healthcare services for Hluttaw representatives.

**Further efforts for the forthcoming elected government to smoothly work process**

The records of the current Government's actions should be compiled and maintained in a systematic manner. In line with the saying "one written word is worth a hundred spoken words," accurate and well-organized documentation should be kept at the Union, region, and state levels. This was underscored as necessary to ensure that future governments are able to assume and carry out state responsibilities smoothly on the basis of accurate information.

**Need to strive for economic development of the State in available timeframe**

The economic driving force is essential for the development of a country. Therefore, during the remaining period of this Government, efforts must be made to promote national economic development. Since the country can only progress through economic growth, it was urged that everyone work together to develop the economy within the available time. In carrying out these efforts, priority should be given to agriculture, livestock, and production-related sectors as the foundation.

Agricultural activities should be carried out to increase yield per acre, and efforts should also be made to promote multiple-cropping practices. While efforts have been made since the assumption of responsibility to ensure domestic edible oil sufficiency, the results achieved so far have been limited. Therefore, continued efforts are needed to successfully cultivate oil-producing crops. These crops should be grown primarily to support domestic oil production rather than for export as raw materials. Only in this way can domestic oil sufficiency improve and the use of foreign currency be significantly reduced.

Due to unmet agricultural targets, the country's annual revenues have been declining. Efforts should therefore be made to achieve output in accordance with per-acre yield targets to increase income. By doing so, foreign exchange earnings will raise, which will in turn significantly support domestic economic development. These efforts are also meant to assist the incoming government in continuing the work.

**Necessary to create clean, pleasant, and beautiful good environments for the people**

In accordance with the motto we have set, **"Let's preserve the natural environment for the tranquility of the State,"** the people must strive to be able to live in a beautiful and pleasant good environment. As it is necessary to carry out planting and preserving trees and forests, for the cleanliness, beauty, and greenery of towns and villages, it is also desired that efforts be made accordingly by the relevant regions and states. By creating and providing good environments for the people in this way, the people's mindsets will improve, and they will achieve greater peace and prosperity.

**Necessary for all school-aged children to be able to receive an education for the future development of the State**

In the near future, students will reach the summer school holiday period. During this summer school holiday period, it is necessary to be able to open and conduct summer courses that will help them in their lives, allowing the children to use their time beneficially. Through systematically resting physically and mentally, it is necessary to act so that they develop a desire to strive even harder in the coming academic year.

**All school-aged children attending school is very important for the future development of the State. It is necessary to collectively strive to help, as much as possible, to increase the transition rates of students.** It is necessary to be able to formulate an education system that will benefit the State and the lives of students. It is necessary to act so that youths can master subjects that allow them to stand on their own feet. In areas where schools cannot be opened for various reasons, it is necessary to act so that schools can be reopened and teaching conducted within the coming academic year.

**Strive to ensure security and stability region by region**

Security and stability work region by region must be collectively striven for by the Tatmadaw, the Myanmar Police Force, and all responsible persons. In carrying out this work, it must be done in collaboration with the people living in the region who desire stability and peace. In unstable regions, groups that are armed and carrying out violent acts are engaging in forced self-interested pursuits for their own personal gain, such as producing and selling narcotic drugs and illegally extracting natural resources found in respective regions.

Due to these terrorists, regional instability occurs, and because basic education schools are closed, school-aged children are losing many of their rights. **For the people to fully enjoy stability and peace, the strength of the Tatmadaw, the strength of the Myanmar Police Force, and the strength of the people must be combined to suppress the terrorists.** It is necessary for region and state chief ministers to carry out stability and peace work in their respective regions using administrative and management methods, and it is necessary to carry out all tasks that will be helpful for the upcoming government.

**The Chairman of the Union Election Commission explains the actions taken to successfully hold the election**

Subsequently, the Chairman of the UEC explained regarding the delineation of townships where elections could and could not be held for the successful holding of a multi-party democracy general election, the step-by-step compilation of voter lists, the successful holding of the election in stages, the voter list results, the announcement of the list of elected representatives, the situation regarding the timely relocation of Myanmar Electronic Voting Machines to designated locations in stages and their systematic reinstallation and use, and the fact that because **the election was carried out systematically and impartially, there have been no objections from political parties regarding the election up to now.**

Continuing, region and state chief ministers and attendees presented general discussions.

Afterwards, in the concluding remarks, regarding MSME businesses, **it was seen with joy that MSME products from various regions and states actively and competitively participated in the Union-level MSME Product Exhibition and Sales Fair commemorating the 79th Union Day in 2026.** For national economic development, MSME businesses play a key role, and much progress is also seen. It was observed that visitors also came in large numbers, viewing and studying with interest. It is necessary to increase production to be better than currently being done, and it is necessary to obtain import-substituting products and export products. Whether in terms of technology or production, it is necessary to strive more than now to improve quality and standards. If production is carried out to progressively improve beyond the current qualities, types, and quantities, it will also lead to national economic development. This exhibition is a valuable one for our country, and during the fair period, conducting meetings and discussions among business owners themselves, exchanging experiences, and carrying out studies can lead to greater economic progress. It is necessary for region and state chief ministers to also support, promote, and carry out MSME businesses, and it is necessary to strive and work for the progress of the national economy.

100

# Western spies involved in killing of Gaddafi's son – Afshin Rattansi

PARIS February 9

The British and French intelligence services played a role in the assassination of Saif al-Islam Gaddafi, son of the late Libyan leader Muammar Gaddafi, British journalist Afshin Rattansi has said, citing sources.

Saif al-Islam Gaddafi was killed last week by four gunmen at his residence in the city of Zintan in northwestern Libya. The 53-year-old politician had intended to run for president of the North African country, which remains divided between rival governments and has been plagued by intermittent civil war since his father was deposed and murdered in a NATO-backed uprising in 2011.

Rattansi told RT on Sunday that after the assassination of Gaddafi's eldest son, "sources immediately... told me that... indeed, it was [British military intelligence service] MI6 and a local proxy" that were behind it. "There were hints... that there was French involvement as well," he added.

"With him dead, the prospects cannot be good" for Libya, Rattansi, whose show Going Underground airs exclusively on RT, stressed.

Muammar Gaddafi had been brought down by the West more than 15 years ago because "he wanted to de-dollarize for Africa, [and] create an African gold-based currency that would get rid of decades of International Monetary Fund, World Bank destruction of the lives of tens, hundreds of millions of people across Africa," he said.

According to the journalist, Saif al-Islam Gaddafi "wanted to rejuvenate these ideas" and that is the reason why "the British and the French desperately did not want [him] to win the forthcoming election."

The killing of Gaddafi's son "is a really grim reminder of the continuing imperialist power of Western European countries that just want to keep Africa down, destroy it, so that the African people cannot benefit from their own resources whether it be in people, whether it be in minerals from the ground," he stressed.

**RT**

# No grounds for talks about new negotiations with US on New START - Russian Deputy Foreign Minister



NEW DELHI February 9

There are no grounds for talking about launching new negotiations with the United States on the New Strategic Arms Reduction Treaty (New START), Russian Deputy Foreign Minister Sergey Ryabkov said on Monday.

"There is currently no basis for discussing the launch of such a negotiation process. We have repeatedly spoken about the need to see deeper, far-reaching changes for the better in the US approach to the issues we are discussing," Ryabkov said on the sidelines of the BRICS Sherpa meeting in New Delhi, adding that when US policy towards Russia changes for the better, then the preconditions for launching a corresponding dialogue will arise.

Russia regrets that the US administration perceives the New START Treaty as something that requires replacement with something else, the deputy foreign minister added.

"In any such hypothetical process, nothing would come of it without the involvement of the United Kingdom and the French Republic, as the United States' closest allies, both possessing nuclear weapons and, in the current, highly tense international situation, pursuing a highly aggressive course toward our country. Therefore, ignoring their nuclear arsenals would be irresponsible. They must be at the negotiating table, I repeat, if and when something like this becomes relevant," Ryabkov also said.

**Sputnik**

## Deaths hit 15 in Lebanon building collapse

BEIRUT February 9

The death toll from the collapse of a residential building in the northern Lebanese city of Tripoli has risen to 15, the Lebanese authorities said Monday.

Civil Defence Director General Imad Khreish said search and rescue operations finished, confirming 15 fatalities in total in the tragedy, which occurred Sunday in Tripoli's Bab el-Tebbaneh district.

There were eight people rescued from under the rubble, according to the head of the public emergency medical service.

Lebanese Prime Minister Nawaf Salam has reaffirmed that the government is to provide shelters for evacuated residents and secure funding to immediately reinforce at-risk structures. He stressed that identifying dangerous buildings and assessing risk levels remain primarily the responsibility of local authorities.

Speaker of the Parliament Nabih Berri has called for national efforts to prioritize the reinforcement and rehabilitation of unsafe buildings in Tripoli, and speed up shelter provision and compensation for affected families.

**Xinhua**



# Anutin says Bhumjaithai Party wins Thai election

BANGKOK February 9

Thailand's caretaker Prime Minister and Bhumjaithai Party leader Anutin Charnvirakul announced at a press conference on Sunday that the Bhumjaithai Party has won Thailand's House of Representatives election.

Anutin said that the victory is a victory of all people.

With more than 87 percent of ballots counted by the country's Election Commission, the Bhumjaithai Party is leading the vote, followed by the People's Party in second place and the Pheu Thai Party in third.

At an earlier press conference, Natthaphong Ruengpanyawut, leader of the People's Party, said that the party accepts the current result and will not form a competing coalition.

If the Bhumjaithai Party forms a government, the People's Party is ready to act as an opposition party, he said.

Abhisit Vejjajiva, leader of Thailand's Democrat Party, also expressed the party's readiness to act as an opposition party.

Julapun Amornvivat, leader of the Pheu Thai Party, said that the party respects the people's choice and will do its best to work for the people whether as the ruling party or an opposition party.

**Xinhua**

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# English Grammar in Use (Intermediate Level)

Unit 42

## Passive 1 (is done / was done)

# Exercises

**42.1** **Complete the sentences. Use these verbs in the correct form, present or past:**

**cause damage find hold injure invite**
**make overtake own send show surround**

1 Many accidents are caused by careless driving.
2 Cheese..........................................from milk.
3 The roof of the building..............................in a storm a few days ago.
4 A cinema is a place where films..........................................
5 You..............................................to the party. Why didn't you go?
6 This plant is very rare. It................................in very few places.
7 Although we were driving fast, we..............................by a lot of other cars.
8 In the US, elections for president..............................every four years.
9 There was an accident last night, but fortunately nobody..........................
10 You can't see the house from the road. It..............................................by trees.
11 I never received the letter. It..............................................to the wrong address.
12 The company I work for..........................................by a much larger company.

**42.2** **Write questions using the passive. Some are present and some are past.**

1 Ask about glass. (how / make?) How is glass made?
2 Ask about television. (when / invent?) When.............................................
3 Ask about mountains. (how / form?) .............................................
4 Ask about DNA. (when / discover?) .............................................
5 Ask about silver. (what / use for?) .............................................

**42.3** **Put the verb into the correct form, present or past, active or passive.**

1 a Two hundred people are employed (employ) by the company.
b The company employs (employ) 200 people.
2 a Water..............................................(cover) most of the earth's surface.
b How much of the earth's surface ..........................................(cover) by water?
3 a While I was on holiday, my camera..........................................(steal) from my hotel room.
b While I was on holiday, my camera ..............................(disappear) from my hotel room.
4 a Robert's parents ....................................(die) when he was very young.
b Robert and his sister ........................................(bring up) by their grandparents.
5 a The boat hit a rock and ..........................................(sink) quickly.
b Fortunately everybody ..........................................(rescue).
6 a Bill..........................................(fire) from his job. He wasn't very good at it.
b Sue ..........................................(resign) from her job because she didn't enjoy it any more.
7 a It can be noisy living here, but it..............................(not / bother) me.
b It can be noisy living here, but I ..............................(not / bother) by it.
8 a Maria had an accident. She ..................................(knock) off her bike.
b Maria had an accident. She ..................................(fall) off her bike.
9 a I haven't seen these flowers before. What ..............................(they / call)?
b I haven't seen these flowers before. What ..............................(you / call) them?

**42.4** **Instead of using** somebody, they, people **etc., write a passive sentence.**

1 Somebody cleans the room every day. The room is cleaned every day .
2 They cancelled all flights because of fog. All.............................................
3 Somebody accused me of stealing money. .............................................money.
4 How do you use this word? How .............................................used?
5 The price includes all taxes. All .............................................in the price.
6 People warned us not to go out alone. We.............................................
7 We don't use this office any more. This.............................................
8 They invited five hundred people to the wedding. Five hundred.............................................
.............................................

**Raymond Murphy**

## 3D Printing နဲ့ထုတ်လုပ်လိုက်တဲ့ ဩစတြေးလျရဲ့ မျိုးဆက်သစ် နျူကလီးယားဘက်ထရီ




ဩစတြေးလျနိုင်ငံမှ entX ကုမ္ပဏီနဲ့ အက်ဒီလိတ်တက္ကသိုလ်တို့ ပူးပေါင်းပြီး 3D Printing နည်းပညာနဲ့ ဖန်တီးထားတဲ့ GenX လို့ခေါ်တဲ့ မျိုးဆက်သစ် နျူကလီးယားဘက်ထရီတစ်ခုကိုမိတ်ဆက်လိုက်ပါတယ်။ ဒီဘက်ထရီဟာ ပြန်ပြီးအားသွင်းစရာမလိုဘဲ နှစ်ပေါင်းများစွာအထိ စွမ်းအင်ပေးနိုင်တာကြောင့် အာကာသစူးစမ်းရေးနဲ့ ကာကွယ်ရေးကဏ္ဍတွေအတွက် အလွန်အရေးပါတဲ့ တီထွင်မှုတစ်ခုဖြစ်လာမှာပါ။

နျူကလီးယားဒီဘက်ထရီရဲ့ ထူးခြားချက်ကတော့ "Betavoltaic" လို့ခေါ်တဲ့ စနစ်ကို အသုံးပြုထားတာ ဖြစ်ပါတယ်။ ဒါဟာဓာတ်ရောင်ခြည်ကနေ လျှပ်စစ်စွမ်းအင်အဖြစ်သို့ တိုက်ရိုက်ပြောင်းလဲပေးတဲ့ နည်းပညာဖြစ်ပြီး 3D Printing နည်းပညာကိုသုံးကာ သတ္တုတွေနဲ့ တစ်ပိုင်းလျှပ်ကူးပစ္စည်းတွေကို ပါးလွှာလှတဲ့ အလွှာလေးတွေအဖြစ် ထပ်ဆင့်ပုံဖော်ထားတာဖြစ်ပါတယ်။ ဒါကြောင့်ပဲ ဘက်ထရီရဲ့ အရွယ်အစားကို သေးငယ်အောင်လုပ်နိုင်သကဲ့သို့ စွမ်းအင်ထုတ်လုပ်နိုင်စွမ်းကိုလည်း အရင်ကထက် အများကြီးပိုမြင့်လာအောင် လုပ်ဆောင်နိုင်လာပါတယ်။ လက်ရှိမှာတော့ စီမံကိန်းအတွက်ရန်ပုံငွေအဖြစ်ဩစတြေးလျဒေါ်လာ ၁ ဒသမ ၈ သန်းရရှိထားပြီး နောက် ၁၄ လအတွင်း စီးပွားဖြစ်ထုတ်လုပ်နိုင်မှာဖြစ်ပါတယ်။

**Ref: IE**
**ကိုထက်**

## ပစ်မှတ်ကို တိတိကျကျပစ်ခတ်နိုင်တဲ့ ရုရှားရဲ့ ဒုံးကျည်စနစ်အသစ်



ရုရှားနိုင်ငံအနေနဲ့ အခုနောက်ဆုံးထုတ်ပြလိုက်တဲ့ အတွဲလိုက်ပစ်ဒုံးစနစ်အသစ်ဟာ ပစ်မှတ်တွေကို အရင်ကထက်ပိုပြီး တိတိကျကျထိမှန်အောင် ပစ်ခတ်နိုင်စွမ်းရှိတယ်လို့ ရုရှားကာကွယ်ရေးဝန်ကြီးဌာနက ပြောပါတယ်။ Sarma လို့ခေါ်တဲ့ ဒီဒုံးစနစ်မှာ ခေတ်မီတဲ့ လမ်းညွှန်စနစ်ပါဝင်တာကြောင့် ဝေးလံတဲ့နေရာရှိ ပစ်မှတ်တွေကိုတောင် အမှားအယွင်းမရှိဘဲ ထိထိရောက်ရောက် ချေမှုန်းနိုင်မှာဖြစ်ပါတယ်။

ဒီစနစ်အသစ်ရဲ့ ထူးခြားချက်က ဂြိုဟ်တုလမ်းညွှန်စနစ်နဲ့ အာရုံခံကိရိယာတွေကို တွဲဖက်အသုံးပြုထားတာကြောင့် ဘယ်လိုရာသီဥတုမျိုးမှာမဆို ပစ်ခတ်လို့ရတာပဲဖြစ်ပါတယ်။ ရုရှားစစ်ဘက် အင်ဂျင်နီယာတွေရဲ့ ပြောပြချက်အရဆိုရင် အဲဒီဒုံးကျည်တွေဟာ ရန်သူ့စခန်းတွေနဲ့ အရေးကြီးတဲ့နေရာတွေကိုတိုက်ခိုက်တဲ့အခါမှာ ပစ်မှတ်နဲ့မသက်ဆိုင်တဲ့နေရာတွေကို ထိခိုက်မှုအနည်းဆုံးဖြစ်စေမယ်လို့သိရပါတယ်။

စမ်းသပ်ပစ်ခတ်မှုလုပ်တဲ့အခါမှာလည်း အဲဒီဒုံးကျည်တွေရဲ့တိကျမှုက တကယ်ကို သိသိသာသာ တိုးတက်လာတာတွေ့ရပါတယ်။ ဒါကြောင့် နောင်လာမယ့်စစ်ဆင်ရေးတွေမှာ ဒီစနစ်ဟာ အဓိကအရေးပါတဲ့ အခန်းကဏ္ဍကနေ ပါဝင်လာမှာပါ။ ဒီလိုနည်းပညာပိုင်းတိုးတက်လာမှုဟာ ရုရှားရဲ့ စစ်ရေးစွမ်းရည်ကို မြှင့်တင်ပေးရုံသာမက ကမ္ဘာ့လက်နက်ဈေးကွက်ထဲမှာပါ အသာစီးရလာနိုင်တယ်လို့ ပညာရှင်များက တွက်ဆနေကြပါတယ်။

**Ref: IE**
**ကိုထက်**

## မြင်းကောင်ရေ ၁၀၀၀ ကျော်အားရှိမယ့် လျှပ်စစ် SUV တွေ ထုတ်လုပ်ဖို့ Mercedes-AMG ပြင်ဆင်နေ



နာမည်ကျော် Mercedes-AMG ကုမ္ပဏီဟာ မြင်းကောင်ရေ ၁၀၀၀ ကျော်အထိ အားကောင်းမယ့် အဆင့်မြင့်လျှပ်စစ် SUV ကားအသစ်တွေထုတ်လုပ်တော့မယ်လို့ အတည်ပြုလိုက်ပါတယ်။ ဒီကားတွေဟာ AMG ရဲ့ ကိုယ်ပိုင်သီးသန့် လျှပ်စစ်ပလက်ဖောင်းဖြစ်တဲ့ AMG.EA ပေါ်မှာ အခြေခံတည်ဆောက်မှာဖြစ်ပြီး လက်ရှိရောင်းအားအကောင်းဆုံးဖြစ်နေတဲ့ SUV ဈေးကွက်ကို လျှပ်စစ်ကားတွေနဲ့ထပ်မံထိုးဖောက်ဖို့ ရည်ရွယ်ထားတာပါ။

ဒီ SUV အသစ်တွေမှာ မော်တာသုံးလုံးပါဝင်တဲ့စနစ်ကို အသုံးပြုသွားမှာဖြစ်ပြီး ဒါဟာ GT XX concept ကားမှနည်းပညာကိုယူထားတာဖြစ်ပါတယ်။ ဒါ့အပြင် အားအမြန်သွင်းနိုင်ဖို့အတွက် 800-volt စနစ်နဲ့ အထူးအအေးပေးစနစ်ပါတဲ့ ဘက်ထရီတွေကိုပါ ထည့်သွင်းသွားမှာပါ။

Mercedes-AMG ရဲ့ အမှုဆောင်ချုပ်ဖြစ်တဲ့ မိုက်ကယ်ရှီးဘေးကတော့ AMG ရဲ့ တစ်ကမ္ဘာလုံးဆိုင်ရာ ရောင်းအားထက်ဝက်ကျော်ဟာ SUV တွေဖြစ်တာကြောင့် လျှပ်စစ်ကားခေတ်မှာလည်း SUV ပုံစံတွေကိုပဲ အားစိုက်ထုတ်ပြီး ထုတ်လုပ်သွားမယ်လို့ ဆိုပါတယ်။

**Ref: IE**
**ကိုထက်**


## ကင်ဆာကိုတိုက်ဖျက်ရမယ့် ကိုယ်ခံအားကလာပ်စည်းက ကင်ဆာအကျိတ်ကို လျှို့ဝှက်ကူညီပေးနေ

ခန္ဓာကိုယ်ထဲက ကင်ဆာကလာပ်စည်းတွေကိုရှာဖွေဖျက်ဆီးရမယ့် ကိုယ်ခံအားကလာပ်စည်းတွေဟာ ကင်ဆာအကျိတ်ထဲရောက်သွားတဲ့အခါ ကင်ဆာအကျိတ်တွေ ပိုမိုကြီးထွားလာအောင် လျှို့ဝှက်ကူညီပေးနေတဲ့ ဘက်တော်သားတွေအဖြစ်ပြောင်းလဲသွားနိုင်ကြောင်း သုတေသနအသစ်တစ်ခုက ဖော်ပြလိုက်ပါတယ်။ ဂျီနီဗာတက္ကသိုလ်မှ သိပ္ပံပညာရှင်တွေဟာ ခန္ဓာကိုယ်ရဲ့ ပထမဆုံးခုခံရေးတပ်သားတွေဖြစ်တဲ့ နျူထရိုဖေး (Neutrophils) ကလာပ်စည်းတွေ ဘယ်လိုမျိုး အသွင်ပြောင်းသွားသလဲဆိုတာ ထုတ်ဖော်ပြောခဲ့တာ ဖြစ်ပါတယ်။

ပုံမှန်အားဖြင့် နျူထရိုဖေးတွေက ရောဂါပိုးမွှားတွေကို တိုက်ထုတ်ပေးလေ့ရှိပေမယ့် ကင်ဆာအကျိတ်ပတ်ဝန်းကျင်ကို ရောက်သွားတဲ့အခါ CCL3 လို့ခေါ်တဲ့ ဓာတုပစ္စည်းတစ်မျိုးထုတ်လွှတ်ပြီး ကင်ဆာအကျိတ်ပိုမိုရှင်သန်ကြီးထွားအောင် ပြန်လည်ကူညီပေးတတ်ပါတယ်။

ဒီလိုဖြစ်ရတာက ကင်ဆာအကျိတ်များဟာ ကိုယ်ခံအားကလာပ်စည်းတွေကို လှည့်စားပြီး သူတို့ရဲ့အကျိုးအတွက်အသုံးချနိုင်အောင် အစီအစဉ်အသစ်တစ်ခု ရေးဆွဲပေးလိုက်တာကြောင့်ဖြစ်တယ်လို့ သုတေသီတွေကဆိုပါတယ်။ အထူးသဖြင့် အောက်ဆီဂျင်နည်းပါးတဲ့ ကင်ဆာအကျိတ်ရဲ့နေရာတွေမှာ အသွင်ပြောင်းနျူထရိုဖေးတွေကို ပိုတွေ့ရတတ်ပြီး ဒါဟာ ကင်ဆာရောဂါကိုပိုဆိုးလာစေနိုင်မယ့် လက္ခဏာတစ်ခုလည်း ဖြစ်ပါတယ်။

**Ref: IE**
**ကိုထက်**



## F-35 ထက် ပိုပြီးတော့ဖျတ်လတ်နိုင်တဲ့ တရုတ်ရဲ့ တွန်းကန်အားစနစ်အသစ်သုံး ဒရုန်း



တရုတ်သုတေသနပညာရှင်တွေဟာ ဒရုန်းတွေရဲ့ ပျံသန်းမောင်းနှင်မှုကို အမေရိကန်ရဲ့ F-35 လေယာဉ်တွေထက် ပိုပြီးဖျတ်လတ်စေမယ့် တွန်းကန်အားစနစ်အသစ်ကို အောင်အောင်မြင်မြင် စမ်းသပ်နိုင်တယ်လို့ ထုတ်ပြန်လိုက်ပါတယ်။ ဒီနည်းပညာဟာ F-35B လို အဆင့်မြင့်လေယာဉ်တွေမှာ သုံးနေကျဖြစ်တဲ့ လေးလံပြီး ရှုပ်ထွေးတဲ့ စက်မှုအစိတ်အပိုင်းတွေအစား ရိုးရှင်းပြီးပေါ့ပါးတဲ့ဒီဇိုင်းကို အစားထိုးအသုံးပြုထားတာဖြစ်ပါတယ်။

အဲဒီစနစ်ကို နန်ကျင်းလေကြောင်းနဲ့ အာကာသတက္ကသိုလ်မှ ပရော်ဖက်ဆာ ရှူကျင့်လဲ့ ဦးဆောင်တဲ့အဖွဲ့က တီထွင်ခဲ့တာပါ။ သူတို့က CK300 လို့ခေါ်တဲ့ အသံထက်မြန်တဲ့ဒရုန်းမှာ ဒီတွန်းကန်အားစနစ်ကိုတပ်ဆင်ပြီး စမ်းသပ်ခဲ့တာဖြစ်ပါတယ်။ စမ်းသပ်မှုအရ ဒီဒရုန်းဟာ အကွေ့အဝိုက်တွေမှာ အရင်ထက်အများကြီး ပိုပြီးတော့ ဖျတ်လတ်လာသလို လေယာဉ်ကိုယ်ထည်ကို ကြီးကြီးမားမားပြုပြင်ဖို့မလိုဘဲ အိတ်ဇောပိုက်တစ်ခုတည်းကိုပြောင်းလဲရုံနဲ့တင် ဒီလောက်ထိ စွမ်းဆောင်ရည်တက်လာတာဟာ အံ့ဩစရာပဲလို့ဆိုပါတယ်။ ဒီနည်းပညာရဲ့ အဓိကအားသာချက်က အစိတ်အပိုင်းများကို ထက်ဝက်လောက်လျှော့ချနိုင်ပြီး အလေးချိန်ကိုလည်း ၂၀ ရာခိုင်နှုန်းကျော်လျှော့ပေးနိုင်တာပါ။

**Ref: IE**
**ကိုထက်**

## ယူကရိန်းပဋိပက္ခ ဖြေရှင်းရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက် လျက်ရှိဟု ရုရှားပြော

**မော်စကို၊ နိုင်ငံရေး**

ယူကရိန်းပဋိပက္ခဖြေရှင်းနိုင်ရန် ရုရှားနှင့် အမေရိကန်နိုင်ငံတို့ကြား သဘောတူညီချက်များကို အကောင်အထည်ဖော်ရေးအတွက် လုပ်ငန်းစဉ်များကိုဆက်လက်ဆောင်ရွက်နေကြောင်း ရုရှားသမ္မတရုံးမှ ပြောရေးဆိုခွင့်ရှိသူ ဒီမီထရီပက်စကော့က ဖေဖော်ဝါရီလ ၉ ရက်တွင် ပြောသည်။

ရုရှားနိုင်ငံအနေဖြင့် အမေရိကန်နိုင်ငံ၏ လုပ်ဆောင်ချက်အချို့အပေါ် စိတ်ပျက်မှုများရှိနေသော်လည်း အန်ကာရေ့ဆွေးနွေးပွဲတွင်ရရှိသည့် နားလည်မှုများကို အခြေခံ၍ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ဆက်လက်တွန်းအားပေးသွားမည်ဖြစ်ကြောင်း ၎င်းကဆိုသည်။

ပြီးခဲ့သည့်နှစ်တွင် အန်ကာရေ့မြို့၌ ပြုလုပ်ခဲ့သော နှစ်နိုင်ငံသမ္မတများ၏တွေ့ဆုံမှုမှရရှိသည့် အခြေခံနားလည်မှုများမှာ ယူကရိန်းပဋိပက္ခကို အောင်မြင်စွာဖြေရှင်းနိုင်ရေးအတွက် အဓိကကျသော အချက်များဖြစ်သည်ဟု ဒီမီထရီပက်စကော့က အလေးပေးပြောထားသည်။

Ref: Sputnik

## လျှို့ဝှက်နျူကလီးယားစမ်းသပ်မှုပြုလုပ်သည်ဟုဆိုသော အမေရိကန်၏စွပ်စွဲချက်ကို တရုတ်ငြင်းဆို



**ပေကျင်း၊ နိုင်ငံရေး**

တရုတ်နိုင်ငံသည် လျှို့ဝှက်နျူကလီးယားစမ်းသပ်မှုများပြုလုပ်ခြင်းဖြင့် နိုင်ငံတကာသဘောတူညီချက်ကို ချိုးဖောက်နေသည်ဟူသော အမေရိကန်ပြည်ထောင်စု၏စွပ်စွဲချက်များကို တရုတ်အစိုးရက ပြင်းထန်စွာငြင်းဆိုလိုက်သည်။

အမေရိကန်ပြည်ထောင်စု၏စွပ်စွဲချက်များသည်အခြေအမြစ်မရှိဘဲ တရုတ်နိုင်ငံ၏ ဂုဏ်သိက္ခာကိုထိခိုက်စေရန် ရည်ရွယ်ခြင်းဖြစ်ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနက ဖေဖော်ဝါရီလ ၉ ရက်တွင် တုံ့ပြန်ပြောဆိုလိုက်ခြင်းဖြစ်သည်။

အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနနှစ်ပတ်လည်အစီရင်ခံစာတွင် တရုတ်နိုင်ငံရှိစမ်းသပ်ကွင်းတစ်ခု၌ လှုပ်ရှားမှုများရှိနေပြီး ပေါက်ကွဲမှုအရှိန်ကို ထိန်းချုပ်စမ်းသပ်သည့်စံနှုန်းကို လိုက်နာခြင်းမရှိကြောင်း ဖော်ပြထားသည်။

သို့သော် တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနမှပြောရေးဆိုခွင့်ရှိသူတစ်ဦးက တရုတ်နိုင်ငံသည် နျူကလီးယားစမ်းသပ်မှုပိတ်ပင်ရေးစာချုပ်ပါ ကတိကဝတ်များကို အပြည့်အဝလိုက်နာလျက်ရှိကြောင်း သတင်းစာရှင်းလင်းပွဲတွင် အတိအလင်းပြောသည်။

တရုတ်နိုင်ငံသည် ၁၉၉၆ ခုနှစ်မှစတင်၍ နျူကလီးယားစမ်းသပ်မှုများကို ဆိုင်းငံ့ထားပြီးဖြစ်ကြောင်းနှင့် အမေရိကန်အနေဖြင့် အခြားနိုင်ငံများကိုလက်ညှိုးမထိုးမီ ကိုယ်ကိုယ်တိုင်၏လက်နက်ထိန်းချုပ်ရေးဆိုင်ရာ မှတ်တမ်းများကို ပြန်လည်သုံးသပ်သင့်ကြောင်း ၎င်းကဆက်ပြောသည်။ ယခုကဲ့သို့ စွပ်စွဲချက်များသည် အင်အားကြီးနှစ်နိုင်ငံကြားတင်းမာမှုများကို ပိုမိုမြင့်တက်စေနိုင်သည်ဟု လေ့လာသူများက သုံးသပ်ထားကြောင်းသိရသည်။

Ref: AGC

## ကမ္ဘာ့စွမ်းအင်ထောက်ပံ့ရေး လမ်းကြောင်းများကို အမေရိကန်က အပြည့်အဝ ထိန်းချုပ်လိုနေသည်ဟု ဆာဂျီလက်ရော့ပြော

**မော်စကို၊ နိုင်ငံရေး**

အမေရိကန်နိုင်ငံသည် ကမ္ဘာ့တစ်ဝန်းရှိ စွမ်းအင်ထောက်ပံ့ရေးလမ်းကြောင်းများကို စိတ်ကြိုက်ထိန်းချုပ်နိုင်ရန် ကြိုးပမ်းနေပြီး စီးပွားရေးအရလွှမ်းမိုးချုပ်ကိုင်မှုကို ဖော်ဆောင်နေသည်ဟု ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂျီလက်ရော့က ဖေဖော်ဝါရီလ ၉ ရက်တွင်ပြောသည်။ အမေရိကန်သည် တိုက်ကြီးများတစ်လျှောက်ရှိ စီးပွားရေးအင်အားကြီးနိုင်ငံများအတွက် အထောက်အပံ့ဖြစ်စေသည့်စွမ်းအင်လမ်းကြောင်းများအားလုံးကို ထိန်းချုပ်ရန် ရည်ရွယ်နေခြင်းဖြစ်ကြောင်း TV BRICS နှင့် ပြုလုပ်သော အင်တာဗျူးတစ်ခုတွင် ဆာဂျီလက်ရော့ကပြောခြင်းဖြစ်သည်။

အမေရိကန်သည် ဥရောပသို့ Nord Stream နှင့် Turk Stream ဓာတ်ငွေ့ပိုက်လိုင်းများအပါအဝင် ယူကရိန်း၏ဓာတ်ငွေ့ပို့ဆောင်ရေးစနစ်ကိုပါ အနီးကပ်စောင့်ကြည့်ထိန်းချုပ်နေကြောင်း လက်ရော့ကထောက်ပြထားသည်။

Ref: RT

## ထရီပိုလီမြို့တွင် လူနေတိုက်တစ်လုံး ပြိုကျမှုကြောင့် သေဆုံးသူ ၁၅ ဦးအထိ မြင့်တက်လာ

**ထရီပိုလီ၊ မတော်တဆမှု**

လက်ဘနွန်နိုင်ငံမြောက်ပိုင်း ထရီပိုလီမြို့ရှိ ဆင်းရဲနွမ်းပါးသော ဘပ်အယ်တာဘာနေရပ်ကွက်တွင် လူနေတိုက်တစ်လုံး ပြိုကျမှုကြောင့် ဖေဖော်ဝါရီလ ၉ ရက်အထိ သေဆုံးသူအရေအတွက်မှာ ၁၅ ဦးအထိ မြင့်တက်လာကြောင်း နိုင်ငံပိုင်သတင်းဌာနများက အတည်ပြုထုတ်ပြန်သည်။

အဆိုပါ ခြောက်ထပ်တိုက် အဆောက်အအုံသည် ဖေဖော်ဝါရီလ ၈ ရက် မွန်းလွဲပိုင်းတွင် ပြိုကျပျက်စီးခဲ့ခြင်းဖြစ်ပြီး အပျက်အစီးများအောက်မှ အသက်ရှင်ကျန်ရစ်သူ ရှစ်ဦးကို ကယ်ဆယ်ရေးသမားများကရှာဖွေကယ်ထုတ်နိုင်သည်။

သေဆုံးသူများတွင် အမျိုးသမီးများနှင့် ကလေးငယ်များပါဝင်နေပြီး ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို ဖေဖော်ဝါရီလ ၉ ရက်တွင်အပြီးသတ်နိုင်ကြောင်းနှင့် ထိုကဲ့သို့ ပြိုကျမှုဖြစ်ပွားရသည့်အကြောင်းရင်းကို စစ်ဆေးသွားမည်ဖြစ်ကြောင်း တာဝန်ရှိသူများကပြောသည်။

Ref: ST

## တောင်အာဖရိကရှိ လင်ပိုပိုလေဆိပ်၌ နေ့လယ်ပိုင်းတွင် လက်နက်ကိုင်ဓားပြတိုက်မှုဖြစ်ပွား



**လင်ပိုပို၊ ရာဇဝတ်မှု**

တောင်အာဖရိကနိုင်ငံ လင်ပိုပိုပြည်နယ်ရှိ တဲရန့်တဲလေဆိပ်၌ နေ့လယ်ပိုင်းတွင် လက်နက်ကိုင်ထားသောလူတစ်စုက ဝင်ရောက်စီးနင်းကာ ရွှေနှင့်ကြေးနီများကို ဓားပြတိုက်မှုတစ်ခုဖြစ်ပွားကြောင်း သိရသည်။

အဆိုပါ ဖြစ်စဉ်အတွင်း ပြစ်မှုကျူးလွန်သူဟုသံသယရှိသူ ခြောက်ဦးသည် လုံခြုံရေးဝန်ထမ်းများ၏လက်နက်များကိုသိမ်းဆည်းကာ ပစ္စည်းများကို လုယက်ခဲ့ခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့က အတည်ပြုထားသည်။

ထိုဖြစ်စဉ်သည် ပြီးခဲ့သည့်သီတင်းပတ်တွင်ဖြစ်ပွားခြင်းဖြစ်သော်လည်း ယခုအချိန်အထိ ပြစ်မှုကျူးလွန်သူများကို ဖမ်းဆီးရမိခြင်းမရှိသေးကြောင်း ရဲတပ်ဖွဲ့၏ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။

ထိုဖြစ်စဉ်တွင် ဂေါက်တန်းပြည်နယ်မှ လုံခြုံရေးတာဝန်ရှိသူတစ်ဦးသည် ရွှေနှင့်ကြေးနီထုပ်များကို လာရောက်ယူဆောင်စဉ် မျက်နှာဖုံးစွပ်ထားသည့် လက်နက်ကိုင်ခြောက်ဦးက ချဉ်းကပ်ကာ အလေးချိန် ၂၀ ကီလိုဂရမ်ကျော်ရှိသော ရွှေနှင့်ကြေးနီများကိုယူဆောင်၍ မော်တော်ယာဉ်နှစ်စီးဖြင့် မောင်းနှင်ထွက်ပြေးသွားခြင်းဖြစ်သည်။

ယင်းအမှုကို အထူးစုံစမ်းစစ်ဆေးရေးအဖွဲ့ကတာဝန်ယူပြီး ထွက်ပြေးနေသော သံသယရှိသူများကို ရှာဖွေနေသည်။ ယခုဖြစ်စဉ်သည် တောင်အာဖရိကရှိ လေဆိပ်များတွင် လုံခြုံရေးစနစ်များကို စိန်ခေါ်သည့် ရဲတင်းသော ရာဇဝတ်မှုတစ်ခုဖြစ်ကြောင်း ဝေဖန်မှုများထွက်ပေါ်နေသည်။

Ref: RT

## ထိုင်းလွှတ်တော်အမတ်အသစ် ၁၀ ဦး တော်ဝင်ဥပဒေပြင်ဆင်ရန်ကြိုးပမ်းမှုဖြင့် စွပ်စွဲခံရ

**ဘန်ကောက်၊ နိုင်ငံရေး**

ထိုင်းနိုင်ငံ၏ တော်ဝင်မိသားစုကိုဝေဖန်စော်ကားခြင်းမှကာကွယ်ထားသည့်ဥပဒေကိုပြင်ဆင်ရန်ကြိုးပမ်းမှုနှင့် ပတ်သက်၍ အသစ်ရွေးချယ်ခံထားရသော လွှတ်တော်အမတ် ၁၀ ဦးသည် ကျင့်ဝတ်ဆိုင်ရာစံနှုန်းများကိုဖောက်ဖျက်ခဲ့သည်ဟု အမျိုးသားအကင်းလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် (NACC)က ဖေဖော်ဝါရီလ ၉ ရက်တွင် စွပ်စွဲလိုက်သည်။

စွပ်စွဲခံရသူများတွင် အတိုက်အခံပါတီဖြစ်သည့် ပြည်သူ့ပါတီမှ ဝန်ကြီးချုပ်လောင်းလည်းပါဝင်နေပြီး ၎င်းတို့သည်ပြစ်မှုထင်ရှားပါက နိုင်ငံရေးလုပ်ခွင့် တစ်သက်တာပိတ်ပင်ခံရနိုင်သည့် အန္တရာယ်နှင့် ရင်ဆိုင်နေရခြင်းဖြစ်သည်။

NACC သည် အဆိုပါ အမတ် ၁၀ ဦး အပါအဝင် အမတ်ဟောင်းနှင့် အမတ်သစ် စုစုပေါင်း ၄၄ ဦး၏ အမှုကို တရားလွှတ်တော်သို့ ဖေဖော်ဝါရီလ ၉ ရက်တွင် လွှဲပြောင်းပေးပို့ထားသည်။

၎င်းတို့အနေဖြင့် ပုဒ်မ ၁၁၂ ကို ပြင်ဆင်ရန် ဥပဒေကြမ်းတင်သွင်းခဲ့ခြင်းမှာ ဘုရင်စနစ်ကို ဦးထိပ်ထားသည့် ဒီမိုကရေစီစနစ်ကို ထိန်းသိမ်းစောင့်ရှောက်ရန် ပျက်ကွက်ခြင်းဖြစ်ကြောင်းနှင့် ကြီးလေးသောကျင့်ဝတ်ဖောက်ဖျက်မှုကို ကျူးလွန်ခြင်းဖြစ်ကြောင်း NACC ၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

Ref: ST



# ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြုသင်ခန်းစာ သမိုင်းဘာသာရပ် သိကောင်းစရာ

ဒေါက်တာသင်းသင်းအေး[ပါမောက္ခ(ဌာနမှူး) သမိုင်းဌာန ရန်ကုန်တက္ကသိုလ်]

**၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ သမိုင်းဘာသာရပ်ဖြေဆိုမည့် ကျောင်းသား ကျောင်းသူများအတွက် မြန်မာ့သမိုင်းနှင့် ကမ္ဘာ့သမိုင်းသင်ခန်းစာများမှ သိကောင်းစရာအချက်အလက်များကို စုစည်းတင်ပြပေးသွားမှာဖြစ်ပါတယ်။ တက္ကသိုလ်ဝင်သမိုင်းဘာသာရပ်မေးခွန်းဟာ သမားရိုးကျ အလွတ်ကျက်မှတ်ဖြေဆိုသောစနစ်မှ ကျောင်းသား ကျောင်းသူများရဲ့ တွေးခေါ်ဆင်ခြင်မှုကို အားပေးသည့် ဓမ္မဓိဋ္ဌာန်မေးခွန်းများ၊ သင်ခန်းစာတစ်ခုစီမှ အဓိကမှတ်သားသင့်သော အချက်များကို နားလည်သိရှိမှု ရှိ၊ မရှိ စစ်ဆေးသည့် မှတ်စုတိုမေးခွန်းများ၊ သမိုင်းအကြောင်းအရာ တစ်ခုစီ၏ အခြေခံအကြောင်းရင်းများနှင့် အကျိုးသက်ရောက်မှုများ မည်သို့ဆက်စပ်နေသည်ကို လေ့လာဆန်းစစ်ပြီး ဝေဖန်သုံးသပ်ရသော မေးခွန်းရှည်များပါဝင်ပါသည်။ ဒါ့ကြောင့် တက္ကသိုလ်ဝင်စာမေးပွဲအတွက် ပြင်ဆင်နေကြတဲ့ ကျောင်းသား ကျောင်းသူများအတွက် မမေ့သင့်တဲ့ အဓိကအချက်များကို စုစည်းတင်ပြသွားမှာဖြစ်ပါတယ်။ ဒီအချက်အလက်တွေကတစ်ဆင့် စာမေးပွဲအတွက် သေချာစွာပြင်ဆင်နိုင်ရန် အထောက်အကူဖြစ်မည်လို့ ယုံကြည်ပါတယ်။**

ပထမဦးစွာ မြန်မာ့သမိုင်းသင်ခန်းစာများမှ သိကောင်းစရာတွေကို တင်ပြပါမယ်။ မြန်မာ့သမိုင်းသင်ခန်းစာမှာ ကိုလိုနီခေတ်မှ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအစိုးရလက်ထက်အထိ ခေတ်အဆက်ဆက်ကျင့်သုံးခဲ့တဲ့ အုပ်ချုပ်ရေးစနစ်၊ စီးပွားရေးစနစ်နှင့် စီးပွားရေးပုံစံပြောင်းလဲမှုများ၊ လူမှုရေးပြောင်းလဲမှုများကို လေ့လာသင်ကြားရမှာဖြစ်တယ်။ ကိုလိုနီခေတ်အုပ်ချုပ်ရေးစနစ်များကို လေ့လာတဲ့အခါ ပထမအင်္ဂလိပ်-မြန်မာစစ်(၁၈၂၄-၁၈၂၆)အပြီး အင်္ဂလိပ်တို့ ကျင့်သုံးခဲ့တဲ့အုပ်ချုပ်ရေးစနစ်၊ ဒုတိယအင်္ဂလိပ်-မြန်မာစစ် (၁၈၅၂-၁၈၅၃)အပြီး အင်္ဂလိပ်တို့ကျင့်သုံးခဲ့တဲ့ အုပ်ချုပ်ရေးစနစ်၊ တတိယအင်္ဂလိပ်-မြန်မာစစ်(၁၈၈၅)အပြီး အင်္ဂလိပ်တို့ ကျင့်သုံးခဲ့တဲ့ အုပ်ချုပ်ရေးစနစ်နှင့် ဂျပန်ခေတ်အုပ်ချုပ်ရေးစနစ်တို့ကို လေ့လာကြရမှာဖြစ်တယ်။ မြန်မာနိုင်ငံဟာ အင်္ဂလိပ်တို့ရဲ့ကျူးကျော်စစ်ပွဲကို သုံးကြိမ်ရင်ဆိုင်ခဲ့ရတယ်။ ပထမအင်္ဂလိပ်-မြန်မာစစ်ပွဲအပြီးမှာ တနင်္သာရီနှင့် ရခိုင်ကို အင်္ဂလိပ်တို့က သိမ်းယူခဲ့ပြီး ကုမ္ပဏီကတစ်ဆင့် အုပ်ချုပ်တဲ့ အုပ်ချုပ်ရေးစနစ်ကို ကျင့်သုံးခဲ့တယ်။ ဒုတိယအင်္ဂလိပ်-မြန်မာစစ်အပြီးတွင် ပဲခူးနယ်ကို ထပ်မံသိမ်းယူခဲ့တဲ့အတွက် အောက်မြန်မာနိုင်ငံတစ်ခုလုံးဟာ အင်္ဂလိပ်တို့လက်အောက်သို့ ကျရောက်ခဲ့ရပါတယ်။ အင်္ဂလိပ်တို့က တနင်္သာရီ၊ ရခိုင်နှင့် အောက်မြန်မာပြည်(ပဲခူးနယ်)တို့ကိုပေါင်းပြီး ဗြိတိသျှဘားမား(British Burma) လို့ခေါ်တွင်ခဲ့တယ်။ ဗြိတိသျှဘားမားကိုအုပ်ချုပ်ဖို့ ကုမ္ပဏီအုပ်ချုပ်ရေးကနေ အင်္ဂလိပ်အစိုးရအုပ်ချုပ်တဲ့ မဟာဝန်ရှင်တော်မင်းကြီးအုပ်ချုပ်ရေးစနစ်ကို ပြောင်းလဲကျင့်သုံးခဲ့တယ်။

မဟာဝန်ရှင်တော်မင်းကြီးအုပ်ချုပ်ရေးဟာ အိန္ဒိယဘုရင်ခံချုပ်ကို တာဝန်ခံပြီး အုပ်ချုပ်ရတဲ့စနစ်ဖြစ်တယ်။ မဟာဝန်ရှင်တော်မင်းကြီးဟာ အုပ်ချုပ်ရေးအာဏာ၊ တရားစီရင်ရေးအာဏာ၊ အခွန်ကောက်ခံရေးအာဏာစတဲ့ အာဏာသုံးရပ်ကို တစ်ဦးတည်း ကျင့်သုံးနိုင်တယ်။ ဒါပေမဲ့ သူ့မှာ ဥပဒေပြုပိုင်ခွင့်အာဏာမရှိတဲ့အတွက် လိုအပ်တဲ့ အက်ဥပဒေ၊ စည်းမျဉ်းဥပဒေတွေကို အိန္ဒိယဘုရင်ခံချုပ်က ပြဋ္ဌာန်းပေးရတယ်။ မဟာဝန်ရှင်တော်မင်းကြီး အုပ်ချုပ်ရေးဟာ အရာရှိအဆင့်ဆင့်ကို လုပ်ပိုင်ခွင့်အာဏာနဲ့ တာဝန်များ တိကျစွာသတ်မှတ်ပေးထားတဲ့ အုပ်ချုပ်ရေးစနစ်ဖြစ်ပြီး ၁၈၈၆ ခုနှစ်မှ ၁၈၉၇ ခုနှစ်အထိ ၁၀ နှစ်ကြာမြင့်တယ်။ ၁၈၉၇ ခုနှစ်မှာ မြန်မာနိုင်ငံကို ဗြိတိသျှပိုင် အိန္ဒိယအင်ပါယာရဲ့ ပြည်နယ်တစ်ခုအဖြစ် ထည့်သွင်းခဲ့ပြီးနောက် မဟာဝန်ရှင်တော်မင်းကြီး အုပ်ချုပ်ရေးအဆင့်ကနေ ဒုတိယဘုရင်ခံအုပ်ချုပ်ရေးအဆင့်သို့ တိုးမြှင့်အုပ်ချုပ်ခဲ့တယ်။

ဒုတိယဘုရင်ခံအုပ်ချုပ်ရေးစနစ်မှာ ဘုရင်ခံဟာ မြန်မာနိုင်ငံအတွက် ဥပဒေပြုကောင်စီ ဖွဲ့စည်းခွင့်ရရှိတယ်။ အဲဒီအချိန်က မြန်မာနိုင်ငံဟာ အိန္ဒိယနိုင်ငံရဲ့ အစိတ်အပိုင်းတစ်ခုဖြစ်တဲ့အတွက် အိန္ဒိယမှာ အုပ်ချုပ်ရေးဆိုင်ရာ အပြောင်းအလဲဖြစ်တိုင်း မြန်မာနိုင်ငံအပေါ် သက်ရောက်မှုရှိတယ်ဆိုတာ သိထားရမယ်။ အင်္ဂလိပ်အစိုးရဟာ ၁၉၁၉ ခုနှစ်မှာ အိန္ဒိယနိုင်ငံအတွက် ဒိုင်အာခီအုပ်ချုပ်ရေးစနစ်ကို အကောင်အထည်ဖော်ဖို့ ဥပဒေပြဋ္ဌာန်းပေးခဲ့တယ်။ ဒါပေမဲ့ မြန်မာနိုင်ငံကို ချန်လှပ်ထားခဲ့တယ်။ ဒါကြောင့် မြန်မာနိုင်ငံကိုလည်း အုပ်ချုပ်ရေးစနစ်တိုးမြှင့်ပေးဖို့ မြန်မာပြည်သူတွေက အပြင်းအထန်တောင်းဆိုကြတဲ့အတွက် အင်္ဂလိပ်အစိုးရက ဒိုင်အာခီအုပ်ချုပ်ရေးပေးခဲ့တယ်။ ဒိုင်အာခီအုပ်ချုပ်ရေးဟာ ၁၉၂၃ ခုနှစ်မှ ၁၉၃၇ ခုနှစ်အထိကြာမြင့်ခဲ့တယ်။ ဒီသင်ခန်းစာမှာ ဒိုင်အာခီအုပ်ချုပ်ရေးပေါ်ပေါက်လာပုံနဲ့ ဒိုင်အာခီအုပ်ချုပ်ရေးစနစ်ကို သေချာသိထားသင့်တယ်။

အင်္ဂလိပ်တို့ဟာ ဒိုင်အာခီအုပ်ချုပ်ရေးချမှတ်စဉ်ကတည်းက ၁၀ နှစ်ကာလပြီးရင် မြန်မာပြည်ရဲ့ အုပ်ချုပ်ရေးစနစ်ကို ပြုပြင်ပြောင်းလဲပေးမယ်လို့ ကတိပေးခဲ့တယ်။ ဒါကြောင့် အုပ်ချုပ်ရေးစနစ်ပြုပြင်ပြောင်းလဲမှုများပြုလုပ်ရေးနဲ့ပတ်သက်ပြီး စုံစမ်းဖို့ ၁၉၂၇ ခုနှစ် နိုဝင်ဘာလ ၂၆ ရက်နေ့မှာ ဆာဂျွန်ဆိုင်မွန် ခေါင်းဆောင်တဲ့ ကော်မရှင်ကို ဖွဲ့စည်းခဲ့တယ်။ အဲဒီကော်မရှင်ရဲ့အစီရင်ခံစာနဲ့ အကြံပေးချက်များအရ ၁၉၃၁ ခုနှစ်မှာ လန်ဒန်မှာ သီးခြားစုံညီအစည်းအဝေးကျင်းပခဲ့တယ်။ အစည်းအဝေးမှာ ခွဲရေးကိုလိုလားသူများနဲ့ တွဲရေးကိုလိုလားသူများဆိုပြီး အုပ်စုများကွဲပြားလာတဲ့အတွက် ခွဲရေးတွဲရေးပြဿနာကို ဆုံးဖြတ်ဖို့ အထူးရွေးကောက်ပွဲ ကျင်းပပေးခဲ့တယ်။ ရွေးကောက်ပွဲမှာ တွဲရေးကို ထောက်ခံတဲ့ဘက်က အနိုင်ရရှိခဲ့တယ်။ ဒါပေမဲ့ ဒီပြဿနာကို မြန်မာတို့အပြီးအပြတ်ဆုံးဖြတ်နိုင်ခြင်း မရှိနိုင်ဟုဆိုပြီး အင်္ဂလိပ်အစိုးရဟာ ၁၉၃၅ မြန်မာနိုင်ငံတော်စီရင်အုပ်ချုပ်မှုအက်ဥပဒေကို ပြဋ္ဌာန်းခဲ့ပြီး ၉၁ ဌာနအုပ်ချုပ်ရေးကို အကောင်အထည်ဖော်ခဲ့တယ်။

၉၁ ဌာနအုပ်ချုပ်ရေးဟာ ၁၉၃၇ ခုနှစ်ကနေ ၁၉၄၁ ခုနှစ်အထိ ကြာမြင့်ခဲ့တယ်။ ၉၁ ဌာနအုပ်ချုပ်ရေးကို လေ့လာတဲ့အခါ ၁၉၃၅ မြန်မာနိုင်ငံတော်စီရင်အုပ်ချုပ်မှုအက်ဥပဒေ ပေါ်ပေါက်လာပုံ၊ ၉၁ ဌာနအုပ်ချုပ်ရေးမှာ ဘုရင်ခံစီရင်အုပ်ချုပ်ခွင့်ရတဲ့ဌာနများ၊ ၉၁ ဌာနအုပ်ချုပ်ရေးရဲ့ ဖွဲ့စည်းပုံအကြောင်းတွေကို သီးခြားလေ့လာထားသင့်တယ်။

ကိုလိုနီခေတ်တွင် မြန်မာနိုင်ငံ၏ စီးပွားရေးလုပ်ငန်းများသည် အင်္ဂလိပ်အုပ်ချုပ်မှုအောက်တွင် အပြောင်းအလဲများစွာဖြစ်ခဲ့တယ်။ ဆန်စပါးစိုက်ပျိုးရေးလုပ်ငန်းသည် ဒေသဖူလုံသည့် စိုက်ပျိုးရေးမှ ပြည်ပသို့တင်ပို့ရောင်းချနိုင်သည့် ကူးသန်းရောင်းဝယ်ရေးအခြေပြု စိုက်ပျိုးရေးသို့ ပြောင်းလဲလာခဲ့တယ်။ အင်္ဂလိပ်အစိုးရသည် ဆန်စပါးထုတ်လုပ်မှုအား ပိုမိုအထောက်အပံ့ပြုခဲ့တယ်။ သစ်လုပ်ငန်းမှာလည်း ဗြိတိသျှကုမ္ပဏီများက သစ်များကို ခုတ်ယူခဲ့သည့်အတွက် သစ်တောဥပဒေထုတ်ပြန်ပြီး သစ်တောဌာနကို တည်ထောင်ပေးခဲ့တယ်။ ရေနံလုပ်ငန်းမှာတော့ BOC ကုမ္ပဏီက ဦးဆောင်ခဲ့တယ်ဆိုတာ သေသေချာချာလေ့လာထားသင့်တယ်။ သတ္တုနှင့်သယံဇာတလုပ်ငန်းမှာ နမ္မတူဘော်တွင်းမိုင်း၊ မိုးကုတ်ပတ္တမြားတွင်း၊ ရွှေဘိုကျောက်မီးသွေးတွင်းတို့ဟာ အင်္ဂလိပ်ကုမ္ပဏီများ အုပ်ချုပ်မှုအောက်သို့ ကျရောက်ခဲ့တယ်။ ဗြိတိသျှကုမ္ပဏီများက ကူးသန်းရောင်းဝယ်ရေးမှာ ဈေးကွက်ကို ထိန်းချုပ်ခဲ့တဲ့အတွက် ပြည်တွင်းလက်မှုလုပ်ငန်းများ ထိခိုက်ခဲ့ရတယ်။ မီးရထား၊ မီးသင်္ဘော၊ ကားလမ်းများကို တိုးချဲ့လာနိုင်တဲ့အတွက် ကူးသန်းရောင်းဝယ်ရေး ပိုမိုလွယ်ကူလာစေခဲ့သော်လည်း စီးပွားရေးအမြတ်အစွန်းများဟာ အင်္ဂလိပ်တို့အတွက်သာ ရရှိခဲ့တယ်ဆိုတာ သိထားရမယ်။

ကိုလိုနီခေတ်မှာ စီးပွားရေးလုပ်ငန်းကြီးများကို ကိုလိုနီအစိုးရနဲ့ နိုင်ငံခြားသားအရင်းရှင်တို့က ပိုင်ဆိုင်ကြတယ်။ မြန်မာ့ဆန်စပါးရောင်းဝယ်ရေးမှာ ဘူလင်ဂျာပူးလ်အမည်နဲ့ ကုမ္ပဏီလေးခုကလည်းကောင်း၊ မြန်မာ့သစ်ထုတ်လုပ်ရေးလုပ်ငန်းကို ဘုံဘေဘားမားကူးသန်းရောင်းဝယ်ရေးကုမ္ပဏီက လည်းကောင်း၊ မြန်မာ့ရေနံလုပ်ငန်းကို ဘီအိုစီကုမ္ပဏီက လည်းကောင်း၊ ပြည်တွင်းရေကြောင်းသွားလာရေးနဲ့ သယ်ယူပို့ဆောင်ရေးလုပ်ငန်းကို ဧရာဝတီဖလိုတီလာကုမ္ပဏီက လည်းကောင်း လက်ဝါးကြီးအုပ်ချုပ်ကိုင်ထားခဲ့တယ်ဆိုတာလည်း သိထားရပါမယ်။

ကိုလိုနီခေတ်မှာ အရင်းရှင်စီးပွားရေးစနစ်နဲ့အတူ နိုင်ငံခြားသားအရင်းရှင်များ၊ အလုပ်သမားများ မြန်မာနိုင်ငံကို ရောက်ရှိလာတဲ့အတွက် မြန်မာ့လူမှုအဖွဲ့အစည်းဟာ ပဒေသရာဇ်စနစ်ကို အခြေခံတဲ့ လူနေမှုစနစ်ကနေ အရင်းရှင်စီးပွားရေးစနစ်ကို အခြေခံတဲ့လူနေမှုစနစ်သို့ တဖြည်းဖြည်း ပြောင်းလဲလာခဲ့တယ်။ ကိုလိုနီခေတ်မှာ အင်္ဂလိပ်အစိုးရဟာ လယ်ယာလုပ်ငန်းများ တိုးချဲ့လာခြင်းနဲ့အတူ ပြောင်းလဲသွားတဲ့ တောင်သူလယ်သမားများရဲ့ ဘဝအခြေအနေများကိုလည်း သိထားရမယ်။ ကိုလိုနီခေတ်မှာ လယ်ယာလုပ်ငန်းသာမက စက်မှုလုပ်ငန်းများတိုးချဲ့လာတဲ့အတွက် ပြည်ပမှ အလုပ်သမားများကို ခေါ်ယူခဲ့တယ်။ အလုပ်သမားများအနက် စက်မှုလုပ်ငန်းများမှာ လုပ်ကိုင်တဲ့အလုပ်သမားများရဲ့ဘဝအခြေက ပိုပြီးဆိုးရွားတယ်။ အထူးသဖြင့် ရေနံမြေအလုပ်သမားများဟာ အရင်းရှင်များရဲ့ လက်ဝါးကြီးအုပ်အမြတ်ထုတ်သည့်ဒဏ်ကို ဆိုးရွားစွာခံကြရတယ်။ ၁၉၃၀ ပြည့်နှစ်မှာ ကြုံတွေ့ရသော ကမ္ဘာ့စီးပွားပျက်ကပ်ကြောင့် အလုပ်သမားများရဲ့ဘဝဟာ ပိုမိုဆိုးရွားလာခဲ့တယ်ဆိုတာကိုလည်း လေ့လာထားရမယ်။ အင်္ဂလိပ်အစိုးရဟာ ကိုလိုနီအုပ်ချုပ်ရေးကို အထောက်အပံ့ဖြစ်စေတဲ့ ပညာရေးစနစ်ကို အကောင်အထည်ဖော်ခဲ့ပြီး စက်မှုလက်မှုသင်တန်းကျောင်းများအပါအဝင် အသက်မွေးဝမ်းကျောင်း ပညာရပ်ဆိုင်ရာကျောင်းများကိုလည်း ဖွင့်လှစ်ပေးခဲ့တယ်။ ၁၉၂၀ ပြည့်နှစ်မှာ မြန်မာနိုင်ငံရဲ့ ပထမဆုံးတက္ကသိုလ်အဖြစ် ရန်ကုန်တက္ကသိုလ် ပေါ်ပေါက်လာတယ်ဆိုတာလည်း သေသေချာချာ လေ့လာထားဖို့လိုတယ်။

ကိုလိုနီခေတ်မှာ ကျန်းမာရေးဌာနဖွဲ့စည်းပုံကို ပြင်ဆင်ဖွဲ့စည်းခဲ့ပြီး အုပ်ချုပ်ရေးလုပ်ငန်းများနဲ့ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ဆောင်ရွက်ခဲ့တယ်။ ဒါပေမဲ့ ကျေးလက်နေပြည်သူများဟာ မြန်မာဆေးဝါးများနဲ့ တိုင်းရင်းဆေးဆရာများကိုသာ မှီခိုအားထားနေကြရပြီး မြို့နေလူထုကတော့ အနောက်တိုင်းဆေးပညာနဲ့ ထိတွေ့မှုများလာတယ်။ ဆေးရုံများကို အားကိုးလာကြတယ်။ ဒါကြောင့် ရန်ကုန်၊ မန္တလေးနဲ့ အခြားခရိုင်မြို့ကြီးများမှာ ဆေးရုံများဖွင့်လှစ်နိုင်ခဲ့တယ်။

၂၀၂၃-၂၀၂၄ ပညာသင်နှစ်အတွက် ပြဋ္ဌာန်းစာအုပ်မှာ ဂျပန်ခေတ်အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေးပြောင်းလဲမှု သင်ခန်းစာများကို ထည့်သွင်းထားလို့ ဒီသင်ခန်းစာတွေကိုလည်း လေ့လာထားရမယ်။ ဂျပန်ခေတ်အုပ်ချုပ်ရေးကိုလေ့လာတဲ့အခါမှာ ဂျပန်ခေတ်ဟာ ဒုတိယကမ္ဘာစစ်အတွင်း ဂျပန်တို့ မြန်မာနိုင်ငံအားအုပ်ချုပ်ခဲ့တဲ့ ၁၉၄၂ ခုနှစ်မှ ၁၉၄၅ ခုနှစ် ကြားကာလကို ခေါ်ဆိုတာဖြစ်ကြောင်း သိထားဖို့လိုတယ်။ ဂျပန်တို့ မြန်မာနိုင်ငံကို သိမ်းပိုက်ပြီး မကြာမီမှာပဲ ဒေါက်တာဘမော်ဦးဆောင်တဲ့ ယာယီအစိုးရကိုဖွဲ့စည်းခဲ့တယ်။ ၁၉၄၃ ခုနှစ် ဇွန်လမှာ လွတ်လပ်ရေးစီစဉ်မှုအဖွဲ့ကို ဖွဲ့စည်းပြီး ဩဂုတ် ၁ ရက်နေ့မှာ မြန်မာနိုင်ငံကို လွတ်လပ်ရေးပေးဖို့ ကြေညာခဲ့တယ်။ ဒါပေမဲ့ ဂျပန်တို့ပေးတဲ့ လွတ်လပ်ရေးဟာ အတုအယောင်ဖြစ်ကြောင်း၊ အုပ်ချုပ်ရေးမှာ ဂျပန်စစ်တပ်ရဲ့ ထိန်းချုပ်မှုအောက်မှာသာရှိကြောင်း တွေ့ရတယ်။ ဂျပန်ခေတ်မှာ တန်ခိုးအာဏာအရှိဆုံးသူတို့မှာ ကင်ပေတိုင်ဂျပန်စစ် ပုလိပ်များသာဖြစ်တယ်။

ဂျပန်ခေတ်ဟာ ဒုတိယကမ္ဘာစစ်အတွင်းကာလဖြစ်လို့ မြန်မာ့စီးပွားရေးဟာ တိုးတက်မှုမရှိဘဲ စိုက်ပျိုးရေးလုပ်ငန်း၊ သစ်လုပ်ငန်း၊ ရေနံလုပ်ငန်းများ ထုတ်လုပ်မှုကျဆင်းသွားတာတွေ့ရတယ်။ ဂျပန်တို့က စီးပွားရေးကို ထိန်းချုပ်နိုင်ဖို့ အကန့်အသတ်မရှိ ငွေစက္ကူများ ထုတ်ဝေခဲ့တဲ့အတွက် ပြည်သူများ၏ လူနေမှုဘဝကျဆင်းခဲ့ရတယ်။ ဂျပန်ခေတ်စီးပွားရေးဟာ မြန်မာပြည်သူများအတွက် အကျိုးမဖြစ်ဘဲ ဂျပန်တို့အတွက်သာ အသုံးချသောစီးပွားရေးစနစ်ဖြစ်ခဲ့တယ်လို့ ဆိုနိုင်တယ်။

ဂျပန်ခေတ်မှာ ယိုးဒယား-မြန်မာ မီးရထားလမ်းကို ဖောက်လုပ်ခဲ့တဲ့အတွက် မြန်မာပြည်သူများ သေဆုံးခဲ့ရတယ်။ သေဆုံးသူများပြားခဲ့သဖြင့် သေမင်းတမန်ရထားလမ်းဆိုပြီး သမိုင်းတွင်ခဲ့တယ်။ ဂျပန်ခေတ်ပညာသင်ကြားရေးစနစ်ကို လေ့လာတဲ့အခါ မဟာအရှေ့အာရှသာတူညီမျှ ကောင်းစားရေးအတွက်ဖြစ်ပြီး ဂျပန်စစ်ဘက်ဆိုင်ရာအာဏာပိုင်တို့ကလည်း စာသင်ကျောင်းများမှာ ဂျပန်ဘာသာကို မသင်မနေရဘာသာအဖြစ် ပြဋ္ဌာန်းစေခဲ့တယ်။ ဂျပန်ခေတ်မှာ အစားအသောက်၊ အဝတ်အထည်၊ အိမ်ရာအဆောက်အအုံနှင့် ဆေးဝါးချို့တဲ့မှုကြောင့် ကပ်ရောဂါဖြင့် သေဆုံးသူအရေအတွက်လည်း များပြားခဲ့ပါတယ်။

လွတ်လပ်ပြီးခေတ် မြန်မာနိုင်ငံ၏ အုပ်ချုပ်ရေးပြောင်းလဲမှု (၁၉၄၈-၁၉၆၂)ကို လေ့လာရာမှာ ၁၉၄၈ ခုနှစ်မှ ၁၉၅၈ ခုနှစ် ကာလအပိုင်းအခြားဟာ ဖဆပလအစိုးရအုပ်ချုပ်တဲ့ကာလ၊ ၁၉၅၈ ခုနှစ်မှ ၁၉၆၀ ပြည့်နှစ်ကာလဟာ အိမ်စောင့်အစိုးရအုပ်ချုပ်တဲ့ကာလ၊ ၁၉၆၀ ပြည့်နှစ်ကနေ ၁၉၆၂ ခုနှစ်အထိကာလဟာ ပြည်ထောင်စု (ပထစ) အစိုးရတာဝန်ယူခဲ့တဲ့ကာလဖြစ်တယ်ဆိုတာ သိထားရမယ်။

၁၉၄၈ ခုနှစ်မှ ၁၉၅၈ ခုနှစ်ကာလအတွင်း ဖဆပလအစိုးရဟာ ၁၉၄၇ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအရ အုပ်ချုပ်တယ်။ ဖဆပလခေတ်မှာ ပြည်သူ့လွှတ်တော်နဲ့ လူမျိုးစုလွှတ်တော်ဆိုပြီး လွှတ်တော်နှစ်ရပ်ရှိတယ်။ လွှတ်တော်နှစ်ရပ်ပေါင်းကို ပြည်ထောင်စုပါလီမန်လို့ခေါ်တယ်။ ပြည်ထောင်စုပါလီမန်မှာ ဥပဒေပြုအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာများရှိတယ်။ ၁၉၄၇ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအရ ပြည်ထောင်စုပုံစံပေါ်လွင်စေဖို့ ပြည်နယ်များကို ဖွဲ့စည်းထားရှိတယ်။ ဝန်ကြီးဌာနအလိုက် ဝန်ကြီးဌာနရုံးများ ဖွဲ့စည်းထားရှိပြီး ဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးချုပ်၊ ဝန်ကြီး၊ အတွင်းဝန်၊ တိုင်းမင်းကြီး၊ ခရိုင်ဝန်ခေါ်အရေးပိုင်၊ နယ်ပိုင်ဝန်ထောက်၊ မြို့ပိုင်နှင့် လက်ထောက်မြို့ပိုင်တို့ဟာ စီမံခန့်ခွဲရေးဆိုင်ရာတာဝန်များကို အဆင့်ဆင့်ဆောင်ရွက်ကြရတယ်။

ဖဆပလအစိုးရဟာ ၁၉၅၂ ခုနှစ်မှာ ပြည်တော်သာစီမံကိန်းကို ရေးဆွဲအကောင်အထည်ဖော်ခဲ့ပြီး ၁၉၅၃ ဒီမိုကရေစီဒေသန္တရ

စာမျက်နှာ ၂၅ သို့ ⇨

⇨ စာမျက်နှာ ၂၄ မှအဆက်

အုပ်ချုပ်ရေးအက်ဥပဒေကို ပြဋ္ဌာန်းခဲ့တယ်။ ဒီမိုကရေစီဒေသန္တရ အုပ်ချုပ်ရေးစီမံကိန်းဟာ ကျေးရွာကိုအခြေပြုတဲ့ အုပ်ချုပ်ရေးစနစ်ဖြစ်တယ်ဆိုတာကိုလည်း သိထားရမယ်။ မြန်မာ့သမိုင်းမှာ ၁၉၅၈-၁၉၆၀ ကာလဟာ အိမ်စောင့်အစိုးရတာဝန်ယူတဲ့ကာလဖြစ်တယ်။ ဒီအပိုင်းမှာ အိမ်စောင့်အစိုးရပေါ်ပေါက်လာပုံ၊ အိမ်စောင့်အစိုးရအဖွဲ့ရဲ့ လုပ်ငန်းစဉ် လေးရပ်၊ အိမ်စောင့်အစိုးရရဲ့ အုပ်ချုပ်ရေးစနစ်(ဒါမှမဟုတ်) ဆောင်ရွက်ချက်များကို လေ့လာသင့်တယ်။ မြန်မာ့သမိုင်းမှာ ၁၉၆၀ ပြည့်နှစ်ကနေ ၁၉၆၂ ခုနှစ်အထိကာလဟာ ပြည်ထောင်စု(ပထစ) အစိုးရတာဝန်ယူခဲ့တဲ့ ကာလဖြစ်တယ်။ ပထစအစိုးရရဲ့အုပ်ချုပ်ရေးပုံစံကတော့ ယခင်ဖဆပလအစိုးရရဲ့ အုပ်ချုပ်ရေးပုံစံကိုပဲ အခြေခံထားတယ်ဆိုတာ သိထားရမယ်။ ပြည်ထောင်စု(ပထစ)အစိုးရလက်ထက်အတွင်း နိုင်ငံရေးမတည်ငြိမ်မှုများဖြစ်ပေါ်လာတဲ့အတွက် တော်လှန်ရေးကောင်စီ ပေါ်ပေါက်လာစေတယ်။ မြန်မာ့သမိုင်းသင်ရိုးမှာ ဖဆပလအစိုးရ၊ အိမ်စောင့်အစိုးရ၊ ပထစအစိုးရများလက်ထက် စီးပွားရေး၊ လူမှုရေးပြောင်းလဲလာတဲ့အခြေအနေတွေကိုလည်း သီးခြားကဏ္ဍအလိုက် လေ့လာသင့်တယ်။

မြန်မာ့သမိုင်းမှာ ၁၉၆၂ ခုနှစ်မှ ၁၉၇၄ ခုနှစ်အထိကာလကို တော်လှန်ရေးကောင်စီခေတ်လို့ ခေါ်တယ်။ ဒီသင်ခန်းစာမှာ တော်လှန်ရေးကောင်စီ ပေါ်ပေါက်လာပုံ၊ တော်လှန်ရေးကောင်စီခေတ်မှာ ပြောင်းလဲကျင့်သုံးခဲ့တဲ့ အုပ်ချုပ်ရေးစနစ်၊ တရားစီရင်ရေးစနစ်တွေ အကြောင်းကို လေ့လာထားဖို့လိုတယ်။ တော်လှန်ရေးကောင်စီဟာ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေကို ၁၉၆၂ ခုနှစ် ဇူလိုင်လ ၄ ရက်နေ့မှာ ပြဋ္ဌာန်းပြီး မြန်မာ့ဆိုရှယ်လစ်လမ်းစဉ် အမြုတေပါတီကို စတင်တည်ထောင်ခဲ့တယ်ဆိုတာလည်း သိထားရမယ်။ တော်လှန်ရေးကောင်စီက ဝါဒသဘောထား ကြေညာချက်ထုတ်ပြန်ပြီး ပြည်ထောင်စုမြန်မာနိုင်ငံမှာ အရင်းရှင်စီးပွားရေးစနစ်ကို ဖျက်သိမ်းပြီး ဆိုရှယ်လစ်စီးပွားရေးစနစ်ကို တည်ဆောက်မှာဖြစ်ကြောင်း ကြေညာခဲ့တယ်။ ပြည်သူပိုင်ကဏ္ဍကို ကျယ်ပြန့်လာအောင် ဆောင်ရွက်ခဲ့တယ်။ ကုန်သွယ်ရေးလုပ်ငန်း၊ သမဝါယမလုပ်ငန်းနဲ့ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများကိုလည်း ဆိုရှယ်လစ်စီးပွားရေးမူဝါဒနဲ့အညီ ပြုပြင်ပြောင်းလဲရေးများ ဆောင်ရွက်ခဲ့တယ်။ တော်လှန်ရေးကောင်စီဟာ ဆိုရှယ်လစ်စနစ်နှင့်ကိုက်ညီပြီး အသက်မွေးဝမ်းကျောင်းမှုကို အထောက်အကူပြုတဲ့ ပညာရေးမူဝါဒအသစ်များချမှတ်ခဲ့တယ်။ ပညာရေးပြုပြင်ပြောင်းလဲမှုများကို ဆောင်ရွက်ခဲ့တယ်။ စာတတ်မြောက်ရေးလုပ်ငန်းကို လူထုလှုပ်ရှားမှုအသွင်နဲ့ ဆောင်ရွက်ခဲ့တဲ့အတွက် ၁၉၇၁ ခုနှစ်မှာ မိုဟာမက်ရီဇာပါလဗီဆုကိုလည်း ရရှိခဲ့တယ်။

တော်လှန်ရေးကောင်စီဟာ ရောဂါကာကွယ်တိုက်ဖျက်ရေးလုပ်ငန်းများကို စီမံကိန်းချမှတ် ဆောင်ရွက်ခဲ့တယ်။ ဆေးပညာနှီးနှောဖလှယ်ပွဲများ ကျင်းပပေးတယ်။ တိုင်းရင်းဆေးပညာ ပြန့်ပွားလာရေးအတွက် ဆောင်ရွက်ပေးတယ်။ ကျေးလက်ကျန်းမာရေးဌာနတွေကို တိုးချဲ့ဖွင့်လှစ်ပေးခဲ့တယ်။ အားကစားကို တစ်မျိုးသားလုံး လူထုလှုပ်ရှားမှုအသွင်နဲ့ဆောင်ရွက်ဖို့ မူဝါဒချမှတ် အကောင်အထည်ဖော်ပေးခဲ့တယ်ဆိုတဲ့ တော်လှန်ရေးကောင်စီခေတ်ရဲ့ လူမှုရေးပြုပြင်ပြောင်းလဲမှုတွေကို သိထားဖို့လိုတယ်။

၁၉၇၄ ခုနှစ်မှ ၁၉၈၈ ခုနှစ်အထိ ကာလဟာ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်ဖြစ်တယ်။ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီဟာ ၁၉၇၄ ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲခဲ့တယ်။ ၁၉၇၄ ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံတော်အမည်မှာ ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် ဖြစ်တယ်။ ဒီသင်ခန်းစာမှာ ၁၉၇၄ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပြောင်းလဲလာသော အုပ်ချုပ်ရေးစနစ်၊ ကျင့်သုံးခဲ့သော ဆိုရှယ်လစ်စီးပွားရေးပုံစံနဲ့ မြန်မာ့ဆိုရှယ်လစ်လူ့အဖွဲ့အစည်း၏ ပြောင်းလဲမှုများကို သေသေချာချာမှတ်ထားရမယ်။

ဒါ့အပြင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့အစိုးရနဲ့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအစိုးရများလက်ထက် အုပ်ချုပ်ရေးစနစ်ပြောင်းလဲလာပုံ၊ စီးပွားရေးစနစ်ကို ဆိုရှယ်လစ်စီးပွားရေးစနစ်မှ ဈေးကွက်စီးပွားရေးစနစ်သို့ပြောင်းလဲလာပုံ၊ ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေးအတွက် အမျိုးသားပညာရည်မြင့်မားရေး နှစ် ၃၀ စီမံကိန်းကို ချမှတ်ခဲ့ပုံ၊ ကျောင်းနေအရွယ်ကလေးငယ်တိုင်း ပညာသင်ကြားနိုင်ရေးအတွက် အခြေခံပညာကျောင်းများကို ကျေးရွာများနှင့် နယ်စပ်ဒေသများတွင် တိုးမြှင့်ဖွင့်လှစ်ခဲ့ပုံ စတာတွေကိုလည်း သိထားရမယ်။

ဆက်လက်ပြီး ကမ္ဘာ့သမိုင်းနဲ့ပတ်သက်ပြီး သိကောင်းစရာတွေကို တင်ပြသွားပါ့မယ်။ ကမ္ဘာ့သမိုင်းသင်ခန်းစာမှာ အခန်း ၄ ခန်း ပါဝင်တယ်။ ဒုတိယကမ္ဘာစစ်ပြီးနောက် ပြောင်းလဲလာသော ကမ္ဘာ့အနေအထား၊ ကမ္ဘာ့စီးပွားရေး၊ ပြောင်းလဲလာသော နည်းပညာများနဲ့ စီးပွားရေးပုံသဏ္ဌာန်များကြောင့် ဖြစ်ပေါ်လာသော ကမ္ဘာ့ပြဿနာများ၊ တရုတ်နိုင်ငံနှင့် စင်ကာပူနိုင်ငံတို့ရဲ့ ဖွံ့ဖြိုးတိုးတက်မှုအတွက် ရင်ဆိုင်ရတဲ့ စိန်ခေါ်မှုများကို လေ့လာရမှာဖြစ်တယ်။ ပထမဦးစွာ ဒုတိယကမ္ဘာစစ်ပြီးကာလ ပြောင်းလဲလာသော ကမ္ဘာ့အနေအထားသင်ခန်းစာကို တင်ပြသွားပါ့မယ်။ ကမ္ဘာ့အနေအထားသင်ခန်းစာမှာ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့နဲ့ ဒေသဆိုင်ရာအဖွဲ့အစည်းများဆိုပြီး ပါရှိတယ်။ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့အကြောင်းကို လေ့လာတဲ့အခါမှာ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးဖွဲ့စည်းပုံနဲ့ လုပ်ငန်းတာဝန်များ၊ လုပ်ငန်းဆိုင်ရာအမျိုးအစားအလိုက် အေဂျင်စီများ၊ ကုလသမဂ္ဂရဲ့အဓိကလုပ်ငန်းကြီး ၅ ရပ်နဲ့ ယင်းတို့ရဲ့ဆောင်ရွက်ချက်များကို ကဏ္ဍအလိုက် လေ့လာသင့်တယ်။ ဒေသဆိုင်ရာအဖွဲ့အစည်းများအကြောင်းကို လေ့လာတဲ့အခါမှာ နေတိုး၊ အီးယူ၊ အာဆီယံ၊ အေပက်၊ ဘင်းမ်စတက်နဲ့ ဂျီအမ်အက်စ် စတဲ့ ဒေသဆိုင်ရာအဖွဲ့အစည်းများပေါ်ပေါက်လာပုံနဲ့ အဲဒီအဖွဲ့အစည်းများရဲ့ ဆောင်ရွက်ချက်တွေကိုသိဖို့ သေသေချာချာ ပိုင်းခြားလေ့လာထားသင့်တယ်။

ကမ္ဘာ့နိုင်ငံရေးနှင့် ကမ္ဘာ့စီးပွားရေးဟာ အပြန်အလှန်ဆက်စပ်အကျိုးပြုနေတယ်။ ဒုတိယကမ္ဘာစစ်ပြီးနောက် နိုင်ငံတကာအဖွဲ့အစည်းများနဲ့အတူ ကမ္ဘာ့စီးပွားရေးအဖွဲ့အစည်းများလည်း ပေါ်ပေါက်လာတယ်။ ဒုတိယကမ္ဘာစစ်အပြီးပေါ်ပေါက်လာတဲ့ ကမ္ဘာ့စီးပွားရေးအဖွဲ့အစည်းများထဲက ကမ္ဘာ့ဘဏ်၊ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့၊ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၊ ကုလသမဂ္ဂကုန်သွယ်ရေးနှင့် ဖွံ့ဖြိုးမှုညီလာခံ(အန်းတက်)၊ အာရှဖွံ့ဖြိုးရေးဘဏ်၊ ဘရစ်စ်နဲ့ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့တွေဟာ အရေးပါတဲ့အတွက် ကဏ္ဍအလိုက် ပိုင်းခြားလေ့လာသင့်တယ်။

ဒုတိယကမ္ဘာစစ်ပြီးနောက် တိုးတက်လာသောနည်းပညာများ၊ နည်းပညာကို အခြေပြု၍ ပြောင်းလဲလာသော ရင်းနှီးမြှုပ်နှံမှုပုံစံများ၊ ကုန်ထုတ်လုပ်မှုနဲ့ ဝန်ဆောင်မှုလုပ်ငန်းများ တိုးတက်ပြောင်းလဲလာပုံ၊ နိုင်ငံတကာကုန်သွယ်ရေးရဲ့အရေးပါပုံ စတဲ့အကြောင်းတွေကိုလည်း သိထားရမယ်။ တိုးတက်လာသောနည်းပညာဟာ လူသားတို့အပေါ် ဘယ်လိုအကျိုးသက်ရောက်မှုတွေရှိတယ်ဆိုတာကို သိနားလည်ရမယ်။ ကမ္ဘာ့ရာသီဥတုဟာ ၁၉ ရာစုနှောင်းပိုင်း စက်မှုတော်လှန်ရေးပေါ်ပေါက်လာပြီးနောက် သိသာစွာပြောင်းလဲမှုများ ဖြစ်ပေါ်လာတယ်။

ကမ္ဘာ့ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုသည် သဘာဝအလျောက်သော်လည်းကောင်း၊ လူသားတို့ ပြုမူဆောင်ရွက်ချက်ကြောင့်သော်လည်းကောင်း ဖြစ်ပေါ်တယ်။ ကမ္ဘာ့ရာသီဥတုဖောက်ပြန် ပြောင်းလဲမှုဟာ သဘာဝပတ်ဝန်းကျင် ယိုယွင်းပျက်စီးမှုများနှင့်ရင်ဆိုင်လာရပြီး ကမ္ဘာ့လူသားများ၏ ကျန်းမာရေးအပေါ် စိန်ခေါ်မှုများဖြစ်စေတယ်။ ဒါကြောင့် ရာသီဥတုဖောက်ပြန်မှု ထိန်းချုပ်ရေးဆောင်ရွက်ချက်များ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆောင်ရွက်ချက်များ၊ ရာသီဥတုဆိုင်ရာ ပြဿနာများကြောင့် လူသားတို့၏ ကျန်းမာရေးဆိုင်ရာစိန်ခေါ်မှုများကို သိရှိထားဖို့လိုတယ်။

ကမ္ဘာ့သမိုင်းကိုလေ့လာရာမှာ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာသော ကမ္ဘာ့နိုင်ငံများအနက် တရုတ်နိုင်ငံနဲ့စင်ကာပူနိုင်ငံတို့ရဲ့ ဖွံ့ဖြိုးတိုးတက်မှုအတွက် ရင်ဆိုင်ရတဲ့စိန်ခေါ်မှုတွေဟာ အရေးပါတဲ့အတွက် တစ်နိုင်ငံချင်း လေ့လာသင့်တယ်။

တရုတ်နိုင်ငံအကြောင်းကိုလေ့လာတဲ့အခါ တရုတ်နိုင်ငံထူထောင်ခြင်း၊ ခေတ်အဆက်ဆက် နိုင်ငံခေါင်းဆောင်များက ချမှတ်ဆောင်ရွက်ခဲ့သော မူဝါဒများနဲ့ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ချက်များ၊ တိန့်ရှောင်ဖိန်၏ ပြုပြင်ပြောင်းလဲမှုများ၊ ပြည်တွင်း ပြည်ပစိန်ခေါ်မှုများကို လေ့လာသိရှိဖို့လိုအပ်တယ်။ ပြည်တွင်းပြည်ပစိန်ခေါ်မှုများကို လေ့လာတဲ့အခါ တရုတ်နိုင်ငံ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့သို့ ဝင်ရောက်ခြင်း၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေး၊ လူဦးရေဆိုင်ရာစိန်ခေါ်မှုများအပြင် တရုတ်နိုင်ငံက အကောင်အထည်ဖော်ဆောင်ရွက်နေတဲ့ ရပ်ဝန်းနှင့်လမ်းအစီအစဉ်-ဘီအာအိုင်ကိုလည်းသိဖို့ လိုအပ်တယ်။ အရေးပါတဲ့အတွက် ကဏ္ဍအလိုက် ပိုင်းခြားလေ့လာသင့်တယ်။

စင်ကာပူနိုင်ငံအကြောင်းကို လေ့လာတဲ့အခါ စင်ကာပူနိုင်ငံထူထောင်ခြင်း၊ စင်ကာပူနိုင်ငံရဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက်မှုများကိုဖော်ဆောင်ရာတွင် အဓိကဦးဆောင်ခဲ့သော ပီအေပီပါတီနဲ့ နိုင်ငံခေါင်းဆောင်များရဲ့ အခန်းကဏ္ဍ၊ နည်းပညာဖွံ့ဖြိုးတိုးတက်လာခြင်းဟာ စင်ကာပူနိုင်ငံရဲ့ စီးပွားရေးနဲ့လူမှုရေးတို့အပေါ် စိန်ခေါ်မှုများဖြစ်ပေါ်စေကြောင်းကိုလည်း သိထားဖို့လိုအပ်တယ်။

၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် သမိုင်းဘာသာဖြေဆိုမည့် ကျောင်းသား ကျောင်းသူများကို မှာလိုတာကတော့ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် ပြဋ္ဌာန်းထားသော ကျောင်းသုံးသမိုင်းဖတ်စာအုပ်ကို စနစ်တကျ ပြည့်ပြည့်စုံစုံလေ့လာထားရန် အရေးကြီးပါတယ်။ သမိုင်းဘာသာကို လေ့လာရာတွင် သင်ခန်းစာတစ်ခုတည်းကိုသာ ရွေးချယ်မလေ့လာဘဲ သင်ခန်းစာအားလုံးကို လေ့လာသိရှိထားဖို့ လိုပါတယ်။ သမိုင်းကို နားလည်သဘောပေါက်ဖို့အတွက် သင်ခန်းစာတိုင်းရဲ့ အဓိကအချက်များ၊ သမိုင်းစဉ်အချိတ်အဆက်များကို သေချာဖော်ထုတ်၍ လေ့လာသိရှိထားခြင်းက အထူးအရေးကြီးပါတယ်။ စာမေးပွဲဖြေဆိုချိန်မှာလည်း မေးခွန်းအကြောင်းအရာနှင့် သက်ဆိုင်သော အချက်အလက်များကိုသာ တိကျသေချာစွာဖြေဆိုရန်လိုအပ်ပါတယ်။ ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုမည့် ကျောင်းသားကျောင်းသူများအားလုံး ကောင်းမွန်အောင်မြင်စွာ ဖြေဆိုနိုင်ကြပါစေလို့ ဆုမွန်ကောင်းတောင်းလိုက်ပါတယ်။

## ရန်ကုန်မြို့နှင့်မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၀-၂-၂၀၂၆

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၃၃၅ | ၂၄၅၀ | ၂၄၁၅ | ၂၃၅၀ | ၂၄၅၅ | ၂၄၇၀ | ၂၄၉၀ | ၂၄၀၅ | ၄၅၀၅ | ၂၇၀၀ | ၂၄၂၅ | ၂၅၆၅ | ၂၄၉၅ | ၂၄၆၀ | ၂၄၈၅ | ၂၇၄၀ |
| 95 Ron | ၂၄၀၀ | ၂၅၁၀ | ၂၄၈၀ | ၂၄၁၀ | ၂၅၂၀ | ၂၅၃၅ | ၂၅၅၀ | ၂၄၇၀ | ၄၅၆၀ | ၂၇၆၀ | ၂၄၈၅ | ၂၆၂၅ | ၂၅၅၅ | ၂၅၂၀ | ၂၅၄၅ | ၂၈၀၀ |
| HSD (500 ppm) | ၂၄၆၀ | ၂၅၇၅ | ၂၅၄၀ | ၂၄၇၅ | ၂၅၈၀ | ၂၅၉၅ | ၂၆၁၀ | ၂၅၃၀ | - | ၂၈၂၅ | ၂၅၅၀ | ၂၉၈၀ | ၂၆၂၀ | ၂၅၈၅ | ၂၆၀၅ | ၂၈၆၅ |
| HSD (50 ppm) | ၂၇၄၀ | ၂၈၅၅ | ၂၈၂၀ | ၂၇၅၅ | ၂၈၆၀ | ၂၈၇၅ | ၂၈၉၅ | ၂၈၁၅ | ၄၈၃၀ | ၃၁၀၅ | ၂၈၃၀ | ၂၉၉၀ | ၂၉၀၀ | ၂၈၆၅ | ၂၈၉၀ | ၃၀၄၅ |
| HSD (10 ppm) | ၂၇၄၀ | ၂၈၅၅ | ၂၈၂၀ | ၂၇၅၅ | ၂၈၆၀ | ၂၈၇၅ | ၂၈၉၅ | ၂၈၁၅ | - | ၃၁၀၅ | ၂၈၃၀ | ၂၉၉၀ | ၂၉၀၀ | ၂၈၆၅ | ၂၈၉၀ | ၃၀၄၅ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၁၈၅ | ၂၂၆၂ |
| 95 Ron | ၂၂၄၅ | ၂၃၂၃ |
| HSD (500 ppm) | ၂၃၀၅ | ၂၃၈၁ |
| HSD (50 ppm) | ၂၅၇၈ | ၂၆၆၀ |
| HSD (10 ppm) | ၂၅၇၈ | ၂၆၆၀ |

၀၆၇-၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇-၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# တရားမဝင်သစ်မျိုးစုံ၊ စက်သုံးဆီများ၊ စားသောက်ကုန်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ယာဉ်များ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များနှင့် တရားမဝင်ကုန်ပစ္စည်းတင်မော်တော်ယာဉ်များ ဖမ်းဆီးရမိ

နေပြည်တော် ဖေဖော်ဝါရီ ၉

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေးဆောင်ရွက်လျက်ရှိရာ နေပြည်တော် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **ဖေဖော်ဝါရီလ ၂ ရက်**တွင် ဥတ္တရသီရိမြို့နယ်နှင့် လယ်ဝေးမြို့နယ်တို့အတွင်း၌ တရားမဝင်ကျွန်းသစ် (သုည ဒသမ ၈၄၄) တန်၊ အခြားသစ်(၂ ဒသမ ၄၅၀)တန်၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၃၆၃၆၀)**ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **ဇန်နဝါရီလ ၁၈ ရက်နှင့် ၁၉ ရက်**တို့တွင် ဘားအံမြို့နယ် သံလွင်တံတားပူးပေါင်းစစ်ဆေးရေးဂိတ်၌ မော်တော်ယာဉ်(၂)စီးပေါ်မှတရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လျှပ်စစ်ပစ္စည်း (၉)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၇၈၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Toyota Succeed (၁)စီး၊ Toyota Probox (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၀၀၀၀၀၀)၊ **စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ်၁၀၇၈၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **ဖေဖော်ဝါရီလ ၂ ရက်နှင့် ၃ ရက်**တို့တွင် မုံရွာမြို့နယ် မအူပူးပေါင်းစစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ မော်တော်ယာဉ် (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၀၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ စစ်ကိုင်းမြို့နယ်၊ ရတနာပုံတံတားပူးပေါင်းစစ်ဆေးရေးဂိတ်၌ မော်တော်ယာဉ်(၁)စီးပေါ်မှ တရားမဝင် ပလွမ်ကျောက် ကီလိုဂရမ် (၇၈၀) (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၈၀၀၀၀)ကို မြန်မာ့ကျောက်မျက်ရတနာဥပဒေအရလည်းကောင်း၊ စစ်ကိုင်းမြို့နယ် ရတနာပုံတံတား ပူးပေါင်းစစ်ဆေးရေးဂိတ်၌ပင် မော်တော်ယာဉ်(၂)စီးပေါ်မှ တရားမဝင် စက်သုံးဆီ ဒီဇယ်ဆီ ဂါလန် (၄၅၀) (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၀၀၀၀၀)ကို ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေအရလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၂၈၀၀၀၀)**ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **ဖေဖော်ဝါရီလ ၃ ရက်**တွင် ရေတာရှည်မြို့နယ်အတွင်း၌ တရားမဝင်ကျွန်းသစ် (၁ ဒသမ ၅၉၂)တန် **(ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **ဖေဖော်ဝါရီလ ၂ ရက်**တွင်ရေနံချောင်းမြို့နယ် သစ်တပွေရပ်ကွက်၌ လိုင်စင်မဲ့မော်တော်ဆိုင်ကယ် (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ သရက်မြို့နယ်၊ မြောက်ပိုင်းရပ်ကွက်၌ တရားမဝင်လောင်းကစားပြုလုပ်ရာတွင် အသုံးပြုသည့် ငွေစက္ကူရောရာ (တန်ဖိုးငွေကျပ် ၁၉၂၀၀)ကို လောင်းကစားဥပဒေအရလည်းကောင်း၊ အောင်လံမြို့နယ်အတွင်း၌ တရားမဝင် ပေါင်(၃၀)ဝင် မီးသွေးအိတ်(၂၀) (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀)ကို သစ်တောဥပဒေအရလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၉၂၀၀)**ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **ဇန်နဝါရီလ ၂၈ ရက်နှင့် ၂၉ ရက်**တို့တွင် ရမည်းသင်းမြို့နယ်၊ ပြင်ဦးလွင်မြို့နယ်၊ ချမ်းမြသာစည်မြို့နယ်နှင့် တံတားဦးမြို့နယ်တို့အတွင်း၌ လိုင်စင်မဲ့မော်တော်ယာဉ်(၃)စီးနှင့် လိုင်စင်မဲ့မော်တော်ဆိုင်ကယ် (၃)စီး **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၆၄၅၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ မွန်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **ဇန်နဝါရီလ ၂၉ ရက်**တွင် ကျိုက်ထိုမြို့နယ် လက်ပြကျေးရွာအနီး၌ မော်တော်ယာဉ်(၂)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း(၇)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၆၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Ngwe Kyair Sin Truck (၁)စီး၊ Win Myanmar Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀၀)၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၆၆၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။




အကောက်ခွန်ဦးစီးဌာနမှ ဖမ်းဆီးရမိမှု။

ထို့ပြင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **ဖေဖော်ဝါရီလ ၃ ရက်**တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ခရီးသည်(၂)ဦး၏ ဝန်စည်များအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လျှပ်စစ်ပစ္စည်း(၄)မျိုး **စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ်၄၂၉၅၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အမှုတွဲဖွင့်လှစ်ထားရှိသည်။

**၂၀၂၆ ခုနှစ် ဇန်နဝါရီလ ၁၈ ရက်၊ ၁၉ ရက်၊ ၂၈ ရက်၊ ၂၉ ရက်၊ ဖေဖော်ဝါရီလ ၂ ရက်နှင့် ၃ ရက်**တို့တွင် ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ (၂၂)မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၈၃၅၅၆၀)** ကို ဖမ်းဆီးရမိခဲ့သည်။

အလားတူ စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **ဖေဖော်ဝါရီလ ၄ ရက်**တွင် စစ်ကိုင်းမြို့နယ်၊ ရတနာပုံတံတားပူးပေါင်းစစ်ဆေးရေးဂိတ်၌ မော်တော်ယာဉ် (၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း(၃)မျိုး **(ခန့်မှန်းတန်ဖိုးငွေကျပ် ၆၆၅၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် မွန်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **ဇန်နဝါရီလ ၂၈ ရက်နှင့် ၃၀ ရက်**တို့တွင် မော်လမြိုင်မြို့နယ်၊ သံလွင်မြစ်ကြောင်း၊ ထားဝယ်ကျွန်းအနီး၌ရေယာဉ်(၁)စင်းပေါ်မှတရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း(၈)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၇၂၆၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် လိုင်စင်ရှိရေယာဉ် (၁)စင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၀၀၀၀၀၀)ကိုလည်းကောင်း၊ ကျိုက်မရောမြို့နယ်၊ လက်ပံကျေးရွာ၌ မော်တော်ယာဉ် (၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း (၂)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၉၅၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Toyota Hilux Revo (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၅၀၀၀၀၀၀)ကိုလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၀၂၉၁၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင်ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **ဇန်နဝါရီလ ၂၇ ရက်နှင့် ၃၀ ရက်**တို့တွင် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ အောင်မြင့်မိုရ်အိမ်ရာအနီး၌ မော်တော်ယာဉ်(၁)စီးပေါ်မှ တရားမဝင်ကျွန်းသစ် (သုည ဒသမ ၅၉၃)တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၁၁၈၄၀)နှင့် အဆိုပါသစ်များတင်ဆောင်လာသည့် Nissan AD Van (၁)စီး(ခန့်မှန်းတန်ဖိုးငွေကျပ် ၂၆၀၀၀၀၀၀)ကို သစ်တောဥပဒေအရလည်းကောင်း၊ ကွမ်းခြံကုန်းမြို့နယ်၊ ကြည့်မြင်တိုင်မြို့နယ်နှင့် လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်တို့အတွင်း၌ လိုင်စင်မဲ့မော်တော်ယာဉ်(၂)စီးနှင့် လိုင်စင်မဲ့မော်တော်ဆိုင်ကယ်(၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၅၀၀၀၀၀)ကို ပို့ကုန်သွင်းကုန် ဥပဒေအရလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၂၁၁၈၄၀)** ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **ဖေဖော်ဝါရီလ ၄ ရက်**တွင် အေးရှားဝေါလ်ဆိပ်ကမ်း၌ ကုန်သေတ္တာ(၁)လုံး အတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၂၉၇၅၀၀)ကိုလည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ခရီးသည်(၁)ဦး၏ဝန်စည်အတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လျှပ်စစ်ပစ္စည်း(၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၀၀၀၀၀၀)ကိုလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၁၂၉၇၅၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့် အညီ အမှုတွဲဖွင့်လှစ်ထားရှိသည်။

**၂၀၂၆ခုနှစ် ဇန်နဝါရီလ ၂၇ ရက်၊ ၂၈ ရက်၊ ၃၀ ရက်နှင့် ဖေဖော်ဝါရီလ ၄ ရက်တို့တွင်** ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ(၉)မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၆၀၆၉၃၄၀)** ကို ဖမ်းဆီးရမိခဲ့သည်။ နိုင်ငံတော်၏ စီးပွားရေးဦးတည်ချက်များနှင့်အညီ ကုန်သွယ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် တရားမဝင်ကုန်သွယ်မှုများသည် အဓိကအဟန့်အတားဖြစ်ပေါ်စေပြီး လူမှုစီးပွားရေးကဏ္ဍအပေါ် များစွာဆိုးကျိုးသက်ရောက်ခြင်းများကြောင့် ၎င်းတရားမဝင်တင်သွင်းမှုများအားသက်ဆိုင်ရာတာဝန်ရှိသူများမှ ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

မြဝတီ

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

| မြို့ | အနိမ့်ဆုံး | / အမြင့်ဆုံးအပူချိန် |
|---|---|---|
| နေပြည်တော် | ၁၇°C | / ၃၄°C |
| ရန်ကုန် | ၂၀°C | / ၃၄°C |
| မန္တလေး | ၁၈°C | / ၃၄°C |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

◆ **ပြည်ထောင်စုအဆင့် MSME မှ**






လူငယ်များနှင့် ဒေသခံပြည်သူအများအပြား လာရောက်ကြည့်ရှုလေ့လာကြသည်။

“မြန်မာနိုင်ငံတစ်ဝန်းမှာရှိတဲ့ ဒေသအလိုက် ထုတ်ကုန်တွေ၊ တိုင်းရင်းသားရိုးရာအစားအစာတွေကို တိုင်းဒေသကြီးနဲ့ပြည်နယ်အထိသွားစရာမလိုဘဲ တစ်နေရာတည်းမှာကြည့်ရှုလေ့လာပြီး ဝယ်ယူလို့ရတယ်။ ဒါကြောင့်အရင်နှစ်တွေကတည်းကလာဖြစ်တယ်။ အဓိကကတော့ ပစ္စည်းအရည်အသွေးကောင်းတယ်၊ ဈေးနှုန်းလည်းအများကြီးသက်သာတယ်။ ဆေးဝါးတွေလည်း ပြသရောင်းချတဲ့အတွက် အခုအိမ်သုံးဆေးဝါးတွေ ဝယ်ယူဖြစ်ခဲ့ပါတယ်။ ဒါကြောင့် တိုင်းဒေသကြီးနဲ့ပြည်နယ်တွေရဲ့ထုတ်ကုန်ပစ္စည်းတွေကို တစ်နေရာတည်းမှာ လေ့လာကြည့်ရှုခွင့်ရတဲ့အတွက် မရောက်သေးတဲ့သူတွေ လာရောက်လေ့လာကြည့်ရှုကြဖို့ အကြံပြုပါတယ်” ဟု ပျဉ်းမနားမြို့မှ မစန္ဒာက ပြောပြသည်။



ပြပွဲတွင် ဝန်ကြီးဌာနပြခန်းများ၊ နေပြည်တော်အပါအဝင် တိုင်းဒေသကြီး/ပြည်နယ် MSME ပြခန်းများ၊ တိုင်းရင်းသားရိုးရာအစားအစာရောင်းချသည့် ဆိုင်ခန်းများ၊ လုပ်ငန်း/စီးပွားချိတ်ဆက်မှုများ (Business Matching)၊ နည်းပညာပြခန်းများ၊ လယ်ယာသုံးစက်ပစ္စည်းနှင့် ထုတ်ကုန်ပြခန်းများ၊ အသေးစားစက်မှုလက်မှုလုပ်ငန်းနှင့်ကုန်ထုတ်သမဝါယမပြခန်းများ၊ အသင်းအဖွဲ့ပြခန်းများ၊ Solar Farm များ၊ SKD ဦးစားပေး EV ကား/ မော်တော်ဆိုင်ကယ်/ သုံးဘီးဆိုင်ကယ်ပြခန်းများ၊ CMP အထည်ချုပ်ပြခန်းများပါဝင်ပြသလျက်ရှိရာ လာရောက်လေ့လာကြည့်ရှုသူများဖြင့် အထူးစည်ကားလျက်ရှိသည်။

“ပြပွဲကို လာရောက်ကြည့်ရှုသူများတယ်။ ပြပွဲလာပြည်သူများတဲ့အတွက် ပါဝင်ပြသကြတဲ့ လုပ်ငန်းရှင်တွေလည်း ပိုပြီးအားတက်ရပါတယ်။ ကျွန်တော်တို့ပြည်နယ်ပြခန်းမှာ ပြည်တွင်းကုန်ကြမ်းသုံးထုတ်ကုန် ၁၄၅ မျိုး၊ စိုက်ပျိုးမွေးမြူရေး အခြေခံထုတ်ကုန် ၃၆ မျိုး၊ OROP ထုတ်ကုန် ၃၀ အပြင် ပူတာအိုခရိုင်ဒေသထွက် ဂရိတ်ဖရု၊ မြစ်ကြီးနားခရိုင်ဒေသထွက် ကချင်ရိုးရာအထည်၊ တစ်သျှူးငှက်ပျော၊ ဗန်းမော်ခရိုင်ဒေသထွက်အစေ့ထုတ်ပြောင်း၊ မြေထောက်ပဲ၊ မိုးညှင်းခရိုင်ဒေသထွက် ပဲပုပ်၊ ခေါက်ဆွဲ၊ တနိုင်းခရိုင်ဒေသထွက် ဆီမုန်ညင်းနဲ့ ချီဖွေခရိုင်ဒေသထွက် သစ်ကြားသီး စတာတွေကိုခင်းကျင်းပြသထားတဲ့အပြင် ဒေသထွက်ကျောက်စိမ်းလက်ဝတ်ရတနာတွေ၊ ပယင်းရှူဆေး၊ ဖျန်းဆေးနဲ့ လိမ်းဆေးဆီတွေကို ခင်းကျင်းပြသရောင်းချပေးလျက်ရှိပါတယ်။ ပြည်တွင်းကုန်ကြမ်းများကို ၁၀၀ ရာခိုင်နှုန်းအသုံးပြုထားတဲ့ ပြည်နယ်ရဲ့ စားသောက်ကုန်လုပ်ငန်းတွေ၊ ကချင်ရိုးရာရက်ကန်းထည်တွေလည်းပါပါတယ်” ဟု ကချင်ပြည့်နယ်စီးပွားရေးရာဝန်ကြီး ဦးမျိုးဆွေက ပြောကြားသည်။

ထို့ပြင် အသေးစားစက်မှုလက်မှုထုတ်ကုန်ပြခန်းများ၊ ကုန်ထုတ်သမဝါယမအသင်းများထုတ်ကုန်ပြခန်း၊ မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်းပြခန်း၊ မြန်မာနိုင်ငံ စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်းပြခန်း၊ မြန်မာနိုင်ငံ သစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများ အသင်းပြခန်း၊ SUPREME WATER DOCTOR ပြခန်း၊ မြန်မာစီးပွားရေးလုပ်ငန်းရှင်အမျိုးသမီးများကွန်ရက်ပြခန်း၊ မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းပြခန်း၊ မြန်မာနိုင်ငံ ဆီစက်ပိုင်ရှင်များအသင်းပြခန်းများတွင် သက်ဆိုင်ရာပြခန်းအလိုက် စားသောက်ကုန်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ အဝတ်အထည်များကို ဈေးနှုန်းသက်သာစွာခင်းကျင်းပြသရောင်းချပေးလျက်ရှိသည့်အတွက်လာရောက်လေ့လာဝယ်ယူသူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရသည်။





